# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး
# (၂၂)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၆ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၈.၆၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ) တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့ အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကျန်းမာရေးစစ်ဆေး၊ ဦးဇော်ဝင်း၊ မွန်(၁၀)၊ မိသားစုကျန်းမာရေး၊ ဦးဖေသောင်း၊ ကချင်(၆)၊ မိသားစုကျန်းမာရေး၊ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးသက်လင်း၊ ဧရာဝတီ(၈) ဒေသဖွံ့ဖြိုးရေး၊ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးတင်မြ၊ စစ်ကိုင်း(၇) နေမကောင်း၊ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃) ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃) မိသားစုကျန်းမာရေး၊ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀) ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀) ဒေသဖွံ့ဖြိုးရေး၊ ဗိုလ်မှူးနိုင်နိုင်ဝင်း၊ တပ်မတော်၊ ကော်မတီအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်။

ယခု ခွင့်ပန်ကြားချက်များနဲ့ပတ်သက်လို့ ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ(၁၅)ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း(၂၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ ချင်းပြည်နယ် သစ်တောကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအတွင်း သတ္တုလုပ်ကွက်များ စမ်းသပ်တိုင်းတာခွင့် လျှောက်ထားမှု အပေါ် ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံးသော ချင်းပြည်နယ်အား ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဦးတည်ချက်ထား၍ ခွင့်ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း တင်သွင်းထားတဲ့ ချင်းပြည်နယ် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း သတ္တုလုပ်ကွက်များ စမ်းသပ်တိုင်းတာခွင့် လျှောက်ထားမှုအပေါ် ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံးသော ချင်းပြည်နယ်အား ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဦးတည်ချက်ထား၍ ခွင့်ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦး အမည်စာရင်း တင်သွင်း ထားပါတယ်။

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၀၉။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)က ဦးမြင့်ထွန်း ဖြစ်ပါတယ်။ ကျွန်တော်တို့လည်း အစိုးရအဆက်ဆက်က ဝန်ထမ်း ဘဝနဲ့ တာဝန်တွေ အမျိုးမျိုးပေးခံရပြီးတော့ မရောက်ဖူးတဲ့နေရာတွေလည်း မရှိလောက်အောင် နေရာတွေ ပို့လွှတ်ခံရပါတယ်။ ဒါကြောင့်မို့လို့လည်း တစ်တိုင်းတစ်ပြည်လုံးအနှံ့ တာဝန်တွေ ကျွန်တော်တို့ ထမ်းဆောင်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးနဲ့လည်း ပြည်ပနိုင်ငံ တချို့ကို ကျွန်တော်တို့ ရောက်တော့ရောက်ခဲ့ပြီးပါပြီ။ ဒါ အမိနိုင်ငံတော်ရဲ့ကျေးဇူး၊ အမိနိုင်ငံ တော်ရဲ့ ဂုဏ်သိက္ခာ ဒါ ကျွန်တော်တို့ ဆပ်လို့လည်း မကုန်ပါဘူး။

ဒါပေမဲ့ တခြားနိုင်ငံရောက်ရင်တော့ ကိုယ့်နိုင်ငံဖွံ့ဖြိုးမှု နောက်ကျနေတာကိုတော့ တော်တော်လေး စိတ်မကောင်း ဖြစ်ရပါတယ်။ အဲဒီတော့ ဒီတိုးတက်မှု နှေးကွေးနေတဲ့ ကျွန်တော်တို့ နိုင်ငံထဲမှာ ပြန်ကြည့်လိုက်မယ်ဆိုရင် ချင်းပြည်နယ်၊ သူလည်း နာဂဒေသ ဒါ အဆင်းရဲဆုံးဒေသတွေပဲဆိုတာ တွေ့ရပါတယ်။ ဘယ်ပြည်နယ် ဘယ်တိုင်းနဲ့မှ မတူရလောက် အောင် ဆင်းရဲပါတယ်။ နှစ်ပေါင်းတော်တော်ကြာကြာက တောင်စောင်းတွေမှာ ဖောက်ထားတဲ့ ကားလမ်းကျဉ်းကျဉ်းလေးတွေကလည်း တစ်တောင်ဆင်း၊ တစ်တောင်တက် ချည်းပါပဲ။ အစိုးရ အဆက်ဆက်က လုပ်တော့ လုပ်ကြတာပါပဲ။ ဒါပေမဲ့ ဒုံရင်းဒုံရင်းပါပဲ ဆိုတာတွေ့ရပါတယ်။ ချင်းဒေသမှာ အကောင်းဆုံးဆိုတဲ့ ဟားခါး၊ တီးတိန်၊ ဖလမ်း၊ တွန်းဇံ၊ မင်းတပ်၊ ကန်ပက်လက်၊ မတူပီ ဒီပင်မကားလမ်းမတွေမှာ တချို့ကတ္တရာတွေတော့ ရှိပါတယ်။ သို့သော်လည်းပဲ လမ်းကြမ်း တွေပဲလို့ပဲ ပြောရမှာဖြစ်ပါတယ်။ နိုင်ငံတော် ထိပ်ပိုင်းအကြီးအကဲတွေကတော့ အမြဲလိုလို ရဟတ်ယာဉ်နဲ့ သွားနေကြတဲ့အခါကျတော့ ခံစားချက်များ နည်းနေမလားလို့ ဒီလိုလည်း တွေးမိ ပါတယ်။

သို့ပေမယ့်လည်းပဲ တိုင်းမှူးတွေ၊ ဝန်ကြီးတွေကိုတော့ ကားလမ်းက သွားခိုင်းပြီးတော့ မြို့တွေ၊ ရွာတွေ ကြည့်ခိုင်းတာတွေ၊ စစ်ခိုင်းတာတွေ၊ အုပ်ချုပ်မှုကိစ္စတွေ ဆောင်ရွက်နေတာကို လည်း ကျွန်တော်တို့ တွေ့ရပါတယ်။ သူတို့လည်း တထိတ်ထိတ် တလန့်လန့်နဲ့များ သွားနေရတဲ့ သဘော ရှိပါတယ်။ ဒါကြောင့်မို့လို့ ပြီးခဲ့တဲ့ လေးငါးခြောက်နှစ်လောက်ကတော့ ကံဆိုးချင်တော့ ကျွန်တော်တို့ တွေ့တဲ့အတိုင်းပဲ တိုင်းမှူး၊ က.စ.ထ မှူး အပါအဝင် ကား လမ်းဘေးရောက်သွား တာနဲ့ လမ်းချော်ပြီးတော့ ချောက်ထဲပြုတ်ကျတာတွေ ရှိပါတယ်။ ဒဏ်ရာကြီးကြီးကျယ်ကျယ် မရ ကြလို့ အသက်အန္တရာယ် ကင်းလွတ်သွားတာ ဖြစ်ပါတယ်။ ပြုတ်ကျတဲ့နေရာကလည်း နည်းနည်း ပြေတဲ့အတွက်ကြောင့် ဒါတောင် တော်တော်လေးကားလမ်းပေါ်ကို ပြန်ပြီးတော့ တွယ်တက်ရ တယ်လို့ သိရပါတယ်။ တချို့ချောက်ကြီးတွေဆိုရင် နှစ်ရက်သုံးရက် လောက်ကြာမှ လမ်းပေါ်ကို ပြန်တက်နိုင်လောက်အောင် နက်တယ်လို့လည်း ဒါ ကျွန်တော်တို့ တွေ့ရပါတယ်။ ပြန်တက်ရ ဖို့ထက် အသက်ဆုံးရှုံးမှု များပါတယ်။ တောင်ခြေကို မမြင်ရလောက် အောင်နက်တဲ့ မိုးထိတောင် ကြီးတွေ ဖြစ်ပါတယ်။ အများအားဖြင့် ဒီကားပြတင်းပေါက်ကနေ ကျွန်တော်တို့ ငုံ့ကြည့်လိုက်ရင် ကားလမ်းကို၊ အောက်ခြေထိကို၊ ကားလမ်းကို မမြင်ရဘဲနဲ့ ဒီ မျက်စိတစ်ဆုံး ချောက်ကမ်းပါးတွေ ကိုပဲ ဒါ ရင်တမမ၊ အသည်းတယားယား မြင်ရတာလည်း ရှိပါတယ်။ ရောက်ဖူးတဲ့သူတွေတော့ သိကြမှာဖြစ်ပါတယ်။

တစ်ခါတစ်လေ တိမ်တိုက်တွေက ကျွန်တော်တို့ အောက်မှာဆိုတော့ နတ်ပြည်ပဲ ရောက်နေသလိုလို ဒီလိုလည်း ခံစားရတာတွေ ရှိပါတယ်။ ကားတွေလည်း မကြာမကြာ ချောက်ထဲ ကျတော့ အသက်ဆုံးရှုံးရတာတွေလည်း ရှိတတ်ပါတယ်။ ဒါကြောင့်မို့လို့ နှစ်စဉ်ပြုပြင် ထိန်းသိမ်းမှုနဲ့ ဖောက်ထားတဲ့ ချင်းပြည်နယ်ရဲ့ အကောင်းဆုံးဆိုတဲ့လမ်းဟာ အခု ဆွေးနွေးတဲ့အတိုင်း ချင်းပြည်နယ်ရဲ့ဒေသ မြေအခြေအနေကို ကျွန်တော် ဖော်ပြခြင်းဖြစ်ပါတယ်။ ဒီ ဟားခါးမြို့တော်ရဲ့ အနေအထားကိုကလည်းပဲ ချင်းရဲ့ တံဆိပ်ဖြစ်တဲ့ အောက်ချင်းငှက် ကျောပေါ်မှာ တည်ထားသလိုပါ။ ဒါ ဘေးမှာလည်း ဟိုဖက်ဒီဖက်က ချောက်တွေပဲဖြစ်ပါတယ်။ နောက် အောက်ချင်းငှက်ရဲ့ ခေါင်းပေါ့နော်။ အောက်ချင်းငှက်ရဲ့ ခေါင်းပေါ်ရှိတဲ့ အမောက်ဆိုလို့ရှိရင် အဲဒီနေရာမှာ ဘယ်သူနေလဲမေးကြည့်တော့ ကျွန်တော်တို့ တပ်မတော်က စခန်းတွေ ရှိတယ်ဆိုပြီး မော့ကြည့်ရတဲ့ အနေအထားတွေလည်း ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ နယ်မြေရဲ့အခြေအနေကို မရောက်ဖူးတဲ့ ကိုယ်စားလှယ်တွေ သဘောပေါက်သွားအောင်လည်း ကျွန်တော် ဂေါက်ကွင်းအခြေအနေလေး နည်းနည်းတင်ပြပါရစေ။ ပထမ ဂေါက်သီးသမားတစ်ယောက်က ဂေါက်ရိုက်လိုက်မယ်ဆိုရင် ရှေ့ကပြေးတဲ့ ရှေ့ပြေးကယ်ရီလို့ခေါ်တဲ့ Forecaddie ကောင်လေးရဲ့ ငယ်ထိပ်ကိုပဲ ကျွန်တော်တို့ မြင်ရတဲ့ သဘောရှိပြီးတော့ တော်တော်လေး သေးသေးလေးတွေ့ရပါတယ်။ နောက်တစ်ချက် ပြန်ရိုက်မယ်ဆိုလို့ရှိရင် ဒီ ဂေါက်သီးဟာ တောင်ပေါ်ရိုက်ရတဲ့အတွက် ဒီ Forecaddie ဟာ ကျွန်တော်တို့ရဲ့ ခေါင်းပေါ်မှာ ဒါ မြင်ရတဲ့ အနေအထားရှိပါတယ်။

နောက် ကြောရှိလို့ Fairway နေရာကနေ ကျွန်တော်တို့ ဂေါက်ကွင်းစည်းဘေး အပြင်ထွက်မယ့် Grassline ဆိုလို့ရှိရင်လည်း ကမ္ဘာပေါ်မှာ ဘယ်ဂေါက်ကွင်းမဆို ဒါ ထွက်တဲ့နေရာက ရိုက်လိုက်ရုံပါပဲ။ အဲဒီတော့ ဟားခါးဂေါက်ကွင်းကတော့ အောက်ကို ဆင်းပြီးတော့မှ ဒါ အဆင်းမတတ်ရင် အသက်အန္တရာယ်လည်း ရှိပါတယ်။ တချို့ဆိုလို့ရှိရင် ဒါ ထမင်းထုပ်နဲ့သွားပြီး၊ ဆင်းပြီးတော့ ဂေါက်သီးရိုက်ရမယ်လို့လည်း ဒီလိုလည်း ရယ်စရာ ပြောတာလေးတွေလည်း ရှိပါတယ်။ နောက်ဆုံး မောပန်းပြီးတော့ ကျွန်တော်တို့ ဂေါက်သီး ရိုက်ပြီးလို့ ဂေါက်ကလပ်ကို ပြန်တက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ပုပ္ပါးတောင်တက်ရသလိုပဲ။ ဂေါက်တံကို ထောက်ပြီးတော့မှ တက်ရတဲ့ အနေအထားလေးတွေ၊ ဒါကလည်း ကျွန်တော်တို့ မရောက်ဖူးတဲ့သူတွေ သိအောင်ပါခင်ဗျား။

အချိန်ကိုင်ပြီးတော့မှ ကျွန်တော် တောင်ပြိုတာတွေ၊ ကားလမ်းတွေပိတ်တာကိုတော့ မပြောတော့ပါဘူး။ ကျေးရွာချင်းဆက်လမ်းတွေဆိုလို့ရှိရင်လည်း တောတိုးသွားရတာနဲ့ ခြုံတွေ၊ နွယ်တွေ တွယ်တက်ရတဲ့ လေးဘက်ထောက်နီးနီး သွားရတဲ့လမ်းတွေလည်း ရှိပါတယ်။ ရာသီ မရွေးသွားနိုင်တဲ့ ရွာချင်းဆက်လမ်းကလည်း မရှိသလောက် ဆင်းရဲပါတယ်။ ကလေးတွေ ဘောလုံးကန်ရင် တီးတိန်မှာဆို ကမ်းပါးရံဘက်ကို ကပ်ပြီးတော့ လုကန်ရပါတယ်။ ဘောလုံးက မတော်တဆ တောင်အောက်ကျသွားရင် ပွဲကပျက်ပြီးတော့မှ ဘောလုံးသွားကောက်တဲ့ ကလေးက မှောင်မှပြန်ရောက်လို့ နောက်တစ်ရက်မှ ပြန်ကန်ရတာတွေလည်း ရှိပါတယ်။ လူနေအိမ်တွေက တောင်စောင်းတွေမှာဆိုတော့ ဟိုတစ်လုံး၊ ဒီတစ်လုံးနဲ့ အိမ်နီးချင်းတွေဆိုရင် တချို့ဆို ခေါင်းမော့ပြီး ပြောရတယ်၊ တချို့ အိမ်နီးချင်းဆို ခေါင်းငုံ့ပြီးပြောရတာတွေ ရှိပါတယ်။ ကားလမ်းပေါ်မှာ မေးတင်ပြီးတော့မှ မှေးပြီးဆောက်ထားရတဲ့ ခြေတံရှည်အိမ်တွေလည်း များပါတယ်။ မြေပြန့် မရှိလို့ တောင်ယာလည်း နည်းနည်းပဲလုပ်နိုင်ပါတယ်။ လယ်လည်း ကျွန်တော်တို့ မစိုက်နိုင် ပါဘူး။ တိရစ္ဆာန်အစားအစာ ရှားလို့ မွေးမြူရေးလည်း မလုပ်နိုင်ပါဘူး။ တောင်စောင်းတွေမှာ တောထဲလွှတ်ကျောင်းရတဲ့ နွားနောက်တွေပဲ တွေ့ရပါတယ်။

ဒါတောင် တစ်ခါတစ်လေ ပြန်ပေါ်မလာလို့ အခိုးခံရတာလား၊ သေတာလား ဘာမှန်း မသိတာတွေလည်းရှိပါတယ်။ ဒါတောင်မှ နွားနောက်မွေးမြူရေးဆိုတာ ဥက္ကဋ္ဌကြီး တပ်မတော် ဗိုလ်ချုပ်ဘဝနဲ့ မြဝတီတီဗွီမှာ ပြပေးလို့ လူကြီးတွေသိပြီးတော့ အရင်းအနှီးလေးတွေ ထုတ်ပေး တော့ တစ်နိုင်တစ်ပိုင် မွေးခဲ့ရတဲ့ သာမန်မွေးမြူရေးလုပ်ငန်းလေးနဲ့ ဒါ အလုပ်ဖြစ်ပြီးတော့မှ အဆင်ပြေသွားတဲ့ သဘောလေးတွေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ရာသီဥတုဒဏ်နဲ့ ပတ်သက်လို့လည်း ဆောင်တွင်းမှာ ရေခဲပါတယ်။ နွေမှာလည်း နေ့ခင်းကြီး ကျွန်တော်တို့ မီးလှုံ ရပါတယ်။ နောက် လူသားအရင်းအမြစ်နဲ့ ကြည့်မယ်ဆိုရင်တော့ ကျောင်းဆရာကောင်းကောင်း မရှိတဲ့ကျောင်းတွေမှာ ဖြစ်သလို စာသင်ကြရတယ်။ နောက် ဘုန်းကြီးကျောင်းတွေ၊ ဘာသာရေး ကျောင်းတွေ မှီခိုအားကိုးကြရပါတယ်။ (၁၀)တန်းအောင်ဖို့ မလွယ်သလို၊ ဘွဲ့ရဖို့လည်း မလွယ် ပါဘူး။ အဲဒီတော့ တခြားနေရာကလည်း ဒီလိုပဲဖြစ်မယ်လို့ ထင်ပါတယ်။ တစ်ခြားမြို့တွေနဲ့ ပြည်ပနိုင်ငံတွေကိုပဲ စွန့်စွန့်စားစားသွားပြီးတော့ ဝမ်းစာရေးအတွက် အလုပ်ရှာကြတာလည်း တွေ့ရ ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးကတည်းက ခက်ခက်ခဲခဲ၊ ကြမ်းကြမ်းတမ်းတမ်း နေခဲ့ရတဲ့ ဘဝကို အမြဲတမ်း ဖြတ်သန်းရင်ဆိုင်ရတယ်လို့လား မပြောတတ်ပါဘူး။ သာမန်အား ဖြင့်တော့ အလုပ်ကို ကြိုးစားတတ်တဲ့ အကျင့်တွေတော့ ရလာကြပါတယ်။ သာမန်လူတွေထက် ထူးချွန်တတ်ကြပါတယ်။ ဝန်ထမ်းတွေဆို တိတိကျကျ ရိုရိုသေသေ လုပ်ကြပြီးတော့ ငွေကိုလည်း ချွေတာပြီးတော့မှ စနစ်တကျနဲ့ စီစီစစ်စစ် သုံးစွဲတတ်ကြတဲ့ အလေ့အကျင့်တွေလည်း ရှိပါတယ်။ တပ်မတော်ထဲမှာလည်း ရာထူးတွေရကြပြီးတော့ အမြင့်ဆုံး သူရသတ္တိဘွဲ့တွေလည်း ရထားတာတွေ ရှိပါတယ်။ တခြား တိုင်းရင်းသားတွေလိုပဲ ပါရဂူတွေ၊ ပညာတတ်တွေ၊ ထူးထူးချွန်ချွန်ပုဂ္ဂိုလ်တွေ ထွက်လာပါတယ်။ ထူးချွန်တဲ့ ရုပ်ရှင်သရုပ်ဆောင်တွေ၊ ထက်မြတ်တဲ့ တေးသံရှင်တွေလည်း ပေါ်လာတာတွေ ရှိပါတယ်။ ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီထဲမှာကိုက ချင်းအမျိုးသား တစ်ယောက် ဆိုရင်လည်းပဲ ဥပဒေပညာရှင် ပါ။ ဒါ ဗမာစကား၊ အင်္ဂလိပ်စကားကို ဒီဥပဒေ ဝေါဟာရတွေဆိုရင် ကျွန်တော်တို့ ဗမာတွေထက်တောင်မှ ပီပီပြင်ပြင်နဲ့ ကြွယ်ကြွယ်ဝဝ၊ ဥပမာ ဥပမေရတွေနဲ့ ပြောနိုင်တာကို တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ တန်းဖိုးရှိတဲ့ လူသားအရင်းအမြစ်တွေ၊ ပြည်တွင်းပြည်ပ တခြားနေရာ တွေမှာ သွားပြီးလုပ်ကိုင်ပေးနေကြတာထက် ကိုယ့်ချင်းတောင်မှာ အကျိုးရှိအောင် ကျွန်တော်တို့ အစိုးရအနေနဲ့ ပံ့ပိုးကူညီပေးရမယ်လို့ ဒီလိုပဲ ကျွန်တော်တို့ မြင်ပါတယ်။ ဒါ အခြေခံဥပဒေမှာ လည်း ပါပြီးသားပဲ ဖြစ်ပါတယ်။ ဘယ်လိုကူညီရမလဲ၊ ဒါ ကျွန်တော်တို့ စဉ်းစားလိုက်တဲ့အခါမှာ မနှစ်ကလို ကျွန်တော်တို့ ဘတ်ဂျက် ရေတိုသဘောမျိုးနဲ့ ထောက်ပံ့ပေးရုံနဲ့တော့ မရပါဘူး။ ရေရှည်ကို စဉ်းစားကြရမှာ ဖြစ်ပါတယ်။ သယံဇာတနဲ့ ပေါင်းစပ်ရမယ့် အဖြေတစ်ခုတော့ သွားတွေ့ပါတယ်။ ဆင်းရဲတဲ့ ချင်းပြည်အတွက် သဘာဝသယံဇာတတွေ ပေးထားပြီးလည်း ဖြစ်ပါတယ်။

ဘာတွေလဲဆိုတော့ မြွေတောင်၊ ဝေဘူလတောင်၊ ဟားခါးလေး၊ နတ်တောင်၊ တီးတိန်၊ ကန်ပက်လက်၊ တွန်းဇံ၊ မတူပီ၊ ဖလမ်း၊ ပလက်ဝ၊ မင်းတပ်တို့မှာ နီကယ်၊ ခရိုမိုက်၊ ကြေးနီ၊ ကျောက်မီးသွေး၊ ခရိုမီယမ်၊ ရေနံ စတဲ့ အဖိုးတန်ပစ္စည်းတွေ မြေအောက်မှာ ရှိပါတယ်။ မြွေတောင်တစ်ခုတည်းမှာပဲ နီကယ်တန်ချိန် သန်းပေါင်း(၁၀၀)လောက်နဲ့ ခရိုမိုက်သတ္တု တန်ချိန် သန်းပေါင်း(၈၀၀၀)လောက် ရှိတဲ့အကြောင်းကို အစိုးရအဆက်ဆက်က သုတေသနပြုထား ပါတယ်။ ဒါတွေကို ဒေသခံကုမ္ပဏီတွေကို လုပ်ခွင့်ပေးသင့်ပါတယ်လို့လည်း တင်ပြလိုပါတယ်။ အဆိုရှင် တင်ပြတောင်းခံသလို ကျွန်တော်တို့ စမ်းသပ်တိုင်းတာခွင့်လေးတောင် မရဘူးဆိုလို့

ရှိရင်တော့ ဒါ တစ်မျိုးပြန်စဉ်းစားပေးပါ။ လုပ်ထုံးလုပ်နည်းနဲ့အညီ လုပ်ကိုင်ဖို့၊ ထိန်းဖို့၊ ထိန်းပေးမယ်ဆိုလို့ရှိရင်တော့ ဖြစ်နိုင်မယ်လို့ ဒီလို ယူဆပါတယ်။

အခု အခြေအနေက သစ်တောကို ကြောင်းပြုပြီးတော့မှ သစ်တောမရှိတဲ့နေရာ၊ တောနိမ့်၊ တောပျက် နေရာတွေမှာပါ လုပ်ခွင့်မပေးဘူးလို့ သိရပါတယ်။ ဒေသကို သံယောဇဉ်မရှိတဲ့ လုပ်ငန်းရှင်တချို့ကျတော့ လုပ်ခွင့်ရတယ်ဆိုပြီးတော့ ဒါ ကျွန်တော်တို့ သိရပါတယ်။ ဒါ နိုင်ငံရေးအရ စည်းလုံးညီညွတ်မှုကို ထိခိုက်နိုင်စေတဲ့အပြင် အခြေခံဥပဒေ ပုဒ်မ ၂၂၊ ၃၁ တို့နဲ့ ငြိစွန်းနေပြီးတော့ ချမ်းသာ၊ ဆင်းရဲမှုကိုလည်း ပိုပြီးတော့ ကွာဟနိုင်တယ်လို့ ဒီလိုပဲ ကျွန်တော်တို့ ပြောလိုပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ဖြေလျှော့သင့်တာကို တတ်နိုင်သမျှ ဖြေလျှော့ပေးရမှာ ဖြစ်ပါတယ်။ ကန့်သတ်ထားတာတွေကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုအရ လျှော့ပေါ့ပေးနိုင်သလောက် လျှော့ပေါ့ပေးရမှာ ဖြစ်ပါတယ်။ အခုတော့ စမ်းသပ်ရှာဖွေဖို့တောင် ခွင့်ပြုမပေးဘူးဆိုတော့ ရေရှည်မှာ ချင်းတောင်ဒေသဟာ လက်ရှိအခြေအနေထက် သာလွန်နိုင်တဲ့ လူနေမှုအဆင့်အတန်း ရောက်ဖို့ဆိုတာ တော်တော်လေးခက်ခဲသွားမှာလည်း ဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် နိဂုံးချုပ်ပါမယ်။ နှစ်ပေါင်းများစွာကတည်းက အဆင်းရဲဆုံး ဖြစ်နေကြတဲ့ ကျွန်တော်တို့ ချင်းအမျိုးသား တိုင်းရင်းသားတွေကို ကျွန်တော်တို့ ဒီအချိန်မှာ ပြန်ကြည့်ဖို့တော့ လိုမယ်ထင်ပါတယ်။ ပြီးခဲ့တဲ့ ချင်းပြည်နယ်နေ့က သစ်တောရေးရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပြည်ထောင်စုဝန်ကြီးဟာ ဟားခါး သွားပြီးတော့မှ ပြည်နယ်အခမ်းအနား တက်ပါတယ်။ ပြည်ပကုမ္ပဏီတွေနဲ့ ဒီခရိုမီယမ်နဲ့ တခြားသယံဇာတပစ္စည်းတွေထုတ်ဖို့ ရှင်းလင်းညှိနှိုင်းပေးတယ်လို့ သိရပါတယ်။ ဒါ ချင်းပြည်နယ်အတွက် တိုးတက်စေမယ့် အလားအလာပါ။ သိပ်ကောင်းပါတယ်။ ဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီနေရာက မှတ်တမ်းတင်ပါတယ်။ ဒါ ကျွန်တော်တို့ ပြည်ပလုပ်ငန်းရှင်တွေကို အခုလို FDI Law အရ နောင်လုပ်ပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ပြည်တွင်းလုပ်ငန်းရှင်တွေကိုလည်း လုပ်ခွင့်ပေးရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒေသခံ ချင်းကုမ္ပဏီတွေကိုလည်း လုပ်ခွင့်ပေးရမှာ ဖြစ်ပါတယ်။ အစိုးရက လုပ်သင့်တယ်ဆိုလို့ရှိရင်လည်း လုပ်ဖို့လိုပါကြောင်း ပြောကြားလိုပါတယ်။ နောက် ကားလမ်းတွေနဲ့ လျှပ်စစ်ပုံ့ပိုးလိုက်မယ်ဆိုရင် ချင်းတောင်ဟာ (၅)နှစ်၊ (၁၀)နှစ်အတွင်းမှာ တိုးတက်ဖွံ့ဖြိုးလာမှာသေချာကြောင်း အဆိုရှင် ဦးဇုန်လှယ်ထန်း ရဲ့ အဆိုဖြစ်တဲ့ စမ်းသပ်တိုင်းတာခွင့် လျှောက်ထားမှုအပေါ် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် စိစစ်ခွင့်ပြုပေးနိုင်ပါရန် ထောက်ခံရင်း နိဂုံးချုပ်လိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းဖေမြင့် ကတော့ ချင်းဝိသေသတိုင်း သမိုင်းအစ ဆိုပြီးတော့ ရေးခဲ့တာပေါ့၊ ဦးမြင့်ထွန်း ကတော့ သမိုင်းအလယ်ပေါ့၊ အနာဂတ်သမိုင်းမှာတော့ ချမ်းသာမယ်။ လူကြီးတွေ Helicopter နဲ့ချည်းပဲ သွားတယ်ဆိုပေမယ့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း နဲ့ ကျွန်တော်နဲ့ မင်းတပ်၊ မတူပီ ညကြီး ကားနဲ့ သွားဖူးပါတယ်။ ည ဆိုတော့ ဘာမှလဲ မကြောက်ပါဘူး။ ညနေပိုင်း မောင်း ည(၄)နာရီလောက် ထွက်သွားတော့ မနက်လင်းမှ ရောက်တယ်။ ဂန့်ဂေါ-ဟားခါးလမ်း လည်း ကားနဲ့သွားဖူးပါတယ်။ ကလေး-တန်းခင်း-ဖလမ်း-တီးတိန်ကိုလည်း ကားနဲ့သွားဖူးပါ တယ်။ ခုနက ဂေါက်ကွင်းလည်း ရောက်ဖူးပါတယ်။ ခုနက ဂေါက်ကွင်းမှာ ရိုက်လိုက်လို့ရှိရင် ဗမာလိုတော့ မကိုင်နဲ့ မကိုင်နဲ့ လှမ်းအော်တယ်။ ချင်းလိုတော့ ကော့တုံး ညာလား မသိဘူး။ Green ပေါ် ပစ်တင်လိုက်ဆိုတဲ့ အဓိပ္ပာယ်ရောက်တယ်။ ချင်းလို လှမ်းပြီးအော်တဲ့ သဘောတွေ လည်း ကိုမြင့်ထွန်း တို့ လက်ချက်တွေဆိုတာ အခုမှ သိတော့တယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၂။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု အဆင့် ပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ပါတယ်။ ကျွန်တော် ဒီနေ့ ဦးဇုန်းလှယ်ထန်း ရဲ့ အဆိုကို ထောက်ခံဖြည့်စွက် ဆွေးနွေးသွားမှာပဲ ဖြစ်ပါတယ်။ ဦးဇုန်လှယ်ထန်း ရဲ့ အဆိုမှာ ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံးဖြစ်တဲ့ ချင်းပြည်နယ်ကို ဦးတည်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ နိုင်ငံအဝှမ်း သတ္တုပေါကြွယ်တဲ့ နေရာတွေမှာ စနစ်တကျ အစီအမံများနဲ့ ခွင့်ပြုပေးနိုင်ပါရန် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

သတ္တုဆိုတာ များသောအားဖြင့် တောထဲတောင်ထဲမှာရှိတဲ့အတွက် သတ္တုတူးဖော် ရင်တော့ တောတောင်ရဲ့ မူလအခြေအနေကတော့ ပျက်ယွင်းမှာပါပဲ။ ပျက်ယွင်းတယ်ဆိုတာ ပြန်လည်ပြုပြင်လို့ရတယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။ လုံးဝပျက်စီးသွားတာ မဟုတ်ပါဘူး။ သတ္တု

တူးဖော်မှုထဲမှာ ရွှေကတော့ ပတ်ဝန်းကျင်ပျက်စီးမှု အများဆုံး ဖြစ်နိုင်ပါတယ်။ ကျန်တဲ့သတ္တုတွေဟာ ကောင်းမွန်တဲ့ မိုင်းဒီဇိုင်းနဲ့ သေသေချာချာ တူးဖော်ရင် အနည်းငယ်လောက်သာ ပျက်ယွင်းနိုင်ပါတယ်။ သတ္တုတူးတယ်ဆိုတာ သတ္တုကြောတစ်လျှောက်ကိုသာ လိုက်တူးတာဖြစ်လို့ သစ်တောကြီးတစ်ခုလုံး ပျက်စီးသွားတာ မဟုတ်ပါဘူး။ နောက် ကျွန်တော်တစ်ခု ပြောချင်တာက ကျွန်တော်တို့နိုင်ငံဟာ သူများနိုင်ငံနဲ့ ပုခုံးချင်းယှဉ်ဖို့ဆိုရင် စိုက်ပျိုးရေး လုပ်နေရုံနဲ့ မရပါဘူး။ ကျွန်တော်တို့တစ်သက်လုံး လယ်စိုက်လာတာ ဆင်းရဲတဲ့ဘဝက မတက်နိုင်ပါဘူး။

နောက်တစ်ခါ ကျွန်တော်တို့ သစ်တောတွေကို ပြုစုပြီး ရောင်းစားနေရုံနဲ့လည်း မရပါဘူး။ ဘာကြောင့်လဲဆိုရင် ကျွန်တော်ရဲ့ အတွေ့အကြုံနဲ့ပြောရင် ကျွန်တော်တို့ ကလေးဝမြို့နယ်၊ မော်လိုက်မြို့နယ်နဲ့ မင်းကင်းမြို့နယ်ထဲမှာပါတဲ့ မဟာမြိုင်တောကြီးဟာ ဧရိယာအားဖြင့် စတုရန်းမိုင်(၂၀၀)လောက် ကျယ်ဝန်းပါတယ်။ အဖိုးတန်သစ်တွေ အများအပြား အလျှံပယ်ရှိတဲ့နေရာဖြစ်ပါတယ်။ အဲဒီတောထဲက ကျွန်း၊ ပျဉ်ကတိုး၊ သစ်ရာ၊ အင်းကြင်း စတဲ့ သစ်အကောင်းစားတွေ ထုတ်ယူရောင်းစားလာတာဟာ ရာစုနှစ်တစ်ဝက်ကျော်လောက် ရှိနေပါပြီ။ အဲဒီလောက် ရောင်းစားနေသော်လည်းပဲ အဖိုးတန်သစ်တွေဟာ တဖြည်းဖြည်း ရှားပါးသွားပြီး နိုင်ငံအနေနဲ့ရော၊ မဟာမြိုင်တောထဲက ရွာသားတွေရဲ့ ဘဝတွေလည်း ဒုံရင်း ဒုံရင်းနဲ့ ဒီလိုပဲနေခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံဟာ သူများနိုင်ငံနဲ့ ပုခုံးချင်းယှဉ်ချင်ရင်တော့ ကျွန်တော်တို့ဟာ စက်မှုနိုင်ငံကို ထူထောင်ဖို့လိုပါတယ်။ စက်မှုနိုင်ငံ ထူထောင်ဖို့ဆိုရင်တော့ သတ္တုကဏ္ဍဟာ အရေးကြီးတဲ့အခန်းကဏ္ဍ ဖြစ်လာပါတယ်။

အထူးသဖြင့် ကျွန်တော်တို့နိုင်ငံဟာ အလျှံပယ်ပေါကြွယ်ဝလှတဲ့ ကျောက်မီးသွေးဟာ စက်မှုလုပ်ငန်းရဲ့ အဓိကအခန်းကဏ္ဍက ပါဝင်လာတာဖြစ်တဲ့အတွက် ကျွန်တော်တို့ ကျောက်မီးသွေးဟာ ကျွန်တော်တို့နိုင်ငံရဲ့ အဓိကထားရမယ့် သတ္တုထွက်ကုန် ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ တခြားနိုင်ငံနဲ့ နှိုင်းယှဉ်ပြောမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ ကျောက်မီးသွေး ထုတ်လုပ်မှုဟာ တစ်နှစ်မှာမှ တန်ချိန်(၁)သန်းပြည့်အောင် မထုတ်နိုင်သေးပါဘူး။ ကျွန်တော်တို့ အိမ်နီးချင်းဖြစ်တဲ့ တရုတ်နိုင်ငံဟာဆိုရင် တစ်နှစ် တစ်နှစ်ထုတ်တဲ့ တန်ချိန်ဟာ (4)Billion ရှိပါတယ်။ တန်ချိန် သန်း(၄၀၀၀)လောက် ထုတ်ပါတယ်။ ကျွန်တော်တို့က (၁)သန်း မပြည့်ပါဘူး။ နောက် ကျွန်တော်တို့ရဲ့ အိမ်နီးချင်းဖြစ်တဲ့ အိန္ဒိယနိုင်ငံဟာဆိုရင် သန်း (1)Billion နီးပါး ထုတ်ပါတယ်။ ဒါနဲ့ တိုင်းဆမှာ

ဆိုရင် ကျွန်တော်တို့ရဲ့ ကျောက်မီးသွေး ထုတ်လုပ်မှုဟာ အင်မတန်နည်းပါးနေတယ်ဆိုတာ ဆိုလို ခြင်း ဖြစ်ပါတယ်။ ကျောက်မီးသွေးကတော့ အမှန်ဆိုရင် ကျွန်တော်တို့ ဒါက သန်းပေါင်းများစွာ ထုတ်လုပ်နိုင်တဲ့ ကျောက်မီးသွေး ကြောကြီးတွေ ရှိနေပါတယ်။

အဲဒီတော့ ကျွန်တော် စောစောကပြောခဲ့သလိုပဲ တောထဲ တောင်ထဲမှာ ရှိတဲ့အတွက် တောတောင်လို့ ပြောလိုက်တဲ့အတွက် သဘာဝအရင်းအမြစ်တို့၊ သဘာဝပတ်ဝန်းကျင်တို့၊ ဂေဟ စနစ်တို့ ဆိုတာတွေနဲ့ ရင်ဆိုင်တွေ့ရတော့တာပါ။ အဲဒီတော့ နိုင်ငံတကာမှာလည်း Green Peace, RTC တို့ ဆိုတာတွေနဲ့ INGO တွေဟာ ကျွန်တော်တို့ သစ်တောသစ်ပင်တွေ ကာကွယ်ဖို့၊ သဘာဝ ပတ်ဝန်းကျင်ကာကွယ်ဖို့ ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေ ဖြစ်ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ကျွန်တော် အသေးစိတ်တော့ မပြောတော့ပါဘူး။ အဲဒီတော့ ကျွန်တော်တို့ဟာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုတဲ့ အသံဟာ ကျယ်ကျယ်လောင်လောင် ဒါဟာ နိုင်ငံတကာမှာရော၊ ကျွန်တော်တို့ ပြည်တွင်းမှာရော ဖြစ်ပေါ်နေတယ်။ နိုင်ငံတကာမှာရော ပြည်တွင်းမှာရော ဖြစ်ပေါ်နေတာ ဖြစ်ပါ တယ်။

နိုင်ငံတကာအနေနဲ့လည်း ဖန်လုံအိမ်ဓာတ်ငွေ့ လျှော့ချရေးအတွက် သစ်တော၊ သစ်ပင် မလျော့ပါးရေး၊ ပြည့်ဖြိုးမြဲစွမ်းအင်အသုံးချရေး ဆိုတာတွေကို ဖောင်းပေးပြီးဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့လည်း ကျွန်တော်တို့ရဲ့ သစ်တောတွေကို ကာကွယ်ကြရမှာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကိုယ့်ဝမ်းနာ ကိုယ်သာသိ ဆိုသလို သစ်ခုတ်ရောင်းချရတဲ့ အလုပ်ကလည်း အချိန်အတိုင်းအတာ တစ်ခုထိတော့ ရှိနေဦးမှာပါပဲ။ သစ်တောတွေကို ပြန်လည်ပြုစုပျိုးထောင်မှုကလည်း အမြဲတမ်း လိုအပ်နေမှာ ဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့ဟာ သစ်တောသစ်ပင်တွေ ပြန်လည်ပြုစု ပျိုးထောင်ဖို့ဟာ ငွေတော်တော် လိုပါတယ်။ တိုင်းပြည်ရဲ့ဓနအင်အား တောင့်တင်းဖို့ လိုပါတယ်။ ပြန်ပြောရရင်တော့ စိုက်ပျိုးရေးနိုင်ငံကို ထားခဲ့ပြီး စက်မှုနိုင်ငံဖြစ်လာမှ ဓနအင်အားတောင့်တင်းပြီး သစ်တောကြီးတွေကို စနစ်တကျ ထုနဲ့ ထည်နဲ့ ပြုစုပျိုးထောင်နိုင်မှာပါ။

ဒီနေ့ ကျွန်တော်တို့ရဲ့ သစ်တောစိုက်ခင်းဆိုတာ လမ်းဘေးမှာ ခပ်ပါးပါးစိုက်ထားရ တာပါ။ စိုက်တာ နည်းနည်း ခုတ်တာများများလို့လည်း ပြောကြပါတယ်။ အဲဒီတော့ ထုနဲ့ထည်နဲ့ ပြုစုပျိုးထောင်နိုင်မှသာလျှင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။ နောက် တစ်ခါ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဖို့ဆိုတာ နောက်ထပ် ကျွန်တော် တစ်ခု ဆွေးနွေးလိုတာ ကတော့ ကျွန်တော်တို့ဟာ နောက်ထပ်လုပ်ရမှာ တစ်ခုက ကျေးရွာထင်းစိုက်ခင်းတွေ၊ သစ်တောတွေ

သဘာဝပတ်ဝန်းကျင်တွေ ပျက်စီးတောဟာ ကျေးရွာတွေရဲ့ ထင်းတို့ မီးသွေးတို့ကြောင့် ပျက်စီးတာဟာ အတော်များများ ရာနှုန်းတွေအနေနဲ့ တော်တော်များမယ် ထင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ အထောက်အထားတော့ Data တော့ မရှိပါဘူး။ သို့သော်လည်းပဲ ကျွန်တော့်အထင်တော့ ထင်းနဲ့မီးသွေးအတွက် ခုတ်ရတဲ့ ခုတ်တာကြောင့်မို့လို့ ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင် ပိုပြီးတော့ ပျက်စီးတယ်လို့ မြင်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ဟာ ရွာတွေလမ်းမှာ စိုက်လို့ပျိုးလို့မရတဲ့ မြေတွေ ရှိပါတယ်။ ဒီမြေတွေမှာ ကျေးရွာထင်းစိုက်ခင်းတွေ ကျွန်တော်တို့ စိုက်ဖို့လိုပါတယ်။ ကျေးရွာ ထင်းစိုက်ခင်း လုံလုံလောက်လောက်ရှိရင် စနစ်တကျ အလှည့်ကျစနစ်နဲ့ ခုတ်လှဲအသုံးချရင် ကျွန်တော် စီးပွားရေးအတွက်ရော၊ ပတ်ဝန်းကျင်ကိုပါ ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရွာတွေမှာ အဓိက ကျွန်တော်တို့ ဒီနေ့ကြည့်မယ်ဆိုရင် ထင်းအတွက် အချိန်များစွာ ပေးရပါတယ်။ ထင်းခုတ်သွားတယ်ဆိုရင် တစ်နေကုန် တောထဲတောင်ထဲမှာ သွားခုတ်မှ (၂)ရက်စာ (၃)ရက်စာ တစ်နိုင်တစ်ပိုးကို မနည်းရှာဖွေသယ်ယူရတာ ဖြစ်ပါတယ်။

အဲဒီတော့ ထင်းစိုက်ခင်းတွေ ဆောင်ရွက်မယ်ဆိုရင်၊ စနစ်တကျနဲ့ ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ဟာ အချိန်တွေ မကုန်ဆုံးတော့ပါဘူး။ အဲဒီ ထင်းခွေတဲ့ အချိန်အစား အခြားလုပ်ငန်းတွေကို ဆောင်ရွက်မှာဖြစ်တဲ့အတွက် ကျွန်တာ်တို့ ပတ်ဝန်းကျင်တောများ ပြုန်းတီးတာ သက်သာမယ်။ ကျွန်တော်တို့ ဒီကျေးရွာတွေရဲ့ ဆင်းရဲနွမ်းပါးမှုကိုလည်း လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ဒါ ကျွန်တော့်ဘက်က စဉ်းစားတဲ့အပိုင်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ ဦးဇုန်လှယ်ထန်း ရဲ့ အဆို နဲ့ ပတ်သက်ပြီး ဒါ နိဂုံးအနေနဲ့ ကျွန်တော် ပြောလိုပါတယ်။ ဘာလဲဆိုရင် သတ္တုလုပ်ကွက်တွေအတွက် သစ်တောရေးရာဝန်ကြီးဌာနရဲ့ မူဝါဒတွေကို လျှော့ချပြီး ခွင့်ပြုပေးသင့်ပါတယ်။

ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဦးဇုန်လှယ်ထန်း ရဲ့ အဆိုမှာပါတဲ့ ချင်းပြည်နယ်တစ်ခုတည်းကို မဟုတ်ဘဲ အခြားဒေသတွေကလည်း ချင်းပြည်နယ်လိုပဲ ဆင်းရဲတဲ့ဒေသတွေ အများကြီး ရှိပါတယ်။ ဒါကြောင့်မို့လို့ ချင်းပြည်နယ်လိုပဲ အခြားဒေသတွေမှာလည်း ဒီလိုပဲ သတ္တုလုပ်ကွက်တွေကို ကျွန်တော်တို့ ဒါမူဝါဒတွေ လျှော့ပေါ့ပြီး ကျွန်တော်တို့ခွင့်ပြုပေးသင့်ပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်နဲ့ အခြားဒေသတွေမှာ ကျွန်တော်တို့ သတ္တုနဲ့ပတ်သက်ပြီး ကြွယ်ဝတဲ့နေရာတွေ အများကြီးရှိပါတယ်။ ဒီဒေသတွေကို ကျွန်တော်တို့က ချန်လှပ်မထားခဲ့ဘဲနဲ့ ချင်းပြည်နယ်လိုပဲ

ဒီဒေသတွေ ခွင့်ပြုပေးသင့်ပါတယ်။ ဒါကြောင့်မို့လို့ ဦးဇုန်လှယ်ထန်း ရဲ့ အဆိုထဲက ချင်းပြည်နယ်တွင်သာမက အခြားပြည်နယ်တိုင်းများမှာလည်း ခွင့်ပြုပေးနိုင်ရန် တင်ပြ ဆွေးနွေးရင်း နိဂုံးချုပ် အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ ဦးသိန်းလှိုင် က သစ်တောကိစ္စ ပြောတော့ လွှတ်တော်ကိုယ်စားလှယ်များ ချင်းပြည်နယ် မရောက်ဘူးလို့ရှိရင် မျက်စိထဲမြင်အောင်၊ ကားလမ်းဘေးမှာ မေးတင်ပြီးတော့ ဆောက်ထားတဲ့ ချင်းအိမ်လေးရဲ့တိုင်ဟာ လက်မောင်းလောက်ရှိတဲ့ သစ်ချောင်းတွေ ဖြစ်ပါတယ်။ သစ်လုံးတွေ ချောက်ဘက်ကို တိုင်စိုက်ရတယ်။ အရှည်ကြီးစိုက်တဲ့အခါမှာ အဲဒါကို ဆက်ထားရ သေးတယ်။ ကြည့်ရင် တော်တော်တော့ စိတ်မကောင်းစရာ၊ ကျွန်တော်တော့ မနေရဲတဲ့အနေအထား၊ ကားလမ်းဘက်မှာ ကမ်းပါးရံရှိတော့ ချောက်ဘက်မှာ မေးတင်ဆောက်ရတယ်။ တိုင်က လက်မောင်းလုံး လောက်ပဲရှိတယ်။ သစ်၊ ဝါး ဘယ်လောက် ပေါတယ်၊ မပေါဘူး ဆိုတာတော့ မျက်စိထဲ မြင်ကြည့်ပေါ့ဗျာ။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကို ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၁။**

**ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှ ဦးမြတ်ကို ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ရဲ့ ချင်းပြည်နယ် သစ်တောကြိုးဝိုင်းအတွင်း၊ သစ်တော ကြိုးပြင် ကာကွယ်တောများအတွင်း သတ္တုလုပ်ကွက်များ စမ်းသပ်တိုင်းတာခွင့် လျှောက်ထားမှု အပေါ် အနိမ့်ကျဆုံးသော ချင်းပြည်နယ်အား ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဦးတည်ချက်ထား၍ ခွင့်ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးသွားမှာ

ဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်တော်တို့ တိုင်းရင်းသားတွေကို ကိုယ်ချင်းစာနာ ပြီးတော့မှ ရှင်းပြပေးသွားတဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ထွန်း ကို ကျွန်တော်တို့ နာဂဒေသအတွက်ပါ ထည့်ပြောသွားတဲ့အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ခေါင်းစဉ်အပေါ်မှာ ကျွန်တော် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးမှုလို့ အနိမ့်ကျဆုံး ချင်းပြည်နယ်လို့ သုံးနှုန်းထားပါတယ်။ အဲဒီလို သုံးနှုန်းတာကိုလည်း တွေ့ရပါတယ်။ ဆင်းရဲတဲ့ဒေသတွေက အများကြီးရှိပါတယ်။ ကျွန်တော်တို့ ဒေသမှာလည်း ရှိပါတယ်။ ဆင်းရဲတာပြိုင်တာ မဟုတ်ပါဘူး။ ကယားတွေ၊ ကရင်တွေ၊ ချင်းတွေ၊ အခြားပြည်နယ်တွေမှာလည်း၊ ရှမ်းဒေသတွေမှာလည်း အများကြီး ရှိပါသေးတယ်။ အဲဒီလို တောင်တန်းတွေမှာပဲ ရှိသလားဆိုတော့ မဟုတ်ပါဘူး။ ပြည်မမှာလည်း ရှိပါသေးတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်ကို ကျွန်တော် ရောက်ဖူးပါတယ်။ ကျွန်တော်တို့ဒေသနဲ့ စာရင်တော့ လမ်းလည်း ကောင်းပါတယ်။ တိုးလည်း တိုးတက်ပါတယ်။ ပညာတတ်တွေလည်း အများကြီးပါ။ နောက်ပြီးတော့မှ ဒီအဆင်းရဲဆုံး ချင်းလို့ ပြောနေရင် အဲဒီဟာက ကျွန်တော်တို့ထက် သာနေတာဆို ကျွန်တော်တို့ရဲ့ဘဝ၊ ကျွန်တော်တို့ရဲ့ဒေသကို ဆင်းရဲမှုတွေကို မျက်စိထဲမှာ ထင်ထင်မြင်မြင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ဆင်းရဲတာတွေကို ကျွန်တော်တို့ ပြိုင်နေတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ဒေသတွေမှာ ခက်ခဲတဲ့ဒေသ၊ ဆင်းရဲတဲ့ဒေသ အများကြီးရှိသေးတယ်ဆိုတဲ့ အကြောင်းကို ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ခေါင်းစဉ်ကို သစ်တောကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများအတွင်း သတ္တုလုပ်ကွက်များအား စမ်းသပ်တိုင်းတာမှု လျှောက်ထားမှုအပေါ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဦးတည်ချက်ထား၍ ခွင့်ပြုပေးနိုင်ပါရန် အဆို ဆိုရင်တော့ ပိုပြီးသင့်တော်ပါတယ်။ အခြားဒေသတွေလည်း အကျုံးဝင်သွားပြီ ဖြစ်ပါတယ်။ အဲဒီလို ပြင်မယ်ဆိုရင်တော့ ဒီအဆိုကို ကျွန်တော် ထောက်ခံမှာဖြစ်ပါတယ်။ ချင်းပြည်နယ် တစ်ခုတည်းဆိုရင်တော့ ကျွန်တော်ကန့်ကွက်မှာဖြစ်ပါတယ်။ ဦးဇုန်လှယ်ထန်း အနေနဲ့လည်း သတ္တုနဲ့ သယံဇာတကော်မတီဝင် ဖြစ်တဲ့အတွက် တွေ့ကြုံရတဲ့၊ ကော်မတီမှာ လုပ်ခဲ့တဲ့အပေါ်မှာ အခက်အခဲတွေကို တွေ့ကြုံပြီးမှ တင်ပြတာလည်း ဖြစ်ပါတယ်။ ကိုယ်ချင်းစာပါတယ်။ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဦးတည်ချက်ထား၍ ခွင့်ပြုပေး

နိုင်ပါရန်လို့ ခေါင်းစဉ်မှာ သုံးနှုန်းထားပါတယ်။ ဒီအဆိုကိုတော့ ကျွန်တော် သဘောကျပါတယ်။ ထောက်ခံပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးနဲ့ ချမ်းသာတာတော့ ကျွန်တော်တို့ ဒေသမှာ စိုက်ပျိုးရေးနဲ့ ချမ်းသာသွားတယ်၊ တိုက်တွေ ဝယ်တယ်၊ ကားတွေ ဝယ်တယ်၊ အဲဒီလို အဆင်ပြေသွားတာ တစ်ယောက်မှ မတွေ့ဖူးပါဘူး။ သတ္တုတူးပြီးတော့မှ အဆင်ပြေသွားတာ ကျောက်စိမ်းတူးပြီးတော့မှ အဆင်ပြေသွားတာတွေ ကျွန်တော့်ရဲ့ မျက်စိရှေ့မှာ ကျွန်တော်တို့ အများကြီး တွေ့ရပါတယ်။ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အများကြီး အထောက်အကူပြု ပါတယ်ခင်ဗျား။ ကျွန်တော်ကိုယ်တိုင်လည်း စိုက်ပျိုးရေးမန်နေဂျာ အဖေရဲ့ သားတစ်ယောက်ပါ။ ကျွန်တော် ကိုယ်တိုင်လည်း စိုက်ပျိုးစားပြီးတော့မှ ကိုယ့်ဘဝကို ရပ်တည်နေတာပါ။ ကျွန်တော် မချမ်းသာပါဘူး။ ကိုယ်တွေ့ပါခင်ဗျာ။ ကျွန်တော်တို့ လက်မှုလယ်ယာကနေ စက်မှုလယ်ယာကို ပြောင်းပြီးတော့မှ ကျွန်တော်တို့ ဒီနေ့ အားသွန်ခွန်စိုက်လုပ်နေတာ ချမ်းသာတဲ့ လူတွေတော့ ကျွန်တော် မတွေ့ရသေးပါဘူးခင်ဗျား။

ဒါကြောင့်မို့လို့ သတ္တုတူးဖော်တဲ့နေရာမှာလည်း စနစ်တကျ တူးမယ်ဆိုရင်တော့ ကျွန်တော်တို့ အားပေးပါတယ်။ တိုးတက်ဖို့ လိုပါတယ်။ တိုးတက်အောင်လည်း ကျွန်တော်တို့ ဥပဒေနဲ့အညီ ဆောင်ရွက်ဖို့ လိုပါတယ်ခင်ဗျား။ ကျွန်တော်တို့ တောင်ပေါ်သားတွေရဲ့ ချမ်းသာဖို့ အိပ်မက်ဟာ သတ္တုနဲ့ပဲ ဖြစ်နိုင်ပါတယ်။ စိုက်ပျိုးရေးနဲ့တော့ မဖြစ်နိုင်ပါဘူး။ နောက် သတ္တုတူး ဖော်တဲ့နေရာမှာလည်း ကျွန်တော်တို့ တောတောင်တွေ ပျက်စီးတယ်။ သဘာဝသယံဇာတတွေ ထုတ်တဲ့အတွက် မြေတွေ ပျက်စီးတယ်ဆိုတာ ကျွန်တော်တို့ဒေသမှာ ရွှေ့ပြောင်းတောင်ယာ ခုတ်သလောက်၊ ထင်းခွေသလောက်၊ ရွာတွေရွာတိုင်း၊ မြို့တွေမြို့တိုင်းမှာ ထင်းတွေ သုံးစွဲနေ သလောက်၊ သစ်တွေ ထုတ်နေသလောက်၊ အဲဒီလောက် မြို့ပြတွေ တည်ဆောက်နေသလောက် တော့ မပျက်စီးနိုင်ဘူးလို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော်တို့ဒေသရဲ့ အတွေ့အကြုံလေး တစ်ခု ကျွန်တော် နည်းနည်းလေး တင်ပြခွင့်ပြုပါခင်ဗျား။ သတ္တုတူးဖော်တဲ့နေရာမှာ သတ္တုဥပဒေ တွေကို ကျွန်တော်တို့ ဖြေလျှော့ဖို့ လိုပါတယ်။ ဆင်းရဲနွမ်းပါးတဲ့လူတွေကို တကယ်ကူညီတယ်ဆို တကယ်ဖြေလျှော့ဖို့ လိုပါတယ်။ ကျွန်တော်တို့ ခန္တီးဒေသမှာတော့ ဒီသတ္တုဥပဒေအရ ဖြေလျှော့တဲ့ အတွက် ဒီရွှေလုပ်ကွက်တွေမှာ စက်ယန္တရားသုံးတာတွေ ရှိတယ်။ အဲဒီသုံးတာတွေအပေါ်မှာ

ကျွန်တော်တို့ တရားစွဲပြီးတော့မှ စီရင်တာတွေ ရှိတယ်။ အဲဒီလို စီရင်တာတွေကလည်း ကျွန်တော်တို့ ခုခေတ်မှာတော့ မရှိသင့်ပါဘူးလို့ မြင်ပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ ပြန်လည်သုံးသပ်ဖို့ လိုပါတယ်။ ဥပမာ စိုက်ပျိုးရေးတောင်မှ စက်မှုလယ်ယာပြောင်း နေတယ်။ သတ္တုတူးတဲ့ နေရာတွေကျတော့ စက်ယန္တရားသုံးစွဲခွင့် မရှိဘူး။ မလုပ်ရဘူး။ ဥပဒေမှာတော့ ရှိတယ်။ ဒါပေမဲ့ နည်းဥပဒေမှာ ကျွန်တော်တို့ ကန့်ကွက်ထားတာတွေ တွေ့ရပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ ပြန်လည်သုံးသပ်ပေးဖို့ လိုမှာဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုတာ သတ္တုတစ်ခုတည်းနဲ့တော့ ကျွန်တော်တို့ ကုစားလို့ မရပါဘူး။ အခြားအလုပ်အကိုင် ဖန်တီးမှုတွေပါ ရှာဖွေပေးမှ ရရှိမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသမှာ လုပ်တဲ့ လုပ်ငန်းတွေကိုလည်း ပွင့်လင်းမြင်သာမှု ရှိဖို့လိုပါတယ်။ ဥပမာ - ကျွန်တော် ပြောရမယ်ဆိုရင် အမေရိကန်ကနေ ဒေါ်လာ (၅)သန်း၊ နာဂဒေသ ချပေးထားတာ ရှိတယ်။ လမ်းတို့၊ တံတားတို့၊ ကျန်းမာရေးတို့ ဒီငွေတွေကို ကျွန်တော်တို့ အသုံးပြုဖို့ ဖြစ်ပါတယ်။ ဒါပေမဲ့ တကယ်ရလာတော့ ဒီငွေတွေက ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေရဲ့ လက်ထဲကို မရောက်ဘူး။ တိုင်းရင်းသားပြည်သူလူထုတွေက မလုပ်ရဘူး။ မြို့ကြီးပြကြီးမှာနေတဲ့ လူတွေပဲ တင်ဒါ အောင်သွားတယ်ဆိုတာတော့ ဒါကိုလည်း ကျွန်တော်တို့ ပြန်လည်စဉ်းစားဖို့လိုမှာ ဖြစ်ပါတယ်။ တင်ဒါ အောင်တယ်ဆိုတာကိုလည်း တင်ဒါပစ်တာကို ကျွန်တော်တို့ တိုင်းရင်းသားတွေ၊ လုပ်ငန်းရှင်တွေရော၊ ပြည်သူတွေရော တစ်ယောက်မှ မသိရပါဘူး။ ဒီဟာမျိုးတွေကိုလည်း ကျွန်တော်တို့ ဘယ်အချိန်ထိ ကျွန်တော်တို့ လုပ်ဦးမှာလဲ။ ထင်သာမြင်သာရော ရှိရဲ့လား။ ပွင့်လင်းမှုရော ရှိရဲ့လားဆိုတာ ကျွန်တော်တို့ ပြန်သုံးသပ်ဖို့ လိုပါတယ်။ ကျွန်တော်တို့က ဒီငွေရမှ ကျွန်တော်တို့ဒေသက လူတွေ ဒီငွေလေးနဲ့ ကျွန်တော်တို့ အလုပ်အကိုင်တွေ ရလာမှာဖြစ်တယ်။ အဲဒီရလာတဲ့အပေါ်မှာ ဒေသရဲ့ ကိုယ်နိုင်တဲ့ဘက်က ကျွန်တော်တို့ ဆိုင်ကယ်လမ်းတွေ ဖောက်မယ်၊ ဒေသဖွံ့ဖြိုးရေးတွေ ဝိုင်းပြီး လုပ်မယ်ဆိုရင် ပိုလို့ အဆင်ပြေ တိုးတက်လာမှာ ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဦးတည်ထား၍ ဘက်စုံထောင့်စုံ ကျွန်တော်တို့ စဉ်းစားသုံးသပ်ပြီးမှ လုပ်ဖို့လိုအပ်ကြောင်း ဦးဇုန်လှယ်ထန်း ရဲ့ အဆိုကို ကျွန်တော် တင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၀။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ဦးဇုန်လှယ်ထန်း ရဲ့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးပါမယ်။ ကျွန်တော်က ချင်းလူမျိုး ဖြစ်တဲ့အတွက် အဆိုဖြစ်တဲ့ ဦးဇုန်လှယ်ထန်း ရဲ့ အဆိုကိုပဲ ကျွန်တော်က ဆက်လက်ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ အဆင်းရဲဆုံးလို့ ဆိုတဲ့ဖော်ပြထားတဲ့အတွက် တိုင်းနဲ့ ပြည်နယ်ညီအစ်ကိုများ ဆွေးနွေးသလို ဒီအဆိုဟာ ဒီအဆင်းရဲဆုံးဒေသကို ညွှန်းထားတဲ့အတွက် တခြားတိုင်းနဲ့ ပြည်နယ်ကို ဥပက္ခာထားတာ မဟုတ်ဘဲနဲ့ ခေါင်းစဉ်အရ ဆွေးနွေးခြင်းဖြစ်တယ်လို့သာ မှတ်ယူပေးစေချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်ဟာ ဆင်းရဲတယ်၊ ဆင်းရဲတယ်၊ အဆင်းရဲဆုံးဒေသလို့ အခေါ်ခံရတာ ကျွန်တော်လည်း ရှက်လည်းရှက်တယ်၊ အခေါ်လည်း မခံချင်တော့ဘူး။ ဒါပေမဲ့ စဉ်းစားတဲ့အခါမှာ ဘာဖြစ်လို့ အဆင်းရဲဆုံး ဖြစ်ရတယ်ဆိုတဲ့ အဖြေကိုလည်း ပြန်လည်စဉ်းစားတယ်။ စဉ်းစားတဲ့အခါမှာ ကျွန်တော် အချက်(၂)ချက်တွေ့တယ်။ ပထမအချက်ကတော့ သဘာဝမြေအနေအထားကိုက ကျွန်တော်တို့ ချင်းပြည်နယ်ဒေသဟာ ညံ့ဖျင်းလွန်းတဲ့ဒေသဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ယခင် စီမံခန့်ခွဲမှု အုပ်ချုပ်တဲ့အခါ မျှတစွာဖြင့် စီမံခန့်ခွဲမှု မရှိတာကိုလည်း ကျွန်တော်တို့ တွေ့ရတာဖြစ်တယ်။ ဒီအချက်(၂)ချက်နဲ့ပဲ ကျွန်တော်တို့က အဆင်းရဲဆုံးဒေသ ဖြစ်ရတယ်ဆိုတာကို အတိုချုံးပြီး ကျွန်တော် ဖော်ပြလိုပါတယ်။

ပထမအချက် သဘာဝမြေအနေအထား ဆင်းရဲတယ်ဆိုတဲ့အကြောင်းကိုကတော့ အားလုံး အချို့ ဦးမြင့်ထွန်း လည်း ဆွေးနွေးပြီးပါပြီ။ ချင်းပြည်နယ် ရောက်တဲ့လူတိုင်း သိပါတယ်။ ကျွန်တော်တို့ တိုင်းနဲ့ပြည်နယ် (၁၄)ခုကို သွားတုန်းက ဒေါ်ဒွဲဘူ က ပါတယ်။ ချင်းပြည်နယ် ဖလမ်းနားရောက်တော့ သူ ပြောပါတယ်။ ခင်ဗျားတို့ ချင်းတွေ ဒီလောက်ညံ့ဖျင်းတဲ့ဒေသကို

ဘာလို့နေသလဲတဲ့။ ဘာမှလဲ မရှိဘူး။ မြေပြန့်လည်း မရှိဘူး။ မြေသြဇာလည်း မရှိဘူး။ သစ်ပင်လည်း မရှိဘူးတဲ့။ ကျွန်တော်တို့ ကချင်ပြည်နယ်ကို လာပါ။ မြေသြဇာ ရှိတယ်၊ မြေနေရာပေးမယ်တဲ့ ပြောတယ်။ ဥပမာ ဒါကတော့ သူရဲ့အမြင် အရင်တုန်းက ကြားဖူးခဲ့တဲ့ သူတို့ပြည်နယ်ဟာ ဒီလောက်မည့်ဖျင်းဘူးဆိုတဲ့ အမြင်ဖြစ်တဲ့အကြောင်းကို ဆွေးနွေးရင်း ရင်းနှီးရင်းနဲ့ပြောဆိုခြင်း ဖြစ်ပါတယ်။

ဒါပေမယ့်လို့ ကျွန်တော်တို့က ဘယ်သူ ဘာပဲပြောပြော ယခင်ကတည်းက (၁၃)ရာစုနှစ်လောက်ကတည်းက ကျွန်တော်တို့ ချင်းပြည်နယ်ကို ဘိုးဘွားတွေ နေလာခဲ့ပြီး ဖြစ်တဲ့အတွက်ကျွန်တော်တို့ကတော့ ချင်းပြည်နယ်ကို ချစ်တယ်။ ချင်းပြည်နယ်ကိုပဲ ကျွန်တော်တို့ သံယောဇဉ်ရှိတယ်။ နေချင်တယ်။ ဗမာစကားပုံ ရှိတယ်။ ကိုယ့်ငါးချဉ်ကို ကိုယ်ချဉ်တယ်၊ ကိုယ်ထင်ရင်ခုတင်ကို ရွှေနန်းလို့ပဲ ထင်ရတဲ့သဘောမျိုးလည်း ဖြစ်သလိုပဲ ကျွန်တာ်တို့ ဆက်လက်လည်းနေမယ်။နေဖို့လည်း ကျွန်တော်တို့ လိုလားတယ်။ ကြိုးစားနေတယ်။ ဘာဖြစ်လို့လဲဆိုတော့ အနေဆင်းရဲပေမယ့် ကျွန်တော်တို့က အချမ်းသာဆုံးတစ်ခုရှိတယ်။ စိတ်ချမ်းသာတယ် ကျွန်တော်တို့ ဒေသမှာ။ကျွန်တော်တို့ ဒေသမှာ ပဋိပက္ခမရှိဘူး။ ကျွန်တော်တို့ ဘာမှ တခြားဖိနှိပ်မှု၊ ဘာမှု တစ်ခုမှမရှိတဲ့အတွက် လွတ်လွတ်လပ်လပ်နဲ့ နေရတဲ့အတွက် စိတ်ဓာတ်အချမ်းသာဆုံးဒေသ ဖြစ်တဲ့အတွက်သဘာဝပထဝီမြေအနေအထား ခက်ခဲကြမ်းတမ်းသော်လည်းပဲ ကျွန်တော်တို့က နေပျော်ပါတယ်လို့ ကျွန်တော် ဆွေးနွေးချင်ပါတယ်။

ကျွန်တော်တို့ဒေသမှာ ကောလိပ်လည်းမရှိ၊ လေယာဉ်ကွင်းလည်းမရှိ၊ ရထားလမ်းလည်းမရှိ၊ သင်္ဘောဆိပ်လည်းမရှိ ဒါကတော့ အားလုံးအသိပါပဲ။ ဒါပေမဲ့ ဒီဥစ္စာမရှိ တာလည်းပဲအကြောင်းအမျိုးမျိုးကြောင့် မရှိခဲ့တာချင်းလည်း ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ဆင်ခြင်သုံးသပ်မိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ ကျွန်တော်တို့ ချင်းပြည်နယ်မှာစီးပွားဖြစ်စမ်းသပ်တူးဖော် ရရှိနိုင်ရေးအတွက် ဒီသတ္တုတွင်း၊ အမျိုးသားလွှတ်တော် သတ္တုကော်မတီကနေ ကျွန်တော်တို့ကို အသိပေးတဲ့အတွက်လည်း ကျွန်တော်တို့ ဝမ်းသာစွာ ရှိတယ်။ချင်းပြည်နယ်ဟာ အခုအချိန်မှာ ဆင်းရဲပေမယ့် အနာဂတ်ဆိုတဲ့ အလားအလာမှာ ကျွန်တော်တို့မျှော်မှန်းလို့ ဝမ်းသာရပါတယ်။

ဘာဖြစ်လို့လဲဆိုရင် ချင်းပြည်နယ်မှာတွေ့ရှိတဲ့ သယံဇာတပစ္စည်းတွေဟာ တီးတိန်မြို့နယ်၌ နီကယ်၊ ခရိုမိုက်၊ ထုံးကျောက်၊ ကန်ပက်လက်မြို့နယ်၌ ကန့်ကူဆံ၊ ခရိုမိုက်၊ ကြေးနီ၊ ကျောက်မီးသွေး၊ တွန်းဇံမြို့နယ်၌ ခရိုမိုက်၊ မတူပီမြို့နယ်၌ ကြေးနီ၊ ခရိုမီယမ်၊ ဖလမ်း၌ ခရိုမီယမ်၊ ပလက်ဝ၌ ရေနံ၊ မင်းတပ်၌ ကြေးနီရှိတယ်လို့ ဒီသတ္တုသယံဇာတ ထွက်ရှိကြောင်းကို ဘူမိဗေဒပညာရှင်က ထုတ်ဖော်တွေ့ရှိခဲ့တာကို ကျွန်တော်တို့ တွေ့ရပါတယ်။ ချင်းပြည်နယ် (၉)မြို့နယ်ရှိတဲ့အထဲမှာ (၆)မြို့နယ်ဟာ အဲဒီလို အလားအလာ ရှိတယ်ဆိုတာကို တွေ့ရှိရတဲ့အတွက် ကျွန်တော်တို့ ဝမ်းသာပါတယ်။ ကော်မတီကိုလည်း ကျေးဇူးတင်ပါတယ်။ ယခင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်ကလည်းပဲ ချင်းပြည်နယ် မြွေတောင်ဒေသ၌ ခရိုမိုက်သတ္တု တန်ချိန်သန်းပေါင်း(၈၀၀၀)နဲ့ နီကယ်တန်ချိန်သန်းပေါင်း(၁၀၀)ရှိကြောင်း ကြေညာခဲ့ဖူး ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပြင်ယခုအစိုးရ သတ္တုတွင်းဝန်ကြီးဌာနကလည်း ချင်းပြည်နယ်၌ နီကယ်သတ္တုရိုင်း (၁၁၀.၇၅)သန်းနှင့် ခရိုမိုက်တန်ချိန်(၃၈၀၀)ခန့် သတ္တုဖြစ်ထွန်းမှုရှိကြောင်း တွက်ချက်မှတ်တမ်းတင်ပြီးဖြစ်ကြောင်း အမျိုးသားလွှတ်တော်၌ ဖြေကြားပြီးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ထို့ကြောင့် ပြည်ထောင်စုနယ်မြေတစ်ခုဖြစ်တဲ့ ချင်းပြည်နယ်ဒေသဟာ သတ္တုသယံဇာတလုပ်ငန်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရန် အလားအလာ ကောင်းသော အလင်းရောင်တန်းများကို တွေ့ရှိရလို့ ဝမ်းသာစရာ ဖြစ်ပေါ်ပါတယ်။ ဒါပေမယ်လို့ သစ်တောပြုန်းတီးမှု၊ ရေထွက်အရင်းအမြစ်ဆုံးရှုံးမှုမဖြစ်ရလေအောင် ကျွန်တော်တို့ ဆင်ခြင်သုံးသပ်ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သတ္တုလုပ်ငန်းများ စမ်းသပ်တူးဖော်ရာ၌ စမ်းသပ်တိုင်းတာရာ၌လည်းကောင်း၊ စီးပွားဖြစ်လုပ်ငန်းများ လျှောက်ထားရာတွင်လည်းကောင်း၊ တချို့ဒေသမှာ သစ်တောရေးရာဝန်ကြီးဌာနမှ သစ်တောများ ပေါက်ရောက်လျက်ရှိပါသဖြင့် ခွင့်မပြုနိုင်ပါကြောင်း သဘောထားမှတ်ချက်ကြောင့် သတ္တုတွင်းဝန်ကြီးဌာနက လုပ်ပိုင်ခွင့်မပေးကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမှာအနည်းငယ် ဆွေးနွေးချင်ပါတယ်။ ကျွန်တော်တို့ ငယ်ငယ်ကတည်းက ချင်းပြည်နယ်မှာ သစ်တောဆိုတာ ရှိပါတယ်။ အဲဒီသစ်တောတွေဟာ ကျွန်တော်တို့ ဒီလောက်ကြာနေတာ သစ်တောတွေက ကျွန်တော်တို့ အကျိုးသိသိသာသာ မပြုပါဘူး။ ဥပမာ - စီးပွားမဖြစ်ပါဘူး။ ကျွန်တော်တို့ ချင်းပြည်နယ်ရဲ့ အသက်မွေးဝမ်းကျောင်း ယခုအထိ လုပ်ကိုင်စားသောက်နေကြတာဟာ မိမိတစ်ဝမ်းစာအတွက်သာလျှင်၊ တစ်နှစ်စာကိုသာလျှင် ကျွန်တော်တို့

စီးပွားရှာဖွေနိုင်ကြပါတယ်။ ဒီသစ်တောတွေကို ရောင်းစားလို့ စီးပွားဖြစ်လုပ်ကိုင်ရတယ်ဆိုတာ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သတ္တုလုပ်ငန်းများထွက်မယ်၊ စီးပွားဖြစ်လုပ်ငန်းများထွက်မယ် လို့ အလားအလာရှိတဲ့အခါမှာ ဒီသစ်တောကြီးသည့်ရှိလို့ ဒီလုပ်ငန်းများ မဆောင်ရွက်နိုင်ဘူး ဆိုတဲ့ ဒီဟာလည်း ကျွန်တော်တို့ဒေသအတွက်တော့ အဟန့်အတားတစ်ခုသဖွယ် ဖြစ်နေပါတယ်။ သစ်တောဝန်ကြီးဌာနကလည်း ဒါ အကြောင်းမဲ့ ကန့်ကွက်တာတော့ မဟုတ်ပါဘူး။ စည်းမျဉ်း စည်းကမ်းအရ၊ ရှိပြီးသား စည်းမျဉ်းစည်းကမ်းအတိုင်း သူတို့က ကန့်ကွက်ခြင်းဖြစ်တဲ့အတွက် ကြောင့်လည်း ကျွန်တော်တို့အနေနဲ့ ဘယ်လိုမှ သစ်တောဝန်ကြီးဌာနကိုလည်း ကျွန်တော်တို့ အပြစ်တင်ပြောဖို့ မလိုပါဘူး။ ဒါကြောင့် ကျွန်တော်တို့ တောင်တန်းတောင်စောင်း ဒီသစ်ပင်ကြီး တွေနဲ့ ကာလကြာမြင့်စွာ နေပြီးပါပြီ။ အကျိုးပေါင်းစုံ ပြုတယ်ဆိုတာကို ဒီထက်အကျိုးပြုတဲ့ သတ္တုလုပ်ငန်းများပေါ်ပေါက်ပါက ဒါက ကျွန်တော်တို့ ဒီ နိုင်ငံတော်အစိုးရအနေနဲ့ စဉ်းစားပေး သင့်ပါကြောင်း ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်သည် အဆင်းရဲဆုံးဒေသဖြစ်သည့် အားလျော်စွာ မည်သို့သော စည်းမျဉ်းစည်းကမ်း၊ ဥပဒေများ ရှိစေကာမူ ချင်းပြည်နယ်သည် ဖွံ့ဖြိုးမှုအနည်းဆုံးမှ ဖွံ့ဖြိုးမှုအများဆုံး ပြည်နယ်အဖြစ်သို့ ရောက်ရှိစေရေးအတွက် သတ္တုသယံဇာတလုပ်ငန်းများ ဆောင်ရွက်ရာတွင် ချင်းပြည်နယ်ဒေသသည် လွတ်လပ်သောနယ်မြေအဖြစ် သတ်မှတ်ပေးသင့် ပါကြောင်း သို့မဟုတ် အခြားဒေသထက် လျှော့ပေါ့သော စည်းမျဉ်းစည်းကမ်းများ သတ်မှတ် ပေးရန် လိုအပ်ပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါ၍ ချင်းပြည်နယ် အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း က ချင်းပြည်နယ်တွင် သစ်တောကြိုးဝိုင်းကြိုးပြင် ကာကွယ် တောများအတွင်း သတ္တုလုပ်ကွက်များ စမ်းသပ်တိုင်းတာခွင့် လျှောက်ထားမှုအပေါ် ဆင်းရဲ နွမ်းပါးမှုလျှော့ပေါ့ရေးကို ဦးတည်ထား၍ ခွင့်ပြုနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) ဦးမနားနိုင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၀။**

**ဦးမနားနိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမနားနိုင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ရဲ့ ချင်းပြည်နယ် သစ်တောကြိုးဝိုင်းကြိုးပြင် ကာကွယ်တောများအတွင်း သတ္တုလုပ်ကွက်များ စမ်းသပ်တိုင်းတာခွင့် လျှောက်ထားမှုအပေါ် ဆင်းရဲနွမ်းပါးမှုအနိမ့်ကျဆုံးဖြစ်သော ချင်းပြည်နယ်အား ဆင်းရဲနွမ်းပါးမှုလျှော့ပေါ့ရေး ဦးတည်ချက်ထား၍ ခွင့်ပြုနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိအပေါ်မှာ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်ဟာ ဆင်းရဲနွမ်းပါးမှု အမြင့်ဆုံးလို့ပဲဆိုဆို၊ ဆင်းရဲတယ်လို့ပဲပြောပြော မချမ်းသာတာတော့ အမှန်ပါပဲ။ ဒါကြောင့်မို့လို့ ဒီကနေ့၊ ဒီအချိန်မှာ ဆင်းရဲနွမ်းပါးမှုအမြင့်ဆုံး Data စာရင်းများအရ ရရှိနေတဲ့ ကျွန်တော်တို့ ချင်းပြည်နယ်ဟာ ခေတ်စနစ်ရဲ့ အပြောင်းအလဲ၊ ပြည်ထောင်စုအစိုးရမှ ချင်းပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အစီအမံများ ချမှတ်ပြီးတော့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ပေးနေတာ ယခင်နဲ့မတူ တွေ့ရှိတဲ့အခါ အင်မတန်မှ ဝမ်းမြောက်ရပါတယ်။

ကျွန်တော်တို့ ချင်းပြည်နယ်ရဲ့ဆင်းရဲမှုဟာ ကြာမြင့်ခဲ့ပြီဖြစ်တဲ့အတွက် ရှေးယခင်ကတည်းက စခဲ့တယ်လို့ပဲ ယေဘုယျ ပြောရမှာ ဖြစ်ပါတယ်။ အခြားသော ပြည်နယ်/တိုင်းဒေသများနဲ့ မတူလို့ပဲ ချင်းဝိသေသတိုင်းလို့ ခေါ်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။ တစ်ပိုင်တစ်နိုင် ရွှေ့ပြောင်းတောင်ယာ သက်သက်မျှအဖြစ်သာ အသက်မွေးစီးပွားရေးလုပ်ငန်းအဖြစ် ကိုယ့်ဟာကိုယ် ကျေနပ်နေခဲ့ကြရတာပါ။ ဘာမျှမထွက်လို့လဲ၊ သယ်ဖို့ပြုဖို့ လမ်းရယ်လို့ အထူးမလိုအပ်ခဲ့ပါဘူး။ လမ်းမရှိလို့လည်း ဘာမျှလည်းမထွက်နိုင်ဘဲ လူနေမှုဘဝဟာ ဆင်းရဲခြင်းသံသရာမှာ နစ်ခဲ့ရပါတယ်။ ရွှေ့ပြောင်းတောင်ယာဆိုတာလည်း ရှိကတည်းက ခုတ်လို့လာခဲ့ကြတာ အခုဆိုရင် တောတောင်များ ပြုန်းသလောက်လည်း ရှိနေပါတယ်။

ယနေ့ နာမည်ရနေတဲ့ ချင်းတောင်တန်း နွားနောက်မွေးမြူရေးနှင့် အခြားသော မွေးမြူရေးဆိုတာလည်း စားကျက်အခြေအနေအရ နေရာတိုင်းမှာ ကျယ်ကျယ်ပြန့်ပြန့်မဆောင်ရွက်နိုင်တော့ပါဘူး။ မမွေးမြူနိုင်တော့ပါဘူး။ ဒီလိုပဲ ရှေ့ဆက်သွားနေရင်တော့ လက်ရှိဆင်းရဲနွမ်းပါးမှု အမြင့်ဆုံးနှုန်းကိုတော့ ဆက်ပြီးတော့မှ ကျွန်တော်တို့ ချင်းဒေသက ထိန်းနေရဦးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်မှာ တပ်မတော်အစိုးရခေတ်မှစပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ဆောင်ပေးလျက် ရှိပါတယ်။ မဝေးသေးတဲ့ ပါတီစုံဒီမိုကရေစီခေတ်ကာလ မှစ၍ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဥ်များ ချမှတ်လျက် မြို့ချင်းဆက်၊ ရွာချင်းဆက်၊ ဆိုင်ကယ်လမ်း၊ ကားလမ်းများ ဦးစားပေး ဖောက်လုပ်ပေးခြင်းအားဖြင့် ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ လုပ်ငန်းများနဲ့ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများ အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်လာနေပြီ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးမှာ အတော်အသင့် ပေါက်ရောက်လာတာနဲ့အမျှ ယနေ့ တွင်းအောင်းသယံဇာတများ ရှိကြောင်းလည်း သိရှိမြင်တွေ့ လိုက်ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၂ ခုနှစ်ကာလများမှာ ဂျာမဏီဘူမိဗေဒ ပညာရှင်များနဲ့ ပူးပေါင်းလျက် မြန်မာနိုင်ငံဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေး သုတေသနပြုချက်အရ ချင်းပြည်နယ်မှာ သတ္တုဖြစ်ထွန်းမှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိ ရကြောင်း လေ့လာတွေ့ရှိရပါတယ်။

ကြေးနီသတ္တု မဏိပူရ၊ လုံဂျီး၊ ကန်ပက်လက်၊ ရင်ကွဲတောင်ဒေသ။ နီကယ်၊ ခရိုမိုက်၊ မြွေတောင်ဒေသ၊ နတ်တောင်ဒေသ၊ ငွေဝယ်လွန်း၊ ငွေအယ်ယမ်၊ ကိုပီပွန်း၊ ဟားခါးကြီး၊ ဝေဘူလ၊ မောင်တော၊ ဘာမွေချောင်း။ သံသတ္တု၊ တီးတိန်၊ ဟိုပဲဒေသ။ မြေစေးဖြူ မော်ဖော့၊ ဖလမ်းဒေသ။ ထုံးကျောက်၊ အော်ဇင့်၊ တော်ဇွာဘိ၊ ပဟာ၊ ကိလျော်၊ တီလုံဒေသ၊ လုပိုင်လျှောင်းရင်းကလျှောင်၊ ဟားခါး၊ လျှောင်ပိ၊ ဖလမ်း၊ ဖိုင်တုံ၊ တွန်းဇံဒေသများ ဖြစ်ပါတယ်။ ၎င်းအပြင် အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတကော်မတီရဲ့ လေ့လာတွေ့ရှိမှုအရလည်း ရန်ကုန်တိုင်းမှအပ ကျန် တိုင်းဒေသနှင့် ပြည်နယ်များမှာ သတ္တုများစွာ ထွက်ရှိကြောင်းနဲ့ ချင်းပြည်နယ်မှာ အောက်ဖော်ပြပါဒေသများမှာ ဆက်လက်ပြီးတော့မှ သတ္တုများ ထွက်ရှိကြောင်း သိရှိရပါတယ်။

တီးတိန်မြို့နယ်မှာ နီကယ်၊ ခရိုမိုက်၊ ထုံးကျောက်၊ ကန်ပက်လက်မြို့နယ်မှာ ကြေးနီ၊ ခရိုမိုက်၊ ကံ့ကူဆံ၊ ကျောက်မီးသွေး၊ တွန်းဇံမြို့နယ်မှာ ခရိုမိုက်၊ မတူပီမြို့နယ်မှာ ကြေးနီ၊ ခရိုမိုက်၊ ဖလမ်းမြို့နယ်မှာ ခရိုမီယမ်၊ ပလက်ဝမြို့နယ်မှာ ရေနံ၊ မင်းတပ်မြို့နယ်မှာ ကြေးနီ စသည်ဖြင့် တွေ့ရှိရပြီးတော့ အခြားသောနေရာဒေသများမှာလည်းပဲ အဖိုးတန်သတ္တုများ ထွက်ရှိနိုင်တဲ့ ထူးခြားတဲ့ ဘူမိအသွင်သဏ္ဍာန်လေးတွေ တွေ့ရှိကြောင်းသိရှိ လေ့လာရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီသတ္တုတွေဟာ အရင်ကတည်းက ရှိကောင်းရှိနေမှာ ဖြစ်တယ်။ လမ်းပန်းဆက်သွယ်ရေး မကောင်းခဲ့တဲ့အတွက် မထွက်နိုင်ဘဲ၊ ဘာမျှ မထွက်တုန်းကလည်း မထွက်လို့၊ ယခုထွက်ဖို့ အလားအလာရှိပြန်တော့လည်း သဘာဝပတ်ဝန်းကျင် အကြောင်းပြ တားမြစ်ပိတ်ပင်ချက်တွေနဲ့ ဒီသတ္တုကို မြေကြီးထဲမှာပဲ ထိန်းသိမ်းထားမယ်ဆိုရင် ဘယ်မှာ သယံဇာတအရင်းအမြစ်တွေ ကျွန်တော်တို့ ခံစားနိုင်ကြတော့မှာလဲ၊ လူတစ်ဦးချင်း လူမျိုး၊ ဒေသနဲ့ နိုင်ငံ့အတွက် ဘယ်လိုအကျိုးပြုနိုင်တော့မှာလဲ၊ ကျွန်တော် ဆွေးနွေးလိုပါတယ်။

ဒါကြောင့် ယနေ့ခေတ်ကာလမှာ သဘာဝပတ်ဝန်းကျင်ကိုလည်း အတိုင်းထက်အလွန် မပျက်စီးအောင် သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ လမ်းညွှန်ချက်ကိုရယူပြီး ပူးပေါင်းလက်တွဲလျက် စမ်းသပ်တူးဖော်သည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသင့်ပြီဖြစ်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။

အလျဉ်းသင့်လို့ ကျွန်ုပ် ချင်းပြည်နယ် ကန်ပက်လက်မြို့ရဲ့ ဒေသသဘာဝကို ဆက်စပ် တင်ပြလိုပါတယ်။ ယနေ့ နတ်မတောင် အမျိုးသားဥယျာဉ်ဟာ ကန်ပက်လက်မြို့နယ် အတွင်းမှာ ရှိပြီး သစ်နဲ့ သစ်တောထွက်ပစ္စည်းများ၊ သားရဲတိရစ္ဆာန်များကို သစ်တောဦးစီးဌာနမှ ကြီးကြပ် တာဝန်ယူ စောင့်ရှောက်လျက်ရှိတယ်။ ဒီလို စောင့်ထိန်းရာမှာလည်း ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှု များစွာထားရှိပါတယ်။ ဆိုလိုသည်မှာ အစိုးရနဲ့ ပြည်သူများ ပူးပေါင်းပါဝင်လျက် တစ်ဖက်မှ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများရှိသလို တခြားဒေသမှ နယ်မြေအတွင်းမှာ အဖိုးတန်သတ္တုများ ထွက်ရှိမယ်ဆိုလျှင်လည်း ဒေသခံအစုအဖွဲ့များ၊ ကုမ္ပဏီများ ထူထောင်ပြီး တော့ လုပ်ကွက်ချ လုပ်ကိုင်ခွင့်ပေးသင့်ကြောင်း တင်ပြလိုတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဖော်ပြသော ကန်ပက်လက်မြို့နယ် ကြေးနီ၊ ခရိုမိုက်၊ ကံ့ကူဆံ များနှင့် အခြားတွင်းထွက် ထွက်ရှိရာဖြစ်တဲ့ ရင်ကွဲတောင်ဒေသ၊ မောင်တော်၊ နှမတော် ဒေသ

များဟာ ကျွန်းသစ်အဖိုးတန် သစ်မာများ ထွက်ရှိရာလည်းမဟုတ်ကြောင်း တွေ့ရှိရပါတယ်။ တောနိမ့်၊ တောပျက် နေရာများသာဖြစ်ကြောင်းနှင့် ချင်းပြည်နယ်ရှိ အခြားဒေသများဟာလည်း ထိုနည်းနယ်နယ်သာဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ သတ္တုများ စမ်းသပ်တူးဖော်ရေးအတွက် သတ္တုဖောင်ဒေးရှင်း၏ ငွေအား၊ နည်းပညာအားဖြင့် ကူညီအားပေးမှုအပေါ်မှာလည်း ဒေသခံ ပြည်သူများက နှစ်ထောင်းအားရ ကြိုဆိုလျက်ရှိတာကို တွေ့ရှိကြောင်း ဆွေးနွေးလိုပါတယ်။

ယခုအချိန်မျိုး ကမ္ဘာနဲ့ယှဉ်ပြီး သစ်တောနှင့် သဘာဝပတ်ဝန်းကျင်များ ထိန်းသိမ်းရန် အလွန်လိုအပ်လျက်ရှိနေပြီ ဖြစ်ချိန်၊ ယနေ့ပြည်သူအချို့ သဘာဝပတ်ဝန်းကျင် အမွေကောင်းများ အထိမခံ ကြွေးကြော်နေချိန်ဖြစ်သော်လည်း သဘာဝပတ်ဝန်းကျင် ဆုံးရှုံးမှုနည်းနိုင်သမျှ နည်းအောင် စီမံချက်မူများ ချမှတ်လျက် သတ္တုစမ်းသပ်တူးဖော်သင့်ပြီ ဖြစ်ကြောင်း ထပ်လောင်း ဆွေးနွေးတင်ပြလိုပါတယ်။ သတ္တုလုပ်ခြင်းဆိုတာ သဘာဝပတ်ဝန်းကျင်အပေါ် အပြစ်နဲ့ အပျက်၊ အပြုနဲ့ အဖျက်ဆိုတာ လုပ်ငန်းသဘောအရ ထင်လွဲမြင်သာ ဖြစ်သော်လည်း ဒေသလူမျိုး တိုင်းပြည်အတွက် အကျိုးရှိမည့်လုပ်ငန်းကို စေတနာကောင်းထားလျက် လုပ်ကိုင်ဆောင်ရွက် သင့်တဲ့ အကြောင်းလည်း ဆက်လက်ပြီးတော့မှ ဆွေးနွေးတင်ပြလိုပါတယ်။ ဒီလို လုပ်ကိုင်ခြင်း အားဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိလာပြီး တစ်ဦးချင်းဝင်ငွေနှင့် တိုင်းပြည်ဝင်ငွေ တိုးတက်လာမှာ ဖြစ်တယ်။ ဒါ့အပြင် ဒေသခံပြည်သူများရဲ့ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာပြီး လမ်းပန်းဆက်သွယ်ရေးကောင်းလာပြီး ဆင်းရဲနွမ်းပါးမှု အထိုက်အလျောက် လျော့ကျစေမယ်လို့ ယုံကြည်ကြောင်း ဆွေးနွေးလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြဆွေးနွေးလိုတာ ကတော့ ဆင်းရဲနွမ်းပါးမှု အမြင့်ဆုံးရောက်နေတဲ့ ကျွန်တော်တို့ ချင်းတိုင်းရင်းသားများရဲ့ လူနေမှု ဘဝ မြှင့်တင်ရန်အတွက် ပြည်ထောင်စုအစိုးရမှ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံချက်၊ ဆင်းရဲ နွမ်းပါးမှုလျော့ချရေး အစီအစဥ်များဖြင့် ဘက်စုံမှ ကူညီပံ့ပိုးဆောင်ရွက်ပေးနေသလို ယနေ့ သတ္တုထွက်ရှိနေတဲ့ ချင်းပြည်နယ်ရဲ့ သစ်တောကြိုးဝိုင်းကြိုးပြင် မည်သည့်နေရာဒေသမဆို ဒေသခံ အစုအဖွဲ့ကုမ္ပဏီများအား လုပ်ကွက်များချပေးလျက် လုပ်ကိုင်ဆောင်ရွက်ခွင့် ပေးသင့် ကြောင်း ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ရဲ့ အဆိုကို လေးနက်စွာ ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။
(သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ဦးလှဆွေ ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၀၀။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ပြည်ထောင်စုဝန်ကြီးနဲ့ ဖိတ်ကြားထားသော ဧည့်သည်များအား ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ရဲ့ အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုမှာ သတ္တုတွင်းဝန်ကြီးဌာန နဲ့ သက်ဆိုင်နေတယ် ဆိုသော် လည်းပဲ အမှန်တကယ် သက်ဆိုင်တာကတော့ သစ်တောရေးရာဝန်ကြီးဌာနနဲ့ ပိုပြီးတော့ သက်ဆိုင်နေတာ ဖြစ်ပါတယ်။ သစ်တောရေးရာဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်များ ရောက်ရှိ မလာတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ပြောရဆိုရတာ နည်းနည်းတော့ အားတော့မရပါဘူး။ အမျိုးသားစီမံကိန်း(မူကြမ်း) ပဉ္စမကာလ(၅)နှစ် နှစ်တိုမှာ သစ်တောကြိုးဝိုင်း ဧရိယာဟာ ၂၀၁၀-၂၀၁၁ အခြေခံနှစ်မှာ (၆၂၇၄၉) စတုရန်းမိုင်ဖြစ်ပြီးတော့ နှစ်ကုန် ၂၀၁၅-၂၀၁၆ မှာတော့ (၇၇၇၄၉)စတုန်ရန်းမိုင်ဖြစ်အောင် တိုးချဲ့မယ်လို့ အဲဒီလိုဖတ်လိုက်ရကတည်းက ကျွန်တော်က ဟာ ဒါကြီးကတော့ မဟုတ်တော့ဘူးလို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ ကျွန်တော် ပြည်ထောင်စု လွှတ်တော်မှာလည်း ဒီကိစ္စ ဆွေးနွေးပါတယ်။ (၅)နှစ်အတွင်းမှာ ကြိုးဝိုင်းဟာ စတုရန်းမိုင်(၁၅၀၀၀) ထပ်ပြီးတော့ တိုးလာမယ်၊ တစ်နှစ်ကို (၃၀၀၀)စတုရန်းမိုင် တိုချဲ့မယ့် သဘော ဖြစ်ပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် ကြိုးဝိုင်းတွေ တိုးလာတာဟာ ကျွန်တော်တို့ သေချာပြန်ပြီးတော့ လေ့လာ စိစစ်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြခဲ့ပါတယ်။

ကြိုးဝိုင်းတွေဟာ တကယ်တမ်းကျတော့ လမ်းဘေးမှာပဲ ဝေဝေဆာဆာ သစ်ပင်တွေ ရှိပြီးတော့ အထဲမှာ ပြောင်သလင်းခါနေတယ်ဆိုတာ ကျွန်တော် ပြည်ထောင်စုလွှတ်တော်မှာ

Projector နဲ့ ထိုးပြခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ ဒီကြိုးဝိုင်းတွေဟာ ဘာအတွက် သတ်မှတ်ထားတုန်းဆိုတော့ သတ္တုလာတူးလို့ရှိရင် မင်းတို့ ကြိုးဝိုင်းထဲမှာကျတယ်လို့ အဖြေ ပေးဖို့ရာအတွက် ကြိုးဝိုင်းတွေ သတ်မှတ်ထားတယ်လို့ ကျွန်တော့်အနေနဲ့ ထင်ပါတယ်။ တကယ်တမ်းတော့ ကြိုးဝိုင်းတွေဟာ နိုင်ငံတော်အတွက် ဖြစ်ဖြစ်မြောက်မြောက် အပင်တွေ ရှိရဲ့လား၊ ဥပမာ အဆိုရှင်တင်ပြတဲ့ ချင်းပြည်နယ်မှာရှိတဲ့ ကြိုးဝိုင်းတွေကို ကျွန်တော်တို့ လေ့လာ ကြည့်မယ်ဆိုရင် ချင်းပြည်နယ်မှာ အဖိုးတန်သစ်တွေ ပေါက်ရောက်မှု မရှိပါဘူး။ ချင်း သစ်ထုတ် လုပ်ရေး ဆိုပြီးတော့ ကျွန်တော်တို့ ဂန့်ဂေါမှာ အခြေချပြီးတော့ ထုတ်တဲ့ ပုဂ္ဂိုလ်များဟာ ဂန့်ဂေါနဲ့ ချင်းနဲ့ အစပ်မှာရှိတဲ့ နယ်မြေတွေကဟာကိုပဲ ထုတ်တာဖြစ်ပါတယ်။

ချင်းတောင်၊ တကယ့် လှေကွင်းတောင် ကျော်သွားရင် ထင်ရှူးပင်ပဲ ပေါက်ပြီးတော့ ထင်ရှူးပင်ကလည်း ဒါ စီးပွားဖြစ် ထုတ်လုပ်တာ ကျွန်တော်တို့ မတွေ့ရပါဘူး ထင်ရှူးပင်ကို။ အဲဒီတော့ ချင်းတောင်မှာတော့ တောင်ဇလပ်ပန်းတွေ ပေါက်တယ်။ တောင်ဇလပ်ပင်ဆိုတော့ လိမ်ကောက်ပြီးတော့မှ ဒါ ပုပုညက်ညက်အပင်တွေ ဖြစ်တဲ့အတွက်ကြောင့် သူက အိမ်ဆောက် လို့ မရဘူး။ ဘာမှလုပ်လို့မရတဲ့ သစ်ပင်မျိုး ဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာ များသောအားဖြင့်တော့ ချင်းပြည်နယ်မှာကတော့ Bush type တွေပဲ ပေါက်တာ များပါတယ်။ အဲဒီတော့ ဒီမှာ ကြိုးဝိုင်း ဆိုပြီးတော့ ဒီကြိုဝိုင်းထဲမှာ ဘာမှလုပ်လို့မရဘူးလို့ သတ်မှတ်ခြင်းသည် ပြန်လည် ပြီးတော့ စဉ်းစားရမယ့်ကိစ္စ ဖြစ်ပါတယ်။

ဥပမာ - ဩစတြေးလျနိုင်ငံမှာ ဒီနေ့ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးအမျိုးသမီးဟာ ဩစတြေးလျ နိုင်ငံမှာရှိပါတယ်။ သူဟာ သတ္တုလုပ်ငန်းနဲ့ ချမ်းသာကြွယ်ဝလာတဲ့ အမျိုးသမီးကြီး ဖြစ်ပါတယ်။ ဒီအမျိုးသမီးကြီးရဲ့ မိုင်းတွင်းဟာ တကယ့်စံပြမိုင်းတွင်းတွေ ဖြစ်တယ်လို့ ကျွန်တော့် အနေနဲ့ လေ့လာတွေ့ရှိထားပါတယ်။ သူဟာ သေသေချာချာ Green Mining ဆိုတဲ့ အမည်နဲ့ လိုက်အောင် မိုင်းတူးတယ်။ ပြီးရင်သစ်ပင်စိုက်တယ်။ တူးတယ်။ သစ်ပင်စိုက်တယ်။ ရှေ့မှာစိုက်၊ နောက်မှာ သစ်ပင်စိုက်၊ ရှေ့မှာတူးသွား၊ နောက်မှာ တောက်လျှောက် တောအုပ်ကြီးတွေအနေနဲ့ ကျန်နေအောင် ဆောင်ရွက်နိုင်တဲ့အတွက် အင်မတန် စံနမူနာပြဖြစ်တဲ့ မိုင်းတွင်းတွေဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ လေ့လာတွေ့ရှိရပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ချင်းပြည်နယ်ဟာ ခုနက သူတို့ရဲ့ဒေသက ခုမှ သတ္တုဆိုတာ ကြားဖူးတာဖြစ်တယ်။ သူတို့ ဒါတောင် မထုတ်ရသေးပါဘူး။ မထုတ်ရသေးတဲ့ အချိန်မှာ မထုတ်ပါနဲ့လို့ ပြောတဲ့အခါကျတော့ သူတို့ဟာ အင်မတန် ဒါ သူတို့အနေနဲ့ ဝေးလံခေါင်းပါးတဲ့ဒေသ ဖြစ်တယ်။ အဲဒီတော့ သူတို့အဓိကမကောင်းတာတော့ လမ်းပေါ့။ လမ်းမကောင်းတော့ သူတို့ရဲ့ ထွက်ကုန်ကို သူတို့ မရောင်းနိုင်ဘူး။ ဈေးကွက်ကို မပို့နိုင်ဘူး။ သူတို့ဆီမှာ ဘာရှိရှိ သူတို့က မြို့ကို ရောက်ဖို့ရန်အတွက် လမ်းမကောင်းတဲ့အတွက်ကြောင့် မသယ်နိုင်ဘူးပေါ့။ အဲဒီတော့ဒီ ပန်းသီးတွေ ဘာတွေ သူတို့ ပေါပေါများများထွက်တယ်။ ထွက်တော့ အဲဒီပန်းသီးကို သူတို့က လမ်းမရှိတော့ ဘယ်လောက်ပို့နိုင်မလဲ။ ဘယ်နှစ်ပိဿာ ပို့နိုင်မလဲ။ ဘယ်လောက် ဒီ ကားလမ်း ပေါ်ရောက်အောင် သူတို့ရွာကနေ။ အဲဒီအတွက်ကြောင့် အဓိကကတော့ လမ်းမကောင်းဘူး။ လမ်းမကောင်းတော့ သူတို့အတွက် သူတို့စိုက်လို့ ပျိုးလို့ရတဲ့ဟာသည် သူတို့အနေနဲ့ စီးပွား မဖြစ်ဘူး။ အဲဒီ သတ္တုကဏ္ဍမှာ ဒါကို ထဲထဲဝင်ဝင် ဆောင်ရွက်ခွင့်ရမယ်ဆိုရင် ဒါကျွန်တော်တို့ သူတို့ရဲ့ ဖွံ့ဖြိုးမှုဟာ အင်မတန် ထင်သာမြင်သာရှိလာမယ်။

အဲဒီတော့ ကျွန်တော်တို့ အခု ကြိုးဝိုင်းတွေထဲမှာ ကျွန်တော်တို့ ယာခင်းတွေ လုပ်ထားတာရှိတယ်။ လယ်တွေ လုပ်ထားတာ ရှိတယ်။ ကျွန်တော် ပြည်ထောင်စုလွှတ်တော်မှာလည်း ဆွေးနွေးပါတယ်။ ကြိုးဝိုင်းက အရင်လား၊ လယ်ယာက အရင်လား။ တချို့ကလည်း ကြိုးဝိုင်း ထဲမှာ လယ်ယာဝင်လုပ်တာရှိတယ်။ တချို့ကလည်း တချို့နေရာမှာကျတော့ ကြိုးဝိုင်းဖြစ်ပြီး သားနေရာကို မဟုတ်ပါဘူး လယ်ယာဖြစ်ပြီးသားနေရာကို ကြိုးဝိုင်းပစ် လိုက်တာရှိတယ်။ အဲဒီနှစ်ပိုင်းမှာ ဘယ်လိုပဲဖြစ်နေနေ၊ လက်ရှိ လယ်တွေ၊ ယာတွေ ဖြစ်နေတဲ့နေရာကို သစ်တောရေးရာဝန်ကြီးဌာနက Community Forest ဆိုပြီးတော့၊ နှစ်(၃၀)ဂရမ်ထုတ်ပေး ပြီးတော့ လုပ်မယ်။ အဲဒီ လယ်တွေ၊ ယာတွေဘေးမှာ သစ်ပင်တွေကို အရှေ့အနောက်တန်း ပြီးတော့ စိုက်မယ်။ စိုက်ခြင်းအားဖြင့် နေရောင်ခြည်ဟာ လာလို့ရှိရင် ကိုယ့်ရဲ့ ယာခင်း၊ စိုက်ခင်းထဲမှာ လောင်းရိပ် မမိစေဘူးပေါ့။ အဲဒီတော့ သစ်တောလည်းဖြစ်မယ်။ လယ်တွေ၊ ယာတွေလည်းလုပ်မယ်။ အဲဒီ ပုံစံနဲ့ ဒါ Community Forest ဆိုပြီးတော့၊ လုပ်မယ်ဆိုပြီးတော့ သစ်တောရေးရာဝန်ကြီးဌာနက ဖြေကြားထားတာရှိတယ်။ ရှိတော့ သတ္တုကဏ္ဍမှာရော Community Forest လုပ်လို့ မရဘူး လား။ လယ်တွေ၊ ယာတွေတောင်မှ လုပ်လို့ရသေးတယ်။

သတ္တုတူးမယ်။ Community Forest လုပ်မယ်။ ဒီလိုရော လုပ်လို့မရဘူးလား။ ဒါ ကျွန်တော့် အနေနဲ့ ဒါကို ဆွေးနွေးချင်တာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီအပင်အောက်မှာ ရွှေတစ်ပိသာ ရှိတယ်။ ဒီအပင်ကို မခုတ်ရဘူး။ မထိရဘူး။ ဒီရွှေတစ်ပိသာ မရချင်နေဆိုရင် ကျွန်တော်တို့က နည်းနည်း Conservative ဖြစ်တယ် ဆိုပြီးတော့ ယူဆပါတယ်။ အဲဒီအပင်အောက်မှာရှိတဲ့ ရွှေတစ်ပိသာကို တူးမယ်။ ပြီးရင် ဒါမျိုး အပင် (၁၀၀၀) ပြန်စိုက်ပေးမယ်။ ဒီလိုဆိုရင် ပိုကောင်းမယ်လို့ ကျွန်တော့်အနေနဲ့ ခံယူပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလိုဆိုရင် သတ္တုလည်းတူးမယ်။ သစ်ပင်လည်း ပြန်စိုက်မယ်။ ဒီလိုစနစ်တကျ ဓာတ်ပုံမှတ်တမ်းနဲ့ သတ္တုမတူးမီကပုံ၊ သတ္တုတူးပြီးပုံ၊ သတ္တုတူးပြီးနောက် သစ်ပင်ပြန်စိုက်ပြီးပုံ စသည်ဖြင့် ကြပ်မတ်သူများနဲ့ သေသေချာချာ၊ ဒါမှမဟုတ် Third Party ကိုတာဝန်ပေး၊ Third Party ကို မင်း သတ္တုတူးပြီးရင် သစ်ပင်စိုက်၊ စိုက်ပြီးရင် သူ့အတွက် သတ္တုတူးတဲ့သူက ဘယ်လောက် စသည်ဖြင့် Fees တွေကို သတ်မှတ်ထားမယ်ဆိုလို့ရှိရင် Win Win Situation ဖြစ်မယ့် အနေအထား ဖြစ်ပါတယ်။

သတ္တုကဏ္ဍရော၊ သစ်တောကဏ္ဍရော တိုးတက်ပြီးတော့ တကယ့် Green Mining အနေအထားကို ရောက်ရှိလာမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဩစတြေးလျနိုင်ငံက သတ္တုမိုင်းကွင်းတွေကို နမူနာထားပြီးတော့ သူတို့ဆီမှာ တူးပါ။ တူးပြီးလို့ ရှိရင် ပြန်စိုက်ပါ။ နဂိုအတိုင်းပြန်ဖြစ်သွားအောင် ပြန်စိုက်ပါ။ မှန်မှန်ကန်ကန်လည်း ပြန်စိုက်နေ တာ ဖြစ်ပါတယ်။ အခုကျွန်တော်တို့က ဟုတ်လား၊ ပွင့်လင်းလာတဲ့ ခေတ်ဖြစ်ပြီ ဖြစ်တဲ့အတွက် ကြောင့် ဒီလိုလုပ်ပါ၊ ဒီလိုလုပ်မှ ဒါကိုခွင့်ပြုမယ်ဆိုတဲ့ ပုံစံနဲ့ Agreement ကို အစကတည်းက ယူထားပြီးတော့မှ မှန်မှန်ကန်ကန် ဆောင်ရွက်မယ်ဆိုလို့ရှိရင် သတ္တုကဏ္ဍလည်း တိုးတက် လာမယ်။ သစ်တောကဏ္ဍမှာလည်း သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမှာလည်း ထိန်းသိမ်းပြီးသား ဖြစ်မယ် လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

ဒါကြောင့်မို့လို့ ဦးဇုန်လှယ်ထန်း တင်ပြတဲ့အဆိုကို ထောက်ခံတင်ပြရင်းနဲ့ ဒီ သစ်တော ကြိုးဝိုင်းနယ်ထဲမှာ သတ္တုတူးဖော်ဖို့ ကျရောက်တာနဲ့ ပတ်သက်ပြီးတော့ သတ္တုတွင်းဝန်ကြီးဌာန နဲ့ သစ်တောရေးရာဝန်ကြီးဌာနဟာလည်း အကြေအလည် ညှိနှိုင်းဆွေးနွေးပြီးတော့ သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာလျှင် အရှိန်အဟုန်နဲ့ ချမ်းသာတဲ့ဘဝကို ရောက်ရှိသွားနိုင်တဲ့ အတွက်ကြောင့်

ဒီဟာကို အလေးအနက် ထည့်သွင်းစဥ်းစားသင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုင်းမြမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၅။**

**ဦးစိုင်းမြမောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမြမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ရဲ့ တင်သွင်းထားတဲ့ ချင်းပြည်နယ် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း သတ္တုလုပ်ကွက်များ စမ်းသပ်တိုင်းတာခွင့် လျှောက်ထားမှု အပေါ် ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံးသော ချင်းပြည်နယ်အား ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဦးတည်ချက်ထားပြီး ခွင့်ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုကို ထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံသာမက ကမ္ဘာမြေမှ လူသားတို့ အသက်ရှင်နေထိုင်နိုင်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်တဲ့ လေ၊ ရေ၊ မြေဆီလွှာ၊ သစ်တောများ၊ သစ်ပင်များ၊ ပင်လယ်သမုဒ္ဒရာ၊ တိရစ္ဆာန်၊ ရေသယံဇာတ၊ မြေသယံဇာတ၊ သတ္တုသယံဇာတ စသည်တို့ဖြင့် ပြည့်စုံတဲ့ သဘာဝပတ်ဝန်းကျင် ရှိပါတယ်။ အဲဒီ သဘာဝပတ်ဝန်းကျင် ပါဝင်တဲ့ သက်ရှိ၊ သက်မဲ့ အရာအားလုံးဟာ တစ်ခုနဲ့ တစ်ခု အပြန်အလှန် အမှီသဟဲပြုလျက် လူသားတို့၏ အသက်ရှင် ရပ်တည်ရေးကို ထောက်ကူပံ့ပိုးလျက်ရှိပါတယ်။ ဒါကြောင့် ဒီကမ္ဘာ၌ သဘာဝ ပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်ဟာ ကျွန်တော်တို့ လူသားတို့ရဲ့ တာဝန် ဖြစ်ပါတယ်။ ကမ္ဘာရဲ့ သုံးပုံတစ်ပုံမှာ ကုန်းမြေဖြစ်ပြီး၊ ဧရိယာအားဖြင့် စတုရန်းမိုင် ကီလိုမီတာ သန်း(၁၄၀)ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

သက်ရှိအားလုံး ရှင်သန်ရေးအတွက် မြေသယံဇာတသည် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပါတယ်။ မြေသည် အကန့်အသတ်ဖြင့်ရှိပြီး ပျက်စီးယိုယွင်းရန်လည်း လွယ်ကူပါတယ်။ မြေအသုံးချမှု မမှန်ကန်ခြင်း၊ စိုက်ပျိုးနည်းစနစ်ညံ့ဖျင်းခြင်း၊ မြေဆီလွှာထိန်းသိမ်းမှု နည်းပါးခြင်း၊ သစ်တော ပြုန်းတီးခြင်း၊ တိရစ္ဆာန်စားကျက်မြေအဖြစ် အသုံးချမှုလွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ ရေလျှံခြင်း၊ ရေတိုက်စားခြင်း တို့ကြောင့် ကမ္ဘာအရပ်ရပ်တွင် မြေယာ ယိုယွင်းပြုန်းတီးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း လေ့လာ သိရှိ ရပါတယ်။ မြေယာ စုစုပေါင်း(၂၃)ရာခိုင်နှုန်းကျော်မှာ ခြောက်သွေ့မြေများ ဖြစ်ပေါ်လျက် ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

ကျွန်တော်တို့ ကမ္ဘာမြေကြီး ပူနွေးလာရခြင်း အကြောင်းအရင်းမှာ အဓိကအားဖြင့် စက်ရုံ၊ အလုပ်ရုံ၊ မော်တော်ယာဉ် စသည်တို့မှ လေထုအတွင်းသို့ စွန့်ထုတ်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်၊ နိုက်ထရိုက်အောက်ဆိုဒ်၊ ဆာလဖာဒိုင်အောက်ဆိုဒ် အခြားအခြေအမြစ် အမျိုးမျိုးမှ ထုတ်လုပ်တဲ့ မီသိန်းဓာတ်ငွေ့များ၊ ကလိုရိုဖလူရိုကာဗွန် (CFC) ဓာတ်ငွေ့များ စသည့်တို့ကြောင့် ဖြစ်ရပါတယ်။ ကမ္ဘာပေါ်တွင် နှစ်စဉ် စတုရန်းကီလိုမီတာ(၆၀၀၀၀)မှာ သဲကန္တာရဖြစ်ပြီးတော့၊ မြေဟက်တာ(၂၀၀၀)ခန့်မှာ မြေဆီလွှာညံ့ဖျင်းမှုနဲ့ ကြုံတွေ့နေရပါတယ်။ မြေဆီလွှာ ဆုံးရှုံးမှုကို လေ့လာကြည့်မယ်ဆိုရင် ရေတိုက်စားမှုကြောင့် (၅၆)ရာခိုင်နှုန်း၊ လေတိုက်စားမှုကြောင့် (၂၈)ရာခိုင်နှုန်း၊ ဓာတုဗေဒပစ္စည်းကြောင့် (၄)ရာခိုင်နှုန်း ပျက်စီးဆုံးရှုံးကြောင်း ပညာရှင် များက ခန့်မှန်းထားကြပါတယ်။

ယခု တင်ပြထားချက်များကို လေ့လာစမ်းစစ်ပါက သတ္တုနှင့် သယံဇာတတူးဖော်မှုကြောင့် ကမ္ဘာမြေကြီး ပျက်စီးဆုံးရှုံးမှုမှတ်တမ်းကို ထည့်သွင်းမထားတာကို သိရှိရပါတယ်။ သယံဇာတကြောင့် ပတ်ဝန်းကျင်ပျက်စီးမည်ဆိုပါက ယခုဖွံ့ဖြိုးပြီး ချမ်းသာနေတဲ့ ဂျပန်၊ အမေရိကန်၊ ဩစတြေးလျနိုင်ငံများမှာ သတ္တုနှင့် သယံဇာတများကြောင့် စက်မှုဖွံ့ဖြိုးပြီး တိုးတက်ချမ်းသာမှု သာရှိကြောင်းနှင့် တူးဖော်ရာမှာ ဆောင်ရွက်ချိန်နှင့် ပြီးစီးချိန်တို့၌ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို မပျက်မကွက် လုပ်ဆောင်ပေးပါက သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အထက်တွင် ဖော်ပြခဲ့တဲ့ အချက်အလက်များဟာ ကျွန်တော်လေ့လာမိသလောက် ရှာဖွေတင်ပြတာဖြစ်ပါတယ်။ ဘူမိပညာရှင်များနဲ့ သစ်တောပညာရှင်များ စတဲ့ ပညာ

ရှင်များက ကျွန်တော်တို့ နိုင်ငံအတွက် အကောင်းဆုံးနည်းလမ်းကို ရှာကြံပြီး နည်းပညာများကို ပြည်သူများသိရှိအောင် ဖြန့်ဝေပေးခြင်းဖြင့်သော်လည်းကောင်း၊ ရှင်းလင်းဟောပြောခြင်းဖြင့် သော်လည်းကောင်း၊ ဗဟုသုတများစွာကို ဖြန့်ဝေပေးခြင်းများဖြင့် ပြုလုပ်ပေးလျှင် သယံဇာတ တူးဖော်ခြင်းကြောင့် ပျက်စီးမှုကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ သတ္တုနဲ့ သယံဇာတ တူးဖော်ခြင်း လုပ်ငန်းတွင် နည်းစဥ်ဖြင့် စနစ်တကျ တူးဖော်မည်ဆိုပါက ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု အနည်း ဆုံးနဲ့ လုပ်ဆောင်နိုင်တာကို တွေ့ရှိရပါတယ်။ နည်းပညာဖွံ့ဖြိုးပြီး နိုင်ငံများမှာ မိုင်းလုပ်ငန်း တစ်ခုကို နှစ်ပေါင်း(၅၀)ကျော်အထိ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ လုပ်ဆောင်နေ ကြတာကိုလည်း တွေ့ရှိရပါတယ်။

နေ့စဥ် လူနေမှုဘဝတွင် သတ္တုနှင့်ကင်းကွာ၍ မရနိုင်တာ မဟုတ်တဲ့အတွက် ဒီလုပ်ငန်းကို ယခုမှ စီးပွားရေးအတွက် တွက်ချေကိုက်အောင် ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် နိုင်ငံတကာ စံချိန်စံညွှန်း၊ နည်းစနစ်၊ နည်းပညာများကို ချမှတ်ပေးပြီး စနစ်တကျ ခွင့်ပြုလုပ်ဆောင်စေသင့် ပါတယ်။ တူးဖော်ထုတ်လုပ်ရာ ဒေသခံပြည်သူများ အကျိုးဖြစ်ထွန်းအောင် ဦးစားပေး ချပြ စည်းရုံးပြီး ဒေသခံပြည်သူများ ပါဝင်လက်တွဲ ဆောင်ရွက်စေခြင်းဖြင့်လည်း အကျိုးစီးပွား ဖြစ်ထွန်း နိုင်ပါတယ်။

နယ်မြေဒေသ အတော်တော်များများဟာ နောင်နှစ်အတော်ကြာသည်အထိ အလုပ်ရုံ၊ စက်ရုံတွေ ဖွံ့ဖြိုးလာဖို့ အချိန်ယူဆောင်ရွက်ရဦးမှာ ဖြစ်ပါတယ်။ လက်ရှိ မိရိုးဖလာစိုက်ပျိုးရေး လုပ်ငန်းများကလည်း စားဝတ်နေရေး အဆင်ပြေနိုင်ဖို့ ခက်ခဲမှုရှိနေပါတယ်။ ဒီလိုဒေသတွေကို ထဲထဲဝင်ဝင် ရောက်ရှိလေ့လာမှသာလျှင် ၎င်းတို့အခက်အခဲကို သိရှိနိုင်မှာ ဖြစ်ပါတယ်။ တစ်ဖက် ကလည်း မိရိုးဖလာအလုပ်ကို လုပ်ကိုင်စေပြီး တစ်ဖက်က ၎င်းတို့ဒေသမှာ ထွက်ရှိနေတဲ့ သတ္တု များကို စနစ်တကျ ထုတ်လုပ်ရောင်းချစေခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်ပြီး ဝင်ငွေတိုးတက်ရရှိစေကာ လူနေမှုဘဝ မြင့်မားတိုးတက်လာစေမှာ ဖြစ်ပါတယ်။ အထက်ပါကဲ့သို့ သော အခြေခံပြည်သူများအတွက် အချိန်တိုအတွင်း အရင်းအနှီး ပေါ်လာနိုင်တဲ့အပြင် ပြည်သူ များအနေဖြင့် မိုင်းလုပ်ငန်းနဲ့ ရင်းနှီးကျွမ်းဝင်လာပြီး အကြီးစား သတ္တုလုပ်ငန်းများ ဝင်ရောက် လာပါကလည်း လုပ်ငန်းအတွေ့အကြုံရှိသော လုပ်သားများလည်း မွေးထုတ်လေ့ကျင့်ထားပြီး သကဲ့သို့ ဖြစ်နေမှာဖြစ်ပါတယ်။

သတ္တုကဏ္ဍမှာပင် နည်းပညာမြင့်တက် မြှင့်တင်ဆောင်ရွက် လာနိုင်တာနဲ့အမျှ နိုင်ငံတော်နဲ့ နိုင်ငံသားများ အကျိုးစီးပွားကို လျင်မြန်စွာ ဖော်ဆောင်ပေးနိုင်ပြီး ပြည်သူများမှ လည်း အသိအမြင်ကြွယ်ဝကာ လုပ်ငန်းအပေါ် ဆောင်ရွက်လိုစိတ်ဖြင့် တိုးတက်လာမှာဖြစ် ပါတယ်။ ဒါ့အပြင် သတ္တုသယံဇာတ တူးဖော်မှုလုပ်ငန်းဟာ အစိမ်းရောင်စီးပွားရေးလုပ်ငန်းရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်တယ် ဆိုတာကိုလည်း လက်တွေ့လုပ်ဆောင်မှုအရ လက်ခံယုံကြည်လာကြမှာ ဖြစ်ပါတယ်။ အာရှဒေသအတွင်းရှိ သယံဇာတလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာကြည့်ပါလျှင် သဘာဝပတ်ဝန်းကျင်ကို အလေးထားပြီး အဆင့်မြင့်နည်းပညာများ၊ စက်ကိရိယာများ၊ ဓာတုပစ္စည်းများ သုံးစွဲထုတ်လုပ်နေတာတွေ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲနေတာတွေ တွေ့မြင်ရရင် ဒီသတ္တုသယံဇာတဟာလည်းပဲ အစိမ်းရောင်စီးပွားရေး ဖြစ်တယ်ဆိုတာကို လက်ခံကြရမှာ ဖြစ်ပါတယ်။ သတ္တုတူးဖော် ထုတ်လုပ်မှုကို သဘာဝပတ်ဝန်းကျင် ရှုထောင့်ကနေ ပြင်းပြင်းထန်ထန် ကန့်ကွက်တာကိုလည်း ကြုံတွေ့ရနိုင်ပါတယ်။ ဒါပေမယ့် ပြည်သူတွေ သတ္တုသယံဇာတ အရင်းအမြစ်ဆိုင်ရာလုပ်ငန်း၊ ဗဟုသုတဆိုင်ရာ အချက်အလက်များ ပြည့်ပြည့်စုံစုံ မသိရှိကြသေးလို့ ဖြစ်နိုင်ပါတယ်။

ကမ္ဘာကြီးတွင် လူသားများ နေ့စဉ် အသက်ရှင်ရပ်တည်နိုင်ရေးအတွက် သတ္တုသယံဇာတ များကို အမျိုးမျိုး တီထွင်ဆန်းသစ်ပြီး အသုံးပြုနေကြတာ ဖြစ်ပါတယ်။ လူသုံးကုန်ပစ္စည်းများ၊ အခြေခံအဆောက်အအုံများ၊ နည်းပညာမြင့် ပစ္စည်းများကို သတ္တုပစ္စည်းများနဲ့ သုံးစွဲရတာဖြစ်ကြောင်း တင်ပြလိုပါတယ်။ နိဂုံးချုပ်အားဖြင့် အထက်တင်ပြပါတို့ကို နိုင်ငံတော်မှ သေချာစိစစ်လေ့လာပြီးတော့မှ ခွင့်ပြုသင့်ကြောင်းနဲ့ အမြန်တွန်းအားပေး ဆောင်ရွက်ခွင့်ပြုခြင်းတို့ကို ချမှတ်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ အဆိုရှင်တင်ပြတဲ့ ချင်းပြည်နယ် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း သတ္တုလုပ်ကွက်များ စမ်းသပ်တိုင်းတာခွင့် လျှောက်ထားမှုအပေါ် ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံးသော ချင်းပြည်နယ်အား ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဦးတည်ချက်ထားပြီးတော့မှ ခွင့်ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော်မှ လေးလေးနက်နက် ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၅။**

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်က ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနေဝင်းထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း တင်သွင်းသွားတဲ့ ချင်းပြည်နယ် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း သတ္တုလုပ်ကွက်များ စမ်းသပ်တိုင်းတာခွင့် လျှောက်ထားမှုအပေါ် ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံးသော ချင်းပြည်နယ်အား ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဦးတည်ချက်အား ခွင့်ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုကြီးရဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်(၁၄)ခုမှာ ချင်းပြည်နယ်ဟာ လမ်းပန်းဆက်သွယ်ရေး အခက်ခဲဆုံး ဖြစ်ပါတယ်။ မြေမျက်နှာပြင် အသွင်အပြင်အရလည်း မြင့်မားသောတောင်တန်းများနဲ့ ဖွဲ့စည်းထားခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများအတွက်လည်း အခြေအနေပေးမှု မရှိခဲ့ပါဘူး။ ဒါကြောင့် ချင်းပြည်နယ်ကို ဖွံ့ဖြိုးမှုနောက်အကျဆုံးအဖြစ် ထားရှိခဲ့ရပါတယ်။ ဒါက ယနေ့မတိုင်ခင် အခြေအနေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အနေနဲ့ အတိတ်ကို ပြုပြင်ပြောင်းလဲဖို့ မဆောင်ရွက်နိုင်ပေမယ့် ဒီနေ့နဲ့ အနာဂတ်ကိုတော့ ဖန်တီးနိုင်စွမ်းရှိကြသူများ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးကို ဟန်ချက်ညီညီနှင့် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေဖို့ ရည်မှန်းချက်ထားရှိတဲ့အတိုင်း ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ပိုမိုအလေးထား ဖေးမကူညီးပြီး လက်တွဲခေါ်ယူသွားကြရမှာ ဖြစ်ပါတယ်။

ဦးဇုန်လှယ်ထန်း အဆိုပြုသွားခဲ့သလို ချင်းပြည်နယ်အပေါ် သဘာဝတရားကြီးရဲ့ မျက်နှာသာပေးမှုက ရှိနေပါတယ်။ ချင်းပြည်နယ်မှာ ရေနံ အပါအဝင် သဘာဝသယံဇာတတွေ ရှိနေပါတယ်။ ဒါကို ယခုအစိုးရလက်ထက်မှ တင်ပြရပါသော်လည်း လမ်းစဉ်ပါတီအစိုးရ လက်ထက်ကတည်းက ၁၉၈၀-၁၉၈၂ ခုနှစ်မှာ ဂျာမဏီနိုင်ငံနဲ့ ပူးပေါင်းပြီး ချင်းနဲ့ ရခိုင် ပြည်နယ်များဆိုင်ရာ သတ္တုသယံဇာတလေ့လာမှုပြုလုပ်နိုင်ခဲ့ပြီး (e-come report) ထွက်ခဲ့ ပါတယ်။ ယင်းအစီရင်ခံစာအရ ချင်းပြည်နယ်တွင် ကလေးမြို့နယ်ဒေသဖြစ်သော မြွေတောင်၊ ဝေဘူလတောင်နဲ့ ဘူမိဘွမ်းတို့တွင် ခရိုမီယမ်နှင့် အခြားသတ္တုတို့ ထွက်ရှိကြောင်း၊ ကန်ပက်လက်တို့တွင်လည်း ကြေးနီများထွက်ရှိကြောင်း၊ ဝေဘူလတွင်လည်း မဂ္ဂနီများ ထွက်ရှိနေကြောင်း၊ မောင်တော်၊ နှမတော်တောင်များတွင်လည်း၊ ချင်း၊ မကွေးနယ်စပ်တွင်လည်း ခရိုမိုက်များ ထွက်ရှိ နေကြောင်း အထောက်အထားများအရ တွေ့ရှိရပါတယ်။

ယနေ့ခေတ် ဘူမိဗေဒလေ့လာစမ်းသပ်မှုအရ ချင်းပြည်နယ်တွင် တီးတိန်မြို့၌ ကံ့ကူဆံ၊ ခရိုမိုက်၊ ကြေးနီ၊ ကျောက်မီးသွေး၊ တွန်းဇံမြို့နယ်မှာ ခရိုမိုက်၊ မတူပီမြို့နယ်မှာ ကြေးနီ၊ ခရိုမီယမ်၊ ဖလမ်းမြို့နယ်မှာ ခရိုမီယမ်၊ ပလက်ဝမြို့နယ်မှာ ရေနံနှင့် မင်းတပ်မြို့နယ်မှာ ကြေးနီနှင့် အခြား သတ္တု အစရှိသည်တို့ အသီးသီးထွက်ရှိကြောင်း တွေ့ရှိရပါတယ်။ ချင်းပြည်နယ်တွင် မြို့ပေါင်း (၉)ခုအနက် မြို့နယ်(၇)ခုတွင် သတ္တုသယံဇာတ၊ ပလက်ဝတွင် ရေနံတို့ ထွက်ရှိနေတာ တွေ့ရပါ သဖြင့် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဒေသဖြစ်ထွန်းနေသော မြေအောက်သယံဇာတ များကို ထုတ်လုပ်စေခြင်းအားဖြင့် တိုးတက်စေနိုင်ပြီး ချင်းပြည်နယ်တွင် မှီတင်းနေထိုင်ကြသော ဒေသခံတိုင်းရင်းသားများ ယင်းအကျိုးကျေးဇူးကို ရရှိစေနိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော်သည် အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတရေးရာကော်မတီအဖြစ် တာဝန်ယူလျက်ရှိရာ လွှတ်တော်နားသည့်အချိန်များတွင် ကော်မတီဝင်များနှင့်အတူ ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသခံမိဘပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တိုင်းရင်းသားမိဘပြည်သူများ သိလိုသည်များကို မရှင်းလင်းသည်များကို မေးမြန်းသည့်အပေါ် ဖြေကြားပေးခြင်း၊ သတ္တုနှင့် သယံဇာတလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ဗဟုသုတ ဖြန့်ဝေပေးခြင်း၊ အသိပညာနှင့် အတွေ့အကြုံများကို ဖလှယ်ပေးခြင်းများကို ပြုလုပ်ခဲ့ ပါတယ်။ ၂၄-၉-၂၀၁၂ ခုနှစ်မှ ၄-၁၀-၂၀၁၂ ရက်နေ့အတွင်း သွားရောက်ခဲ့သည့် မကွေးတိုင်း

ဒေသကြီး၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ခရီးစဉ်တွင် ချင်းပြည်နယ် ကန်ပက်လက်၊ ဟားခါး၊ ဖလမ်းမြို့များသို့ ရောက်ရှိခဲ့ပါတယ်။

ကော်မတီတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များစွာပါဝင်ပြီး ဒေသခံ တိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခွင့် ရခဲ့ပါတယ်။ ချင်းပြည်နယ်ခရီးစဉ်တွင် ဝန်ကြီးချုပ် ဦးဟုန်ငိုင်း နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌများမှ ကြိုဆိုခဲ့ပါတယ်။ ထို့နောက် ဒေသခံများနှင့် တွေ့ဆုံရာတွင် တိုင်းရင်းသား ပြည်သူများ၊ ကျောင်းသားလူငယ်များ၊ ဌာနဆိုင်ရာများက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြပါတယ်။ ဆွေးနွေးပွဲများတွင်လည်း စိတ်ပါဝင်စားစွာပါဝင်ဆွေးနွေးခဲ့ကြပါတယ်။ ဒေသအတွင်းသတ္တုများ နှင့် ရေနံထွက်ရှိမှုများအပေါ် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် လိုလားတက်ကြွလျက် ရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံ ပတ္တမြားနဂါးသတ္တုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းမှလည်း ချင်းပြည်နယ်အတွင်း သတ္တုထုတ်လုပ်မှု လုပ်ငန်းများလုပ်ကိုင်နိုင်ရန် ကုမ္ပဏီ(၁၀)ခု တည်ထောင်ပေးရန် ကတိပြုခဲ့ပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ချင်းပြည်နယ်တွင် သတ္တုလုပ်ငန်း ပုဂ္ဂလိကကဏ္ဍ လုပ်ကိုင်မှုသည် ယခုမှ စတင်ရခြင်း ဖြစ်ပါတယ်။ အထက်ပါ လေ့လာတွေ့ရှိချက်များအရ လုပ်ကွက်လျှောက်ထားမှုများလည်း ရှိလာ ပါတယ်။ သတ္တုလုပ်ကွက်များ၊ သစ်တောကြိုးဝိုင်းနှင့် ကာကွယ်တောများအတွင်း ကျရောက် သည်ကသာ များနေပါသဖြင့် လုပ်ကွက်လျှောက်ထားရေး လုပ်ထုံးလုပ်နည်းအရ သစ်တောရေးရာ ဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ကို တောင်းခံရာတွင် အချို့စီးပွားရေးလုပ်ငန်းရှင်တို့၏ ကုမ္ပဏီများမှာ ခွင့်ပြုချက်ရရှိကြပြီး ချင်းပြည်နယ်သူ/ပြည်နယ်သားများမှ ယခုမှ မျက်စိပွင့်ပြီး လုပ်ကွက်များစတင်လျှောက်ထားရာတွင် သစ်တောရေးရာဝန်ကြီးဌာန၏ ထောက်ခံမှုမရရှိ၍ ဆက်လက်ပြီး လုပ်ကွက်လျှောက်ထားမှု မပြုနိုင်ကြောင်း သိရှိရပါတယ်။ သတ္တုလုပ်ကွက်များ မလျှောက်ထားမီ သက်ဆိုင်ရာ မြေစာရင်းဌာန၊ သစ်တောဌာနများ၌ လေ့လာခဲ့ရာ သစ်တော ကြိုးဝိုင်းစာရင်းမှာ ပါရှိနေသော်လည်း သစ်တောဖြစ်ထွန်းနေခြင်း မရှိသော၊ သစ်တောဟု မခေါ်ဆိုနိုင်သောအဆင့်သို့ ရောက်ရှိနေသည့် တောနိမ့်၊ တောပျက် အဆင့်ဖြင့် လျှောက်ထားခဲ့ သော်လည်း သဘောထားမှတ်ချက်ပြုရာတွင် သစ်တောများဖြစ်နေ၍ ခွင့်မပြုနိုင်ကြောင်း ဖော်ပြ ထားသဖြင့် မည်သည့်အဆင့်၊ မည်သည့်နေရာတွင် လွဲချော်နေသည်ကို မသိရဘဲ လုပ်ကွက်

ကတော့ လျှောက်လို့မရဖြစ်ခဲ့ရကြောင်း ဦးဇုန်လှယ်ထန်း ၏ အဆို၌ ဖော်ပြထားသည်ကို တွေ့ရှိရပါတယ်။

ကျွန်တော့်အနေဖြင့် ချင်းပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်စေချင်သော ချင်းတိုင်းရင်းသားပြည်သူများထက် မလျော့သော စေတနာဖြင့် ချင်းပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်စေချင်ပါတယ်။ ချင်းပြည်နယ်သည် ဆင်းရဲနွမ်းပါးမှုနှုန်း အမြင့်မားဆုံးဆိုတာကို၊ ဖွံ့ဖြိုးမှုနောက်ကျဆုံးဆိုတာကို ယခုလို စီးပွားရေးတံခါးဖွင့်ပေးတဲ့ အချိန်မှာ မှန်ကန်သောနည်းလမ်းဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်နိုင်မှု အခွင့်အလမ်း ပေးစေလိုပါတယ်။ တိုင်းရင်းသားပြည်သူများ အလုပ်အကိုင်ရရှိစေမယ့် တစ်ဦးချင်းနှင့် မိသားစုအလိုက် ဝင်ငွေတိုးရှိစေမယ့် မိမိတို့ဒေသမှာပဲ ဖြစ်ထွန်းနေတဲ့ သယံဇာတများကို တူးဖော်ထုတ်လုပ်ခြင်းမှ အဆင့်တက်ပြုပြင်သည့်အထိ ဒေသဖွံ့ဖြိုးဖို့ ဒေသခံများ လုပ်ကိုင်ခွင့် ရရှိစေသင့်ပါတယ်။ အခြားနိုင်ငံတွေမှာဆိုရင် ကိုယ့်လူမျိုးနှင့် ကိုယ့်တိုင်းပြည်အကျိုးစီးပွားကို ဘယ်လောက်ထိ ကာကွယ်ပေးသလဲဆိုရင် ဥပမာ - ကိုယ့်နိုင်ငံက စိုက်ပျိုးရေးသမားတွေ စိုက်ပျိုးတဲ့ ကြက်သွန်ဖြူတွေ စိုက်တယ်။ ဒါဆိုရင် တစ်ခြားနိုင်ငံက ဝင်လာတဲ့ ကြက်သွန်ဖြူအပေါ် တင်သွင်းခွင့်တွေတော့ မပိတ်ပင်ထားပေမယ့် သွင်းကုန်အပေါ်မှာ အခွန်ရာခိုင်နှုန်းကြီးမားစွာသတ်မှတ်ပေးပြီး ကောက်ခံလိုက်ပါတယ်။ ဒါဆိုရင် တခြားနိုင်ငံက ကြက်သွန်ဖြူ တင်သွင်းသူတွေ အကျိုးအမြတ်နည်းတော့ ပြည်ပကနေ ကြက်သွန်ဖြူ တင်သွင်းဖို့ လက်ရှောင်သွားကြပါတယ်။ ကြက်သွန်ဖြူဟာ ပြည်တွင်းမှာ ထုတ်လုပ်စိုက်ပျိုးသူများ ဈေးကွက်ကို လာမပြိုင်တော့တဲ့အတွက် ပြည်တွင်းမှာ ဈေးနှုန်းတည်ငြိမ်ပြီး စိုက်ပျိုးထုတ်လုပ်သူတွေလည်း အကျိုးစီးပွား မထိခိုက်စေဘဲ ကိုယ့်ရဲ့ စိုက်ပျိုးထုတ်လုပ်မှုအပေါ် အကျိုးခံစားခွင့် ရရှိစေပါတယ်။ ဒါက Policy ဖြစ်ပါတယ်။

ထိုနည်းတူစွာပဲ ချင်းပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်စေချင်တယ်၊ ဆင်းရဲနွမ်းပါးမှု လျှော့ချစေချင်တယ်ဆိုရင် ချင်းပြည်နယ်မှာ လုပ်ကိုင်ခွင့်ရှိတဲ့ လုပ်ငန်းတွေကို လုပ်ကိုင်ခွင့်ရဖို့ သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာနတွေက အားပေးရန်လိုအပ်ပြီး၊ ခွင့်ပြုမိန့်များ ချပေးရာမှာလည်း သက်ဆိုင်ရာ ဒေသဖွံ့ဖြိုးရေးကို ဦးတည်ချက်ထားပြီး ဖြစ်နိုင်သော နည်းလမ်းများရှာဖွေကာ ခွင့်ပြုပေးခြင်းအားဖြင့် လုပ်ကိုင်ခွင့်ရရှိအောင် ဆောင်ရွက်ပေးသင့်ပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းများရရှိမှသာ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမှုကို ကာကွယ်နိုင်မှာဖြစ်ပြီး မိမိကိုယ်တိုင် မိမိ

မိသားစုမှသည် မိမိပြည်နယ်၊ မိမိတိုင်းပြည်အတွက် အကျိုးရှိအောင်၊ တိုးတက်ပြောင်းလဲအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဦးဇုန်လှယ်ထန်း ရဲ့ အဆိုအပေါ်မှာ လေ့လာသုံးသပ်ကြည့်ရာ သတ္တုလုပ်ကွက် လျှောက်ထားရာတွင် တွေ့ကြုံရသည့် အခက်အခဲ ဖြစ်နေပါသော်လည်း သတ္တုတွင်းဝန်ကြီးဌာန ၏ လုပ်ငန်းနှင့် မပတ်သက်သေးကြောင်း၊ သတ္တုတွင်းဝန်ကြီးဌာနသို့ လုပ်ကွက်လျှောက်ထား ရာတွင် ဆက်နွယ်ပတ်သက်သည့် ဝန်ကြီးဌာနများတွင် ထောက်ခံချက်များ၊ သဘောထား မှတ်ချက်များ၊ ထောင်းခံရယူရသည့်အဆင့်၌ တွေ့ကြုံရသည့် အခက်အခဲများဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါမျိုးဟာ သတ္တုလုပ်ကွက် လျှောက်ထားတိုင်း တွေ့ကြုံနေရတဲ့ သဘော သဘာဝ ရှိပါတယ်။ ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပေးခြင်းအားဖြင့်လည်း ပြေလည်သွားနိုင်ပါတယ်။ ဒါကြောင့် ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်ပေးစေလို ပါတယ်။

ယခုမှဖွံ့ဖြိုးတိုးတက်ဖို့ တက်တက်ကြွကြွနဲ့ စီးပွားရေးလုပ်ငန်းနယ်ပယ်ကို လျှောက်လှမ်း ဝင်ရောက်လာတဲ့ ချင်းတိုင်းရင်းသားကုမ္ပဏီများကို ချင်းပြည်နယ်အတွင်းစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်အောင် ဦးစားပေးပြီး ခွင့်ပြုမိန့်များ ချထားပေးစေလိုတဲ့ဆန္ဒ ကျွန်တော်တို့ မှာလည်း ရှိပါတယ်။ အဲဒါကြောင့် ချင်းပြည်နယ် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော များအတွင်း သတ္တုလုပ်ကွက်များ စမ်းသပ်တိုင်းတာခွင့် လျှောက်ထားမှုအပေါ် ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံးသော ချင်းပြည်နယ်အား ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဦးတည်ချက်ကိုထား၍ ခွင့်ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ချင်းပြည်နယ်မဲဆန္ဒအမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ရဲ့ အဆိုကို ကျွန်တော် လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၂၀)မိနစ် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အာလုံးထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၂၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၄၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး သည် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ**။ ။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနှင်းဝေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၈။**

**ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနှင်းဝေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးဇုန်လှယ်ထန်း တင်သွင်းသွားတဲ့ အဆိုနဲ့ ပတ်သက်ပြီး ဆက်စပ်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်(၁၄)ခု ရှိတဲ့အနက် တွင်းထွက်သယံဇာတများအား နိုင်ငံဧရိယာရဲ့ (၅၄)ရာခိုင်နှုန်းမှာ သတ္တုတူးဖော်နိုင်တာ သိရှိရပါတယ်။ နိုင်ငံတော်မှာ ထွက်ရှိတဲ့ သတ္တုအမျိုးအစားပေါင်း (၄၀)ကိုလည်း မှတ်တမ်းပြုစုထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ ကယားပြည်နယ် (၇)မြို့နယ်လုံးမှာ သတ္တုသယံဇာတများ ထွက်ရှိပါတယ်။ လွိုင်ကော်မြို့နယ်မှာ ခနောက်စိမ်း၊ ထုံးကျောက်၊ တိုမလင်း၊ စကျင်ကျောက်၊ ဖားဆောင်းမြို့၊ မော်ချီးဒေသမှာ ခဲမဖြူ အဖြိုက်နက်၊ ခနောက်စိမ်း၊ ဒီမောဆိုမြို့နယ်မှာ ထုံးကျောက်၊ ခနောက်စိမ်း၊ ကျောက်မီးသွေး၊ ဖရူဆိုမြို့နယ်မှာ ထုံးကျောက်၊ ခနောက်စိမ်း၊ ဘော်လခဲမြို့နယ်၊ ရွာသစ်မှာ ခနောက်စိမ်း၊ မြကျောက်၊ စကျင်ကျောက်၊ မယ်စဲ့မြို့နယ်၊ ဟိုကျစ်မှာ ခနောက်စိမ်း၊ ရှားတောမြို့နယ်မှာ ခနောက်စိမ်း၊ သက်နု ပတ္တမြား၊ နီလာနှင့် ကျောက်မီးသွေး စသည့် သတ္တုသယံဇာတများ ထွက်ရှိကြောင်း သိရှိရပါတယ်။ ဘူမိပညာရှင်များ လေ့လာတွေ့ရှိချက်အရ ကျွန်တော်တို့ ကယားပြည်နယ် (၇)မြို့နယ်အနက် (၄)မြို့နယ်မှာသာ သတ္တုထွက်ရှိကြောင်း သိရှိရပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ယနေ့ ကယားပြည်နယ်မှာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ကောင်းမွန်နေပြီ ဖြစ်တာကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားအကျိုး ရှေးရှုပြီး အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့၊ ဆင်းရဲနွမ်းပါးမှုလျှော့ချဖို့နဲ့ ပြည်သူ့ဘဝတိုးတက်ဖို့ ကျန်ရှိတဲ့ဒေသများကိုလည်း ဘူမိဗေဒဌာနမှ ကွင်းဆင်းသုတေသနပြုပြီး သတ္တုလုပ်ကွက်နယ်မြေအဖြစ် သတ်မှတ်နိုင်ရန် အချိန်အခါသင့်နေပြီဖြစ်ကြောင်း အလျဉ်းသင့်လို့ ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံတော်မှာ လက်ရှိလူဦးရေ သန်း(၆၀)ကျော် ရှိပါတယ်။ (၃၄)ရာခိုင်နှုန်းဟာ မြို့နေလူထုဖြစ်ပြီးတော့မှ မြို့နေလူဦးရေတိုးနှုန်းမှာ (၂.၉)ရာခိုင်နှုန်းရှိပါတယ်။ (၇၀)ရာခိုင်နှုန်းဟာ ကျေးလက်များမှာ နေထိုင်ပြီးတော့မှ သမရိုးကျစိုက်ပျိုးရေးလုပ်ငန်းနဲ့ သဘာဝပေါ် မှီခိုနေထိုင်သူများ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးမှ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့မှာ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မယ့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီကို ဖွဲ့စည်းပြီး လုပ်ငန်းစဉ် (၈)ရပ်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးရာမှာ အိမ်တွင်းစက်မှုလက်မှုနဲ့ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုတဲ့ အချက်ပါရှိပါတယ်။ ၂၀၁၅ မှာ (၁၆)ရာခိုင်နှုန်းအောက် ဆင်းရဲမှုလျှော့ချရေး အစီအစဉ် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန်နဲ့ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရန် အခြေခံအရင်းအနှီး ရှိရမှာဖြစ်ပါတယ်။ ပြည်သူများအားလုံး စားဝတ်နေရေး ပြေလည်မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အစိမ်းရောင်စီးပွားရေးကို ထိထိရောက်ရောက် ထဲထဲဝင်ဝင် ပြည်သူများ ပါဝင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အစိမ်းရောင်စီးပွားရေးအရ ပတ်ဝန်းကျင်ထိခိုက်မှုမရှိတဲ့ နေ နဲ့ လေ စွမ်းအင်ကို အသုံးပြုရန် ဖော်ညွှန်းထားပါတယ်။ အရှေ့အလယ်ပိုင်းမှ ရေနံနဲ့ ကြွယ်ဝချမ်းသာတဲ့ နိုင်ငံကြီးများမှာတောင် အရင်းအနှီးစရိတ်စက ကြီးမားမှုကြောင့် လုပ်ငန်းရဲ့ (၁၀)ရာခိုင်နှုန်း ပြည့်မီအောင် မဆောင်ရွက်နိုင်တာကိုလည်း လေ့လာသိရှိရပါတယ်။ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတဲ့နိုင်ငံများမှာလည်း သယံဇာတ ထုတ်လုပ်တဲ့ စက်ရုံ၊ အလုပ်ရုံများ ဖွံ့ဖြိုးအောင် ဆောင်ရွက်ကြဆဲပဲ ဖြစ်ပါတယ်။

မိမိတို့ နိုင်ငံအနေနဲ့ အစိမ်းရောင်စီးပွားရေး ဖော်ဆောင်နိုင်ဖို့ ကျေးလက်နေ ပြည်သူ များကို အရင်းအနှီးရရှိရေးနဲ့ အလုပ်အကိုင်များကို ဖော်ဆောင်ပေးရမှာဖြစ်ပါတယ်။ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများ ရောက်ရှိလာပေမယ့် တိုင်းပြည် GDP တိုးတက်လာနိုင်သော်လည်း ပြည်သူ များ ဆင်းရဲမွဲတေနေရင် အဆင်မပြေမှုများ ဖြစ်လာနိုင်ပါတယ်။ မြန်မာနိုင်ငံစီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေး၊ သတ္တုတူးဖော်ရေးလုပ်ငန်းဟာ အရေးကြီးတဲ့ စီးပွားရေးလုပ်ငန်းတစ်ရပ် ဖြစ်ပါတယ်။ တိုင်းပြည်ကို ဧကန်မုချ တိုးတက်စေရမည်ဟု မျှော်လင့်ပါတယ်။ အခြားဖွံ့ဖြိုးပြီးဖြစ်တဲ့ နိုင်ငံ များရဲ့ တိုးတက်လာတဲ့လမ်းကြောင်းကို အခြေခံကျကျ လေ့လာရပါမယ်။

ယနေ့ ဖွံ့ဖြိုးပြီးဖြစ်တဲ့ ဂျပန်နိုင်ငံရဲ့သမိုင်းကို လေ့လာကြည့်မယ်ဆိုရင် ၁၆၄၁ ခုနှစ်၊ စီးပွားရေးလုပ်ငန်းများမှာ ကံကြွေးချ စီးပွားရေးဘဝမှာပဲ ရှိခဲ့ပါတယ်။ ၁၈၆၈ ခုနှစ်၊ မေဂျီ ဘုရင်ဧကရာဇ်ခေတ်က ခေတ်မီတိုးတက်သော အနောက်နိုင်ငံများနှင့် ပုခုံးချင်း ယှဉ်ပြိုင်ရန် ဆန္ဒရှိခြင်းကြောင့် လက်တွေ့ကျကျ ဘက်စုံထောင့်စုံမှ အကွက်စေ့စေ့ လုပ်ဆောင်ပေးခဲ့ပါတယ်။ တစ်နိုင်ငံလုံး အကျိုးဖြစ်ထွန်းမယ့် သတ္တုထုတ်လုပ်မှုလုပ်ငန်းများကို အစွမ်းကုန် မြှင့်တင် အားထုတ်ပေးခဲ့သည့်အတွက် သတ္တုတွင်းပေါင်း (၇၀၀၀)ကျော်အထိ ထုတ်ယူနိုင်ခဲ့ပြီး နိုင်ငံခြားမှ အင်ဂျင်နီယာများ ငှားရမ်းဖိတ်ခေါ်ပြီး နည်းပညာများ ဝယ်ယူခဲ့ရပါတယ်။ စက်ရုံ၊ စက်ပစ္စည်း တတ်နိုင်သမျှ ဝယ်ယူစုဆောင်းပြီး ပြည်တွင်းစက်မှုထွန်းကားရေးကို ဦးစားပေး ဆောင်ရွက်ရာမှ (၂၀)ရာစုရောက်ချိန်မှာ ပုဂ္ဂလိကနှင့် အရင်းအနှီးများ စုဆောင်းနိုင်ခဲ့ပါတယ်။ ထိုအရင်းအနှီး

များနဲ့ နိုင်ငံခြားမှ အတတ်ပညာနဲ့ အရင်းအနှီးများ ဝယ်ယူစုဆောင်းနိုင်ခဲ့ပြီး တစိုက်မတ်မတ် ဆောင်ရွက်ခဲ့တာကြောင့် ယခု နှစ်ပေါင်းတစ်ရာကျော်အတွင်း တိုးတက်မှု များနှင့် အတွေ့အကြုံ မြောက်များစွာရှိနေပြီ ဖြစ်ပါတယ်။

အလားတူ သယံဇာတပေါကြွယ်ဝတဲ့ အာဆီယံနိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ မလေးရှားနိုင်ငံ ဟာ ဂျပန်နည်းပညာများကို အများဆုံးရယူပြီး နိုင်ငံတိုးတက်အောင် ဆောင်ရွက်ခဲ့တာကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံအဆင့် ရောက်ရှိဖို့ နီးနေပြီ ဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ နိုင်ငံမှာလည်း အဆိုပါ နိုင်ငံများကို လေ့လာခြင်း၊ နည်းပညာများ ခေါ်ယူသင်ကြားခြင်း၊ အရင်းအနှီးများ ဖိတ်ခေါ်ခြင်း စသည်များကို ကြိုတင်အကောင်အထည်ဖော်နိုင်ပါက မြေအောက်သယံဇာတ များမှ တူးဖော်သန့်စင်ပြီး ပစ္စည်းများကို ရောင်းချခြင်း၊ အကျိုးတူ ပူးပေါင်းပြုလုပ်ရန် လိုအပ် နေပါပြီ။ သတ္တုသယံဇာတ တူးဖော်ခြင်းမှ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဟာ အနည်းအကျဉ်း ဖြစ်ပါတယ်။ သတ္တုသယံဇာတ တူးဖော်ပြီး ချမ်းသာလာတဲ့ နိုင်ငံများရဲ့ ဆောင်ရွက်ချက် စီမံကိန်း များကိုလေ့လာပြီး မြန်မာနိုင်ငံနဲ့ ကိုက်ညီတဲ့ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်နိုင်တဲ့ နည်းလမ်း များကို ရှာဖွေဆောင်ရွက်ပေးမယ်ဆိုရင် အခြားနိုင်ငံများနည်းတူ ကျွန်တော်တို့နိုင်ငံမှာလည်း ပြည့်စုံကြွယ်ဝ ဖွံ့ဖြိုးတိုးတက်လာမှာ မလွဲဧကန် ဖြစ်ပါတယ်။ သတ္တုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှ ဒေသခံများရဲ့ဘဝ ပြောင်းလဲလာမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ သတ္တုသယံဇာတ ကော်မတီအနေနဲ့ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ကွင်းဆင်းခဲ့စဉ်မှာ၊ ဒေသခံများနဲ့ တွေ့ဆုံဆွေးနွေးရာမှာ တင်ပြချက်များအရ သွားရောက်ခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှာ အလုပ်လုပ်နိုင်သော လုပ်သားအရင်းအမြစ်များစွာ ပိုလျှံလျက်ရှိကြောင်း သိရှိရ ပါတယ်။ မိရိုးဖလာစိုက်ပျိုးရေး လုပ်ငန်းများဖြင့် ဘဝရပ်တည်နိုင်ရန် အခက်အခဲများရှိတာကြောင့် သတ္တုလုပ်ငန်းကို စိတ်ဝင်တစား လုပ်ကိုင်လိုတဲ့ လူဦးရေများစွာရှိတာကို တွေ့ဆုံ ဆွေးနွေးမှုအရ သိရှိရပါတယ်။ တိကျသော စည်းကမ်း၊ ခေတ်မီသော နည်းလမ်းများကို ပေါင်းစပ် ပေးလိုက်နိုင်ရင် နိုင်ငံတော်မှ လိုလားတဲ့ ကျေးလက်ဒေသဆင်းရဲမှု ပပျောက်ရေးကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

ဆိုလိုချင်တာကတော့ တိကျတဲ့ နည်းလမ်းနဲ့ ခေတ်မီသော နည်းပညာများ ပေးရန်သာ လိုအပ်မှာ ဖြစ်ပါတယ်။ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သဘာဝပတ်ဝန်းကျင် ပညာရှင်များအနေနဲ့ သတ္တုသယံဇာတလုပ်ငန်းများကို အစိမ်းရောင်စီးပွားရေးနဲ့ ဆန့်ကျင်ခဲ့ခြား ရှုမြင်ကြတဲ့ကိစ္စ ဖြစ်ပါတယ်။ အမှန်တကယ်တော့ သတ္တုသယံဇာတလုပ်ငန်းဟာ အစိမ်းရောင်စီးပွားရေးလုပ်ငန်း ဖြစ်တယ်ဆိုတာကို ထောက်ပြချင်ပါတယ်။ အနီးဆုံး အာရှဒေသမှာရှိတဲ့ သယံဇာတလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာစေချင်ပါတယ်။ ဓာတုပစ္စည်းသုံးစွဲမှုတွေ၊ သုံးစွဲထုတ်လုပ်နေတာတွေ၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲနေတာတွေကို တွေ့မြင်ရရင် ဒီသတ္တုသယံဇာတလုပ်ငန်းဟာ အစိမ်းရောင်စီးပွားရေး ဖြစ်တယ်ဆိုတာကို လက်ခံကြရမှာ ဖြစ်ပါတယ်။ နောက်ပြီး ကျွန်တော်တို့နိုင်ငံမှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးထားပြီး ဆောင်ရွက်ကြဖို့ ဥပဒေပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။

ဒါ့အပြင် သတ္တုတူးဖော် ထုတ်လုပ်တဲ့နေရာတိုင်းမှာ တူးဖော်ပြီး တာဝန်မဲ့စွာ စွန့်ပစ်ခဲ့တာမျိုး မဟုတ်ဘဲ မြေကို ပြန်လည်ပြုပြင်ပြီး ဖို့သင့်တာ ဖို့၊ အားလုံးပြီးစီးတဲ့အခါမှာ ဒေသ၊ ရာသီဥတုနဲ့ ကိုက်ညီတဲ့ ရှင်သန်မည့် သစ်တောများကို ပြန်လည်စိုက်ပျိုးဖို့လည်း လမ်းညွှန်ထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့တကွ အခြားအာဆီယံနိုင်ငံများနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း များကို လေ့လာတဲ့အခါမှာ သယံဇာတအရင်းအမြစ်များအပေါ် အခြေခံပြီး နိုင်ငံ၏စုစုပေါင်း ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (GDP)တိုးနှုန်းဟာ အလုပ်အကိုင်အခွင့်အလမ်းသစ် ကို မဖန်တီးနိုင်ကြတာကြောင့်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချမှု မရှိကြောင်းကို တွေ့ရှိရပြီး ကျေးလက်ထုတ်ကုန်မှာ ဈေးကွက်ရရှိရေး ဆောင်ရွက်မှုများဟာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အရေးပါတာကို တွေ့ရှိရပါတယ်။ ကျေးလက်ဒေသ ဖွံ့ဖြိုးမှုနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဆောင်ရွက်ရာမှာ မိမိနိုင်ငံနှင့် သင့်လျော်မယ့် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ကျန်အာဆီယံနိုင်ငံ များမှာလည်း မိမိနိုင်ငံအလိုက် ဆောင်ရွက်ကြဆဲဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

နိဂုံးချုပ်အားဖြင့် ကျွန်တော် တင်ပြခဲ့သည်များကို နိုင်ငံတော်မှ ခွင့်ပြုပေးနိုင်သော လုပ်ငန်း လုပ်ကိုင်ခွင့်ကို ချမှတ်ပေးနိုင်ရန် တင်ပြဆွေးနွေးရင်း ချင်းပြည်နယ် အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း အဆိုကို ဦးမြတ်ကို ရဲ့ ပြင်ဆင်ချက်နဲ့ နိုင်ငံတော်လိုအပ်ချက်နဲ့ ပြည်သူ့အကျိုး

ကို ကြည့်ပြီး ထောက်ခံကြောင်း၊ သဘောတူပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ကြံ့ဘာသံများ)

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘရန်ရှောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၉။**

**ဦးဘရန်ရှောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘရန်ရှောင် မှ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း တင်သွင်းသွားတဲ့ ချင်းပြည်နယ် သစ်တောကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအတွင်း သတ္တုလုပ်ကွက်များ စမ်းသပ်တိုင်းတာခွင့် လျှောက်ထားမှုအပေါ် ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံးသော ချင်းပြည်နယ်အား ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဦးတည်ချက်ထား၍ ခွင့်ပြုပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

သတ္တုလုပ်ငန်းဟာ ဆင်းရဲမှုကို လျှော့ချပေးနိုင်တာ အမှန်ပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်မှာလည်း သတ္တုတွေ အမြောက်အများ ထွက်တာကို တွေ့ရှိရပါတယ်။ သတ္တုမျိုးစုံ ပေါများကြောင်းနဲ့ ဖားကန့်ကျောက်စိမ်းဆိုတာ ကမ္ဘာမှာ နာမည် အရဆုံးပစ္စည်းဆိုတာ ကျွန်တော်တို့ အားလုံး တွေ့ရှိရတာ ဖြစ်ပါတယ်။ ကချင်ပြည်နယ် အတွင်းမှာ ထွက်တဲ့ သတ္တုအမျိုးအစားတွေကတော့ ဘူမိဗေဒပညာရှင်များ တွေ့ရှိထားချက်အရ ကျောက်မီးသွေး၊ ကျောက်မျက်၊ ကြေးနီ၊ နီကယ်၊ ရွှေ၊ သံ၊ ကျောက်ဂွမ်း၊ ဥဒေါင်းစိမ်း၊ ရွှေဖြူ၊ ပယင်း၊ ဘောက်ဆိုက် စသည်အားဖြင့် တွေ့ရှိထားတယ်ဆိုတာကို ကျွန်တော်တို့ သိရှိရပါတယ်။

ကျွန်တော်တို့ ကချင်ပြည်နယ်မှာ မြို့နယ်(၁၈)မြို့နယ်ရှိတယ်။ နောက်ပြီးမှ (၁၅)မြို့နယ်မှာ သတ္တုများထွက်တယ်ဆိုတာကို သိရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းမှာ တွင်းထွက်

ပစ္စည်း ထုတ်လုပ်တဲ့ သတ္တုလုပ်ငန်းဟာ အရေးကြီးတဲ့လုပ်ငန်းတစ်ရပ် ဖြစ်ပါတယ်။ ဓာတ်သတ္တု သယံဇာတ ပေါကြွယ်ဝတဲ့ နိုင်ငံဖြစ်တဲ့အတွက် ရေနံနဲ့ ကျောက်မီးသွေး ကဲ့သို့သော အားဖြည့် လောင်စာများ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ငွေ၊ ခဲ၊ သွပ်၊ ကြေးနီ၊ ခနောက်စိမ်း၊ သံရိုင်း နဲ့ ရွှေ ကဲ့သို့သော သတ္တုများ၊ ပတ္တမြား၊ နီလာ၊ ကျောက်နီ၊ ဥဿဖယား၊ ကျောက်စိမ်းနဲ့ ပယင်း ကဲ့သို့သော ကျောက်မျက်ရတနာများ၊ ဂေါ်ဒန်ကျောက်၊ ဘရိုက်တီး၊ ထုံးကျောက်နဲ့ ကြွေကျောက် ကဲ့သို့သော ဆောက်လုပ်ရေးနှင့် စက်မှုသုံးတွင်းထွက်များ မြန်မာနိုင်ငံအရပ်ရပ်တို့မှ တူးဖော်ရရှိ နေတာကို ကျွန်တော်တို့ တွေ့ရှိရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဖိုးတန် ကျောက်မျက်ရတနာကို တူးဖော်ထုတ်လုပ်မှုမှာ လွန်ခဲ့တဲ့ ဘီစီ(၂)ရာစုလောက်ကတည်းက ရှိခဲ့တယ်ဆိုတာကို ကျွန်တော်တို့ ဖတ်ရှုရပါတယ်။ အေဒီ (၁၅)ရာစုကပင် ငွေ၊ သွပ် နဲ့ ခဲ များကို တူးဖော်ထုတ်လုပ်ခဲ့ပါတယ်။ အင်္ဂလိပ်ခေတ် ၁၉၃၀ ပြည့်ပတ်ဝန်းကျင် အချိန်များမှာ မြန်မာနိုင်ငံဟာ ခဲမဖြူ၊ အဖြိုက်နက်၊ သတ္တု ကမ္ဘာ့ဈေးကွက်မှာ ထင်ရှားတဲ့ အဓိကထုတ်လုပ်တင်ပို့တဲ့ နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ခဲ့တာ တွေ့ရပါတယ်။ ၁၉၃၇ ဗြိတိသျှအင်ပါယာတစ်ခုလုံးရဲ့ အဖြိုက်နက်ထုတ်လုပ်မှု (၈၄)ရာခိုင်နှုန်းလောက်၊ တန်ချိန်(၅၀၀၀)လောက် ရှိတယ်လို့ ပြောတယ်။ အဲဒါ မြန်မာတစ်နိုင်ငံတည်းကပဲ ထုတ်လုပ် ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပါတယ်။ ကျန်သတ္တု မြောက်များစွာကိုလည်း အင်္ဂလိပ် ခေတ်က မြောက်များစွာထုတ်ယူပြီး ကျွန်တော်တို့နိုင်ငံအတွက် သိပ်အသုံးမကျဘဲ သူတို့နိုင်ငံ အတွက်ပဲ သုံးစွဲခဲ့တာကိုလည်း ကျွန်တော်တို့အားလုံး အသိပဲ ဖြစ်ပါတယ်။ သတ္တုကြောများကို မြောက်များစွာရှိတဲ့အတွက် ကျွန်တော်တို့ နည်းပညာ အရှိန်အဟုန်မြင့်၍ နောက်ပြီးမှ ရင်းနှီး မြှုပ်နှံမှုတွေထည့်ပြီးမှ ကျွန်တော်တို့ တူးဖော်ထုတ်လုပ်သွားဖို့ လိုအပ်ကြောင်း ကျွန်တော် ထည့်သွင်းဆွေးနွေးလိုပါတယ်။

ကျွန်တော်တို့ နိုင်ငံဟာ ဒီ ၁၈၈၅ ခုနှစ်၊ မြန်မာနိုင်ငံတစ်နိုင်ငံလုံး အင်္ဂလိပ် လက်အောက်ကို ကျရောက်တဲ့အချိန်မှာ မြေပေါ်၊ မြေအောက်သယံဇာတ၊ ရေနံ၊ သစ်တော သယံဇာတတွေ အပါအဝင် အဖိုးတန်သယံဇာတများ အမြောက်အမြားကို အင်္ဂလိပ်တို့က ထုတ်ယူသုံးစွဲခဲ့ပြီး ၎င်းတို့ နိုင်ငံအကျိုးရှိရေးအတွက်သာ သယ်ယူသွားခဲ့တာကို ကျွန်တော်တို့ အားလုံး အသိပဲ ဖြစ်ပါတယ်။ လွတ်လပ်ရေးရရှိပြီးတဲ့နောက်ပိုင်းမှာ ဒီ သယံဇာတထုတ်လုပ်တဲ့

လုပ်ငန်းတွေကို တိုင်းရင်းသားလုပ်ငန်းရှင်အချို့၊ လူစုတစ်စုလောက်သာ ကျွန်တော်တို့ လုပ်ကိုင်ခဲ့ပါတယ်။ အများပြည်သူများကတော့ လုပ်ကိုင်ရမှန်း မသိရှိခဲ့ပါဘူး။ အဲဒီ တိုင်းရင်းသားလုပ်ငန်းရှင်အချို့ရဲ့ သတ္တုသယံဇာတလုပ်ငန်းများကိုလည်း ၁၉၆၂ ခုနှစ်၊ ကျွန်တော်တို့နိုင်ငံရဲ့ အပြောင်းအလဲမှာ အချို့ ပြည်သူပိုင်အသိမ်းခံရပြီးမှ အချို့လည်း မလုပ်နိုင်တော့ဘူး။ အစိုးရကပဲ ဆက်လုပ်တဲ့ သတ္တုလုပ်ငန်းတွေလည်းရှိတာကို ကျွန်တော်တို့ တွေ့ရပါတယ်။

အဲဒီတော့ ကျွန်တော်တို့ လုပ်သားပြည်သူများကတော့ ဒီ သတ္တုသယံဇာတလုပ်ငန်းနဲ့ စီးပွားရေးလုပ်ငန်းကို ကျွန်တော်တို့ အလှမ်းဝေးသွားတာကို တွေ့မြင်ခဲ့ရပါတယ်။ ဒါပေမဲ့ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ တပ်မတော်အစိုးရတာဝန်ယူတဲ့အချိန်၊ တပ်မတော်က မြန်မာတစ်နိုင်ငံလုံးကို ရေ၊ မြေ၊ တော၊ တောင်အနှံ့ နယ်မြေစိုးမိုးနိုင်ခဲ့ကြသူများဖြစ်တဲ့အတွက်၊ မိမိနိုင်ငံမှာရှိတဲ့ သတ္တုနဲ့ သယံဇာတအရင်းအမြစ်များကို ကာကွယ်စောင့်ရှောက်ကြခဲ့တဲ့သူများလည်း ဖြစ်တဲ့အတွက်၊ တာဝန်ယူနေတဲ့အချိန်မှာ ပြည်သူများနဲ့ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် စီးပွားရေးလုပ်ကိုင်ခွင့်များ ခွင့်ပြုသင့်သလောက် ခွင့်ပြုပေးခဲ့ပါတယ်။

သတ္တုကဏ္ဍမှာ ယခင် ဘူမိဗေဒပညာရှင်များ လေ့လာရင်းနဲ့ ဓာတ်သတ္တု ရှာဖွေရေး လက်ထက်က သုတေသနပြုထားတဲ့ စမ်းသပ်တိုင်းတာမှု ပြုလုပ်ထားတဲ့ သတ္တုသိုက်များ၊ သတ္တုဖြစ်ထွန်းမှုများ၊ သတ္တုတွင်းဝန်ကြီးဌာနရဲ့ စမ်းသပ်တိုင်းတာမှုများ ပေါင်းစပ်ပြီးမှ သတ္တုကဏ္ဍကို တိုင်းရင်းသားပြည်သူများ လုပ်ကိုင်ကြစေရန် လုပ်ကွက်များ ချပေးခဲ့တာ ကျွန်တော်တို့ တွေ့ရပါတယ်။ တိုင်းရင်းသားပြည်သူတချို့ကိုလည်း နိုင်ငံတော်နဲ့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားမှုစနစ်နဲ့ လုပ်ငန်းရှင်နဲ့ အကျိုးတူ လုပ်ကိုင်ခွင့်ပြုကာ သတ္တုကဏ္ဍ စီးပွားရေး ဖြစ်ထွန်းအောင် ကဏ္ဍအသစ် ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ အချိန်အခါအားဖြင့် ပြည်တွင်းနဲ့လည်း ပဋိပက္ခများ ရင်ဆိုင်နေရချိန်၊ နိုင်ငံတကာရဲ့ စီးပွားရေးပိတ်ဆို့မှု ရင်ဆိုင် ဖြတ်သန်းနေရချိန် ဖြစ်တဲ့အတွက် သတ္တုကဏ္ဍအနေဖြင့် ပွင့်လန်းသင့်သလောက် မပွင့်လန်းဘဲနဲ့ နိုင်ငံတကာဈေးကွက်သို့လည်း ပွင့်လင်းမြင်သာစွာ လျှောက်လှမ်းနိုင်ခဲ့ခြင်းမရှိပါ။ တပ်မတော်အစိုးရအနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တိုင်းရင်းသားပြည်သူများ အလုပ်အကိုင် အခွင့်လမ်းရရှိစေရေး၊ စားဝတ်နေမှုပြေလည်စေရေးအတွက် သတ္တုကဏ္ဍကို တစ်နိုင်တစ်ပိုင်နဲ့ အသေးစားမှစ၍ လုပ်ကိုင်ခွင့်များ ချထားလာခဲ့တာကို တွေ့ရပါတယ်။ အကြီးစား လုပ်ကိုင်နိုင်တဲ့ လုပ်ငန်းရှင်များ ချထားပေးခဲ့

ပါတယ်။ သတ္တုကဏ္ဍအတွက် မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများ အပါအဝင် လိုက်လျော ညီထွေစွာ လုပ်ကိုင်နိုင်မယ့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ယခု ပြည်ထောင်စုအစိုးရလက်ထက်မှာ အဲဒီဥပဒေများကို ပြင်ဆင်လျက် ရှိပြီး အများပြည်သူများကိုလည်း အကြံဉာဏ်များပေးနိုင်စေရန် သတင်းစာများမှာလည်း အကြံ ပေးချက်များ ပေးပို့နိုင်ကြောင်း ကြေညာပေးနေတာကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါ တယ်။ သတ္တုကဏ္ဍစီးပွားရေး အခွင့်အလမ်းကို ရရှိအောင် ပိုင်ဆိုင်ဆုပ်ကိုင်ပြီး ရရှိလာမယ့် အကျိုး ကျေးဇူးကို ပြည်သူလည်းခံစား၊ ပြည်ထောင်စုအစိုးရကိုလည်း မှန်မှန်ကန်ကန် အခွန်ဘဏ္ဍာ ပေးသွင်းပြီး နိုင်ငံတော်နှင့် ပြည်သူအတူတကွ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရကလည်း ပြည်သူတွေ စီးပွားရေးနှင့် ပတ်သက်လို့ အားသွန်ခွန်စိုက် လေးလေးနက်နက် တွန်းအားပေးပြီး စည်းရုံးဆောင်ရွက်လျက် ရှိပါတယ်။ တိုင်းရင်းသားပြည်သူ များကလည်း ခေတ်ရေစီးကြောင်း အပြောင်းအလဲနှင့်အတူ တစ်ပါးတည်း လိုက်ပါပြီး တိုးတက် နိုင်ဖို့ စိုက်ပျိုးရေးကဏ္ဍတစ်ခုတည်းမှာပဲ ယခင်လိုမြှုပ်နှံမထားဘဲ သတ္တုကဏ္ဍတွေမှာလည်း တက်တက်ကြွကြွ ပါဝင်ပြီး တစ်ဖက်တစ်လမ်း လုပ်ကိုင်ဖို့ အချိန်ရောက်ပြီလို့ ကျွန်တော် ဆွေးနွေးလိုပါတယ်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့ အစိုးရက ဦးဆောင်သလို ပြည်သူဘက်ကလည်း ဝိုင်းဝန်း အကောင်အထည်ဖော်ဖို့ တာဝန်ရှိနေပါတယ်။ နိုင်ငံတကာနှင့် အရင်းအနှီးမှာဖြစ်စေ၊ နည်းပညာ အတွက်ဖြစ်စေ ပေါင်းစည်းဆောင်ရွက်ရန် သင့်လျော်တဲ့အချိန်လည်းဖြစ်လို့ ဥပဒေနှင့်အညီ ကုမ္ပဏီများတည်ထောင်ပြီး နိုင်ငံတကာနှင့် ပူးပေါင်းရာမှ အကျိုးစီးပွား မျှတစွာ ပူးပေါင်းတတ်ဖို့ နိုင်ငံတကာကျင့်စဉ်နဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အလေ့အထ လုပ်နည်း လုပ်ဟန်တွေကို သိရှိဖို့ တစ်ဖက်က တောင်းဆိုမှုဟာ လိုက်လျော သင့်/မသင့် စတဲ့အခြေခံတွေကို နားလည်အောင် လေ့လာဖို့၊ သိရှိနားလည်တတ်ဖို့ အချိန်လည်း သင့်ပါပြီ။ အဲဒါကို တိုင်းရင်းသားပြည်သူများ စီးပွားရေးကောင်းမွန်လာပြီး မိသားစုဝင်ငွေ တိုးတက်ရရှိစေမယ့်၊ မိမိတို့ဒေသမှာ ဖြစ်ထွန်းမယ့် အကျိုးရရှိအောင် သယံဇာတများကို တူးဖော်သန့်စင်ပြီး ရောင်းချခြင်းဟာ ပိုပြီးမှ ဝင်ငွေရရှိ နိုင်မှာဖြစ်ပြီးမှ ဒေသခံများ လုပ်ကိုင်ခွင့်ရပြီး ဆင်းရဲနွမ်းပါးမှုများ လျော့ကျလာမှာ ဖြစ်ပါတယ်။ ဒီသတ္တုလုပ်ငန်းဟာ ကျွန်တော်တို့အတွက် အများကြီး အကျိုးရှိပါတယ်။

လွန်ခဲ့တဲ့ ၁၉၉၂-၁၉၉၃ ခုနှစ် အဲဒီခုနှစ်လောက်မှာတုန်းက ကျွန်တော်တို့ ဖားကန့် ဘက် ကျောက်စိမ်းတွင်းမှာ အလုပ်သမားတွေ အများကြီး ရှိပါတယ်။ သူတို့ဟာ ဒီဆောင်းနဲ့ နွေ တစ်ရာသီမှာ အလုပ်သွားလုပ်တဲ့အခါ ပိုက်ဆံ နှစ်သိန်း၊ သုံးသိန်း စသည်အားဖြင့် ရကြ ပါတယ်။ အဲဒီတုန်းက ရွှေတစ်ကျပ်သား တစ်သောင်းပဲ ရှိပါတယ်။ ရွှေဈေးနဲ့ တွက်မယ်ဆိုရင် သူတို့ နှစ်ဆယ်သား၊ သုံးဆယ်သားလောက် ရတာပေါ့လေ။ အဲဒါရတဲ့ပိုက်ဆံနဲ့ အိမ်ပြန်ပြီးမှ အိမ်မှာ လိုအပ်တဲ့ စီးပွားရေးလုပ်ငန်းတွေ စတင်လုပ်နိုင်တာရှိတယ်။ အိမ်အတွက် အများကြီး အသုံးပြုနိုင်ကြတာ တွေ့ရပါတယ်။

ယခုအခါမှာတော့ ကျွန်တော်တို့ဆီမှာ ရွှေကျင်တာ တော်တော်များများ ရှိပါတယ်။ ခရီးနီး၊ ခရီးဝေး သွားပြီးမှ ရွှေကျင်ကြပါတယ်။ ရွှေကျင်တဲ့အခါ ဘယ်တော့မှရှုံးတယ်ဆိုတာ မရှိဘူး။ အမြဲတမ်း အဆင်ပြေကြပါတယ်။ နောက်ပြီးမှ ဦးသိန်းလှိုင် ပြောသလို ကျွန်တော်တို့ လယ်လုပ်တာလည်း စီးပွားတော့ ဖြစ်ပါတယ်။ စိုက်ပျိုးရေးမှာလည်း စီးပွားဖြစ်အောင် လုပ်ရင် တော့ စီးပွားဖြစ်ပါတယ်။ ဒါပေမဲ့ သတ္တုလောက်တော့ ကျွန်တော်တို့ စီးပွားဖြစ်ဖို့ မမြန်ဘူးလို့ ကျွန်တော်လည်း အဲဒီလိုမျိုး ယူဆမိပါတယ်။ အဲဒီလို မြင်ပါတယ်။

ဆက်လက်ပြီးမှ ဒီမြန်မာ့သတ္တုတွင်းဥပဒေအရ သတ္တုရတနာမြေ သတ်မှတ်နိုင်ခဲ့ရင် သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ သဘောထား တောင်းခံစရာမလိုဘဲ သတ္တုတွင်းဝန်ကြီးဌာန တစ်ခုတည်းမှသာ ခွင့်ပြုနိုင်ရေး၊ လုပ်ငန်းမြန်ဆန် ချောမွေ့မယ့်လမ်းကြောင်းလည်း ကျွန်တော်တို့ မြင်မိပါတယ်။ အဲဒါက ဘာလဲဆိုတော့ နံပါတ်(၁)အနေနဲ့ သတ္တုဖြစ်ထွန်းတဲ့နေရာတွေကို ဒီနိုင်ငံတော်က မြေလွတ်၊ မြေရိုင်းများ ရှိလို့ရှိရင် သတ္တုဖြစ်ထွန်းမှု ရှိတဲ့နေရာတွေ၊ သစ်တော ဧရိယာတွေ၊ သစ်ပင်မပေါက်နိုင်တဲ့နေရာတွေ၊ စိုက်ပျိုးမြေစာရင်းမဝင်တဲ့ နေရာတွေ ဒါမျိုး နေရာတွေမှာ သတ္တုတွေ ရှိလို့ရှိရင် သတ္တုနယ်မြေအဖြစ် သတ်မှတ်ပေးပြီးမှ သတ္တုလုပ်ငန်းကို လုပ်ကိုင်ရင်တော့ ကျွန်တော်တို့ ဖွံ့ဖြိုးလာပြီးမှ ဆင်းရဲနွမ်းပါးမှုကိုလည်း အများကြီးလျှော့ချ နိုင်မယ်၊ ပြည်သူများ စီးပွားချမ်းသာ လာနိုင်တယ်လို့ ကျွန်တော် ထည့်သွင်းဆွေးနွေး လိုပါတယ်။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်က ခွင့်ပြုပေးထားတဲ့ လုပ်ငန်းလုပ်ပိုင်ခွင့်ကို ချမှတ်ပေး တဲ့အခါ ဆင်းရဲနွမ်းပါးမှုများ လျော့ကျလာအောင် ဒီချင်းပြည်နယ်ရဲ့ သစ်တောကြိုးဝိုင်းကြိုးပြင် ကာကွယ်တောများအတွင်း သတ္တုလုပ်ကွက်များ စပ်သပ်တိုင်းတာခွင့် လျှောက်ထားမှုအပေါ်

ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံးသော ချင်းပြည်နယ်ဟာ ဆင်းရဲနွမ်းပါးမှုလျော့ချရေး ဦးတည်ချက်ထား၍ ခွင့်ပြုပေးနိုင်ပါရန်ဆိုတဲ့ အဆိုကို ကျွန်တော် ထောက်ခံရင်းနဲ့ နိဂုံးချုပ်ဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၂။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော် (ခ) ကိုပေါက် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၂။**

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဖွဲ့ဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဆိုရှင် ချင်းပြည်နယ်မှ ဦးဇုန်လှယ်ထန်း ရဲ့ အဆိုနဲ့ ပတ်သက်ပြီး သတ္တုနှင့် သယံဇာတရေးရာ ကော်မတီဝင် တစ်ယောက်အနေနဲ့ ချင်းပြည်နယ်တွင် တစ်ခုတည်းမဟုတ်ဘဲ ကျွန်တော်တို့ကော်မတီကနေ ခရီးစဉ်အတွင်း လေ့လာတွေ့ရှိချက်များနှင့်အတူ ပေါင်းစပ်ပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုနိုင်ငံတည်ဆောက်ရေးမှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော် သတ္တုနှင့်သယံဇာတရေးရာကော်မတီဝင်များဟာ ဥက္ကဋ္ဌ ဦးနေဝင်းထွန်း ဦးစီးပြီး ၂၀၁၂ ခုနှစ်၊ ၉ လပိုင်းမှာ ၂၄ ရက်နေ့ကနေ ၂၀၁၂ ခုနှစ်၊ ၁၀ လပိုင်း ၄ ရက်နေ့အထိ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးများကို သွားရောက်၍ သဘာဝသတ္တုသယံဇာတများစက်မှုတွင်းထွက်ကုန်ကြမ်းများနှင့် ကုန်းတွင်းရေနံ၊ သဘာဝဓာတ်ငွေ့များကို ရှာဖွေထုတ်လုပ်ရေးအတွက် ဆွေးနွေးခြင်း၊ အကြံပေးခြင်း၊ အကြံဉာဏ်များ ရယူခြင်းတို့ကို နယ်မြေဒေသအလိုက် ကြည့်ရှုလေ့လာမှုများ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဝေးလံဒေသများ၊ တောင်တန်းများဆီသို့ ကျွန်တော်တို့ ကော်မတီအဖွဲ့ဝင်များဟာ သွားရောက်လေ့လာခွင့်ရတဲ့အတွက် နိုင်ငံတော်ကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ဟာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ အဖွဲ့အစည်းဝင်

ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်များဟာ ၂၀၁၁ ခုနှစ်၊ ၄ လပိုင်း ၆ ရက်နေ့မှာ အမှာစကား ပြောကြားခဲ့ရာမှာ ပုဂ္ဂလိကနဲ့ အစုအဖွဲ့လုပ်ငန်းတွေကို ကိုယ့်ဒေသကြီးနဲ့ ပြည်နယ်တွေမှာ များများအားပေးဖို့ လိုတယ်။ တချို့သော ရေအားလျှပ်စစ် အသေးစားလုပ်ငန်းတွေ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဝေရောင်းချတဲ့လုပ်ငန်းတွေ၊ သတ္တုနဲ့ ကျောက်မျက်တူးဖော်တဲ့ လုပ်ငန်းတွေ၊ စက်မှုလက်မှုလုပ်ငန်းတွေမှာ တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့နှင့်သော် လည်းကောင်း၊ ကိုယ့်တိုင်းရင်းသားတွေ ကိုယ့်ဒေသမှာ လုပ်ကိုင်နိုင်စွမ်း ရှိလာအောင် ဖန်တီးဖော်ဆောင်ပေးဖို့ လိုအပ်ပါတယ်။ သို့သော်လည်း နောက်ကွယ်က နိုင်ငံခြားသားတွေ ငွေမဲတွေ ဝင်မလာနိုင်အောင်တော့ ဂရုစိုက်ရမယ်လို့ ပုဂ္ဂလိကကဏ္ဍ တိုးတက်စေရေးအတွက် လမ်းညွှန်မှု ပေးထားပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ကျောက်စိမ်း၊ ကျောက်မျက်များဟာ အရည်အသွေး ထူးခြားစွာ လှပကောင်းမွန်မှုအရ ကမ္ဘာပေါ်မှာ ထင်ရှားကျော်ကြားလျက် ရှိကြပါတယ်။ ယင်း ကျောက်စိမ်းကျောက်မျက်များကို ပြည်သူများက ဥပဒေခွင့်ပြုချက်နှင့်အညီ စည်းကမ်းတကျ လုပ်ကိုင်ခွင့်များ တောင်းခံရယူ၍ တူးဖော်ထုတ်လုပ်ခြင်း၊ ခေတ်မီတိုးတက်သော နည်းပညာများဖြင့် ကုန်ကြမ်းမှ ကုန်ချောသို့ ဆင်းတက်ပြုပြင် ထုတ်လုပ်ခြင်း၊ အဆင့်မမီသော ကျောက်စိမ်း၊ ကျောက်မျက်များကို ပန်းချီ၊ ပန်းပု၊ ရုပ်ထု စသည့် အနုပညာလက်ရာများ၊ လူအသုံးအဆောင် ပစ္စည်းများ၊ အလှဆင်ပစ္စည်းများ ပြုလုပ်ခြင်းဖြင့် ပြည်တွင်းဈေးကွက်တွင် သာမက ပြည်ပဈေးကွက်အထိ ဖြန့်ကျက်တိုးချဲ့ဆောင်ရွက်သွားနိုင်ပါသဖြင့် ပြည်သူများ လုပ်ငန်းစဥ်အဆင့်ဆင့်၌ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိပြီး စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ကာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးကို စီးပွားရေးကဏ္ဍမှာ အထောက်အကူပြုမည်ဟု ယုံကြည်ပါတယ်ခင်ဗျား။

ကျွန်တော်တို့မြန်မာနိုင်ငံမှာ တစ်နိုင်ငံလုံးရဲ့ မြေဧရိယာအကျယ်အဝန်းဟာ ဟက်တာသန်းပေါင်း(၆၇.၆၆)သန်းရှိရာ (၂.၆၁)သိန်းစတုရန်းမိုင်တွင် အမှန်တကယ် စိုက်ပျိုးမြေ ဟက်တာသန်းပေါင်း(၁၁.၉၃)သန်းသာရှိသဖြင့် မြေဧရိယာ၏ (၁၈)ရာခိုင်နှုန်းသာ စိုက်ပျိုးမြေအဖြစ် အသုံးချနိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ သစ်တောဖုံးလွှမ်းမှု မြေဧရိယာ အကျယ်အဝန်း (၃၅၃.၇၄၇)စတုရန်းကီလိုမီတာရှိကြောင်း သိရှိရပါတယ်။

နိုင်ငံတော်ဧရိယာရဲ့ (၅၂.၃)ရာခိုင်နှုန်းဟာ သစ်တောများ ဖုံးလွှမ်းလျက်ရှိကြောင်း သိရှိရပါတယ်။ သို့သော် သတ္တုနှင့် သယံဇာတပစ္စည်းများအတွက် တစ်နိုင်ငံလုံး စာရင်း အတိအကျရှိဖို့နဲ့ သတ္တုရတနာမြေ သတ်မှတ်ခွင့်ရရှိဖို့တော့ လိုအပ်ပါတယ်။ သို့မှသာ သတ္တုနှင့် သယံဇာတမှ နိုင်ငံတော်အတွက် GDP တိုးတက်ဖို့အတွက် နည်းလမ်းများရှာပြီး ကူညီပေးဖို့ လိုအပ်ကြောင်းကိုလည်း တင်ပြလိုပါတယ်။

ကျွန်တော်တို့ သတ္တုနှင့် သယံဇာတကော်မတီဟာ ချင်းပြည်နယ်ကို ရောက်ရှိတဲ့အခါမှာ ချင်းပြည်နယ်ဝန်ကြီးချုပ်နဲ့အတူ ပြည်သူလူထုနဲ့ တွေ့ဆုံပွဲမှာ ချင်းပြည်နယ် ဝန်ကြီးချုပ်က ကျွန်တော်တို့ ချင်းပြည်နယ်အတွင်းမှာ သတ္တုများစွာရှိကြောင်း၊ ဝိုင်းဝန်းပြီး ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ပလက်ဝမှာ ရေနံ၊ ပယင်း၊ မင်းတပ်၊ မတူပီဘက်မှာ ကျောက်ဆောင်တွေရှိတဲ့နေရာဖြစ်တဲ့အတွက် သံ၊ ရွှေ၊ ငွေ၊ မဟူရာ များ ထွက်ပါကြောင်း၊ အနည်းဆုံး (၃၅)မိုင်လောက်ဝေးတဲ့အတွက် ပလိုင်းတို့၊ ချင်းတို့နဲ့ သယ်ပြီး၊ လှည်းရောက်တဲ့ နေရာမှာလည်း လှည်းနဲ့ တိုက်ရမှာဖြစ်ကြောင်း ပြောကြားပါတယ်။ ဒေသခံကုမ္ပဏီတစ်ခုကို လည်း ဖွဲ့စည်းလုပ်ဖို့အတွက် ဆောင်ရွက်နေကြောင်းကိုလည်း ပြောကြားပါတယ်။ ဒေသခံတွေ နားလည်အောင် ပြောပေးဖို့လည်း လိုအပ်မှာဖြစ်ကြောင်း မြေသယံဇာတ အသုံးချမှုကြောင့် အကျိုးခံစားခွင့် တူညီတဲ့ဟာ ရမှာဖြစ်ပါတယ်။ ဒေသခံကုမ္ပဏီတွေကလုပ်ရင် ဒေသခံ တွေလည်း အသီးအပွင့် ခံစားရမယ်ဆိုတာ နားလည်အောင် ရှင်းပြဖို့လိုကြောင်း၊ ဒေသခံ ကုမ္ပဏီတွေကလည်း အခြားကုမ္ပဏီတွေကို ဖိတ်ခေါ်ပြီး ဆောင်ရွက်သင့်တယ်ဆိုတာ တင်ပြကြဖို့ တိုက်တွန်းလိုပါတယ်ဆိုပြီး ချင်းပြည်နယ် ဝန်ကြီးချုပ်က လမ်းညွှန်အမှာစကား ပြောကြားခဲ့ပါတယ်။

ကျွန်တော်တို့အဖွဲ့ဟာ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးကို ခရီးထွက်တဲ့အခါမှာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ လုပ်ငန်းရှင်များ ပြည်သူလူထုနဲ့တွေ့ဆုံပွဲမှာ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဟာ သတ္တုနှင့်သယံဇာတတွေလည်း ပေါကြွယ်ဝတယ်။ သယံဇာတတွေကိုလည်း ကျွန်တော်တို့ နည်းပညာနဲ့ အရင်းအနှီး နည်းပါးမှုကြောင့် စွမ်းအင်ရှိသလောက် မထုတ်လုပ်နိုင်ကြကြောင်း၊ ထုတ်လုပ်ပြီးတော့လည်း ကျွန်တော်တို့က သတ္တုသယံဇာတတွေကို ကုန်ကြမ်းအဖြစ်နဲ့ပဲ ပြန်ရောင်းချနေရတာကြောင့် ဒီပြဿနာတွေဟာ ကျွန်တော်တို့ရဲ့ သတ္တုနဲ့ သယံဇာတ တန်ဖိုး၊ မြေကြီးတန်ဖိုး၊ အပြည့်အဝအတိုင်း ကျွန်တော်တို့နိုင်ငံတော်နဲ့ တိုင်းဒေသကြီးအတွင်း

အကျိုးခံစားခွင့် မရရှိသေးတာလည်း အားလုံးသိရှိပြီးဖြစ်ကြောင်း၊ ဒီနေ့တော့ သတ္တုနဲ့ သယံဇာတရေးရာကော်မတီနဲ့ ပညာရှင်များ ပါဝင်လာပြီး ကော်မတီဝင်များရဲ့ အတွေ့အကြုံနဲ့ နည်းပညာများအရ ကျွန်တော်တို့ စစ်ကိုင်းတိုင်းကိုပါ သတ္တုနဲ့ သယံဇာတတွေ စနစ်တကျ ထုတ်လုပ်နိုင်ဖို့၊ ထုတ်လုပ်ပြီးတဲ့ သယံဇာတတွေဟာ ဈေးကွက်တွေမှာ အဆင့်မြင့်အနေနဲ့ ထုတ်လုပ်နိုင်စေဖို့ အကြံကောင်းတွေရမယ်လို့ ကျွန်တော်တို့အစိုးရအနေနဲ့ မျှော်လင့်ကြောင်း ပြောကြားပါတယ်။

တိုင်းဒေသကြီးအစိုးရနယ်မြေထဲမှာ ရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ အစိုးရအဖွဲ့ ကတော့ ပြည်ထောင်စုအစိုးရရဲ့ သတ္တုသယံဇာတ ရည်မှန်းချက်တွေ ပြည့်မီအောင် မိမိ လုပ်ကိုင် ရမယ့် ဘောင်အတွင်းကနေပြီး ဆောင်ရွက်နေကြောင်းကိုလည်း ဖြည့်စွက်တင်ပြပါတယ်။ ဒါတွေကို ထုတ်တဲ့အခါမှာ ကျွန်တော်တို့တိုင်းပြည်နဲ့ နိုင်ငံတော်ရဲ့ အခွန်ဘဏ္ဍာကို တစ်ဖက် တစ်လမ်းက ဖြည့်စွမ်းခြင်း ဖြစ်ပါတယ်။ တိုင်းဒေသကြီး ရန်ပုံငွေမှာ တိုက်ရိုက်မပါဝင်သော်လည်း ဒေသအတွင်းမှာ မိဘပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေနိုင်ဖို့ ဒီဟာ ဆက်စပ်တဲ့ လုပ်ငန်းတွေနဲ့ အကျိုးဆက်တွေရရှိစေလို့ ခံစားရပါတယ်။ တစ်ဖက်က ကောင်းကျိုးရှိသလို ဆိုးကျိုးကတော့ သဘာပတ်ဝန်းကျင်ပျက်စီးမှုနဲ့ လူတို့ရဲ့ အကျင့်စရိုက်၊ စာရိတ္တပျက်စီးမှုတွေ ဖြစ်ပါတယ်။ ဒီသယံဇာတတွေ ဖော်တဲ့နေရာမှာ ကျွန်တော်တို့ မိရိုးဖလာနည်းတွေ၊ အခြားသော အကြောင်းကြောင့် အချို့သောလုပ်ငန်းရှင်တွေဟာ ကိုယ်တိုင်မကြီးကြပ်နိုင်၊ လက်အောက်နှင့် လွှတ်ထားရတဲ့အတွက် အထိုက်အလျောက်တော့ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုတော့ ရှိနိုင် ပါတယ်။ ဒါကို စစ်ကိုင်းတိုင်းအတွင်းက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီက ထိန်းသိမ်းပြီး လုပ်ငန်းရှင်များကလည်း လုပ်သာကိုင်သာရှိအောင် ဒေသလည်း သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု အနည်းဆုံးဖြစ်အောင် ကာကွယ်ထိန်းသိမ်းခြင်း၊ ပြန်လည်ပြီးတော့ တည်ဆောက် ခြင်းလုပ်ငန်းများလည်း ဆောင်ရွက်နေခြင်းကြောင့် အတတ်နိုင်ဆုံး တိုင်းပြည်မှာ အနည်းပါးဆုံး ဖြစ်ပါတယ်လို့ လမ်းညွှန်အမှာစကား ပြောကြားခဲ့ပါတယ်။

ကျွန်တော်တင်ပြခဲ့တဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်တို့ရဲ့ အမှာစကားကို လေ့လာသုံးသပ်ကြည့်တဲ့အခါမှာ သူတို့ တိုင်းနဲ့ပြည်နယ်တွေကို ဖွံ့ဖြိုးတိုးတက်စေချင်တာ အမှန် ပါပဲ။ သတ္တုနဲ့ သယံဇာတကို စည်းကမ်း၊ နည်းလမ်းနဲ့အညီ ခွင့်ပြုလုပ်ကိုင်စေချင်ပါတယ်။

သဘာဝပတ်ဝန်းကျင် မပျက်စီးအောင် စည်းကမ်းချက်နှင့်အညီ ကြပ်မတ်လုပ်ဆောင်ပါက အောင်မြင်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ပြည်သူတွေ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပါက နိုင်ငံတော်ရဲ့ ရည်မှန်းချက်တစ်ရပ်ဖြစ်တဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကိုပါ ဦးတည်ဖော်ဆောင်ပေးနိုင်ပါကြောင်း စသည်တို့ကို သုံးသပ်ရရှိမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း စတင်ခွင့်ပြုချိန်မှာ တစ်နိုင်တစ်ပိုင် လုပ်ပိုင်ခွင့်၊ စမ်းသပ်တူးဖော် လုပ်ပိုင်ခွင့်၊ အသေးစားတူးဖော် ထုတ်လုပ်ခွင့်၊ အကြီးစားတူးဖော် ထုတ်လုပ်ခွင့် ဟူ၍ ရှိခဲ့သော်လည်း ယခုအခါ တစ်နိုင်တစ်ပိုင် လုပ်ပိုင်ခွင့် မပြုတာ တွေ့နေရပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာ ကော်မတီ အနေနဲ့ အကြံပြုချင်တာမှာ တစ်နိုင်တစ်ပိုင်များကိုလည်း ပြန်လည်ခွင့်ပြုပေးဖို့ ထပ်မံအကြံပြု အပ်ပါတယ်။ တစ်နိုင်တစ်ပိုင်လုပ်ပိုင်ခွင့်မှာ သက်တမ်း တစ်နှစ်ချင်းဖြင့် (၅)နှစ်အထိ ခွင့်ပြုပြီး အများဆုံး လုပ်ကွက်တစ်ကွက်ကို(၂)ဧက ခွင့်ပြုပေးပြီး နိုင်ငံတော်မှ စီမံကိန်းကာလ (၅)နှစ် သတ်မှတ်၍ အများပြည်သူကို အသိပေးကြေညာပြီး (၅)နှစ်ပြည့်လျှင် အသေးစားထုတ်လုပ်ခွင့်သို့ ကူးပြောင်းရန်၊ အကယ်၍ မကူးပြောင်းပါက ရပ်နားရန် စည်းကမ်းချက် ထုတ်ပြန်ခြင်း အားဖြင့် ဆင်းရဲသည့် ပြည်သူလူထုအလုပ်အကိုင် ပိုမိုရရှိကြမှာ ဖြစ်ပါတယ်။ ယခုလည်း ခိုးတူးနေကြ၍ နိုင်ငံတော်အတွက် အခွန်မရဘဲ ဖြစ်နေတဲ့အတူတူ ဝန်ကြီးဌာနမှ စဥ်းစားပေးဖို့ လုပ်ဆောင်ရန် လိုအပ်မှာ ဖြစ်ပါတယ်။

အသေးစားလုပ်ပိုင်ခွင့်မှာ သက်တမ်း(၅)နှစ်၊ လုပ်ကွက်ဧရိယာ (၅၀)ဧကနှင့် စက်ယန္တရားများ ပြည်ပမှကျွမ်းကျင်သူများ ငှားရမ်း၍၊ တွဲဖက်၍ ပေးစေလိုပါတယ်။ ရင်းနှီး မြှုပ်နှံမှုမှာလည်း နိုင်ငံခြားနဲ့ ပူးပေါင်းဆောင်ရွက်ခွင့် ပေးစေလိုပါတယ်။ အလတ်စား လုပ်ကိုင်ခွင့်မှာ အလတ်စားကို သက်တမ်း(၁၀)နှစ် တစ်ဆက်တစ်စပ်တည်း မြေဧရိယာ ဧက(၂၀၀) လျှောက်ထားခွင့် ပြုစေလိုပါတယ်။ စက်ယန္တရားများ အသုံးပြုလုပ်ပိုင်ခွင့်နဲ့ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ပူးပေါင်းလုပ်ပိုင်ခွင့်၊ နိုင်ငံခြားပညာရှင် ခေါ်ယူခွင့်ပြုလျှင် ဖွံ့ဖြိုး တိုးတက်လာမှာ မလွဲဧကန် ဖြစ်ပါတယ်။ အကြီးစားလုပ်ပိုင်ခွင့်မှာ နိုင်ငံတော်ရဲ့ လက်ရှိ မူဝါဒသဘော လုပ်ထုံး လုပ်နည်းများအတိုင်း သင့်လျော်သည်ဟု ယူဆပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း သတ္တုသိုက်များတည်ရှိမှုနှင့် သတ္တုသိုက်ပမာဏ (Ore Deposit) ကို နိုင်ငံတော်၏ တာဝန်ရှိ ဌာနဆိုင်ရာများက သတင်းထုတ်ပြန်ပေးခြင်း သို့မဟုတ် လုပ်ငန်းလုပ်ကိုင်လာသူကို မေးမြန်းစုံစမ်းလာလျှင် သတင်းအပြည့်အစုံ (Database) များ ပေးခြင်းကို နိုင်ငံတော်က ဆောင်ရွက်ပေးနိုင်လျှင် ပိုမိုကောင်းမွန် အကျိုးရှိမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒီတော့ သတ္တုကဏ္ဍဟာ ကမ္ဘာပေါ်မှာ ကမ္ဘာ့လူသားတွေကို အကျိုးပြုဖို့ ရှိကိုရှိနေဦးမှာ ဖြစ်ပါတယ်။ ဒီသတ္တုသယံဇာတတွေကို ဘယ်လိုနည်းနဲ့ နည်းစနစ်တကျစီမံကိန်းနဲ့ ထုတ်လုပ်မှာလဲဆိုတဲ့ နည်းဗျူဟာအပိုင်းဟာ ကျွန်တော်တို့အားလုံး လက်တွဲခေါ်ဆောင်ကြရမှာ ဖြစ်ပါတယ်။ သတ္တုရိုင်းများကို Zero Percentage အထိ သန့်စင်လိုက်ပြီး လူအများအသုံးပြုသော ထိုးဆေး၊ စားဆေးအဖြစ် သုံးစွဲနေကြရတာ အသိဖြစ်ပါတယ်။ လူသားများအတွက် သတ္တုကဏ္ဍမှ ဘက်စုံထောင့်စုံ အထောက်အပံ့ပြုနိုင်ရန် သတ္တုရိုင်းမှ သတ္တုသန့်စင်ခြင်း ပြုလုပ်ရာမှာ ဆိုးကျိုးဖြစ် အဆိပ်များကို ဖယ်ရှားပစ်ရမှာ ဖြစ်ပါတယ်။ ဖယ်ရှားပစ်၍ရသော အဆိပ်များကိုလည်း ယခုအခါ စနစ်တကျ ထိန်းသိမ်းသိုလှောင်မှုများ ပြုလုပ်နိုင်မည်လည်း ရှိနေပါတယ်။ စနစ်တကျ ထိန်းသိမ်းရေးစနစ်မှာ လေ့လာတွေ့ရှိချက်အရ ၎င်းအဆိပ်များကို မြေအောက်စိုက်လိုစနစ်ဖြင့် ထိန်းသိမ်းသိုလှောင်ထားနိုင်ပါတယ်။ ထိန်းသိမ်းထားသော အဆိပ်များကို နိုင်ငံတော် ကာကွယ်ရေးအတွက် လိုအပ်တဲ့အချိန်မှာ ထုတ်ယူသုံးစွဲနိုင်မှာဖြစ်လို့ အစိုးရအနေနဲ့ ၎င်း အဆိပ်များကို လုပ်ငန်းရှင်များထဲမှ စုဆောင်းသိမ်းယူထိန်းသိမ်းထားလျှင် အန္တရာယ်ကင်းစွာ နိုင်ငံတော်ကာကွယ်ရေးအတွက် အကျိုးရှိစွာ အသုံးချနိုင်မှာ ဖြစ်ပါတယ်။

သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ စက်မှုကဏ္ဍလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါတယ်။ သို့မှသာ အသိပညာရှင်၊ အတတ်ပညာရှင်များဟာ ကဏ္ဍအလိုက် တာဝန်ယူမှုနဲ့ အခွင့်အလမ်းများ ပေးစွမ်းနိုင်ပြီး ပြည်သူအများစုက အခြားနိုင်ငံကို သွားရောက် အလုပ်လုပ်ကိုင်နိုင်ရန်မလိုဘဲ ကိုယ့်တိုင်းပြည်အတွင်းမှာ အလုပ်အကိုင် အခွင့်အလမ်းများ ပေးဆပ်နိုင်မှာလည်း ဖြစ်ပါတယ်။ လူမှုကဏ္ဍအားလုံးအတွက် ဘက်စုံထောင့်စုံ သတ္တုကဏ္ဍမှာ အခြေပြု၍ အကျိုးအမြတ် ရရှိနိုင်မှာဖြစ်ပါတယ်။ အစိမ်းရောင်စီးပွားရေး လျှောက်လှမ်းရန် သတ္တုကဏ္ဍ ဖွံ့ဖြိုးရေးဟာ ဦးစီးစီမံလုပ်ဆောင်ပေးရန်လည်း တင်ပြလိုပါတယ်။

ထို့အပြင် ပြည်ပမှ ဝင်ငွေရရှိနေသော ကျောက်မီးသွေးနှင့် ပတ်သက်၍ ပြည်တွင်း၌ ကျောက်မီးသွေး တန်ချိန်သန်းပေါင်း(၂၅၀)တန်ရှိနေကြောင်းကို အများဆုံး ထုတ်လုပ်မှုစာရင်းများ၌ မြန်မာနိုင်ငံတွင် ပါဝင်ခြင်းမရှိသေးကြောင်း သတ္တုတွင်းဝန်ကြီးဌာန၏ အထွေထွေမန်နေဂျာအဆင့်အထိ တာဝန်ယူထမ်းဆောင်ခဲ့သူ ဦးစောမိုးမြင့် ရဲ့ ပြောကြားချက်အရလည်း သိရှိရပါတယ်။ ပြန်လည်ဖြည့်တင်းခြင်းမရှိသည့် သတ္တုသယံဇာတမှာ ကျောက်မီးသွေးသိုက်ဖြစ်ပြီး သစ်ပင်များ၊ ရွှံ့နွံများအောက်မှာ နှစ်သန်းပေါင်း(၁၀၀)ကျော် နစ်မြုပ်လာခဲ့ပြီး အပေါ်ယံမြေသားတွေ ဖိနှိပ်မှုကြောင့် ကျောက်မီးသွေး ဖြစ်ပေါ်လာရခြင်းလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အထင်ကရ ကျောက်မီးသွေးသိုက်များ အများဆုံးနေရာများမှာ စစ်ကိုင်းတိုင်းဒေသကြီးမှာ (၅)နေရာ၊ မကွေးတိုင်းဒေသကြီးမှာ(၂)နေရာ၊ တနင်္သာရီတိုင်းဒေသကြီးမှာ(၂)နေရာ၊ ရှမ်းပြည်နယ်မှာ(၅)နေရာနဲ့ ကချင်ပြည်နယ်မှာ(၁)နေရာရှိကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း(၂၀၀)ကျော်မှာ ကျောက်မီသွေးသိုက်များ ရှိရာ ထုတ်လုပ်မှု အများဆုံးနိုင်ငံအဖြစ် တရုတ်နိုင်ငံမှ ၂၀၁၁ ခုနှစ်အထိ ကျောက်မီးသွေး ထုတ်လုပ်မှု တန်ချိန်ပေါင်း သန်းပေါင်း(၃၂၀၀)တန်ထုတ်ယူပြီး အိန္ဒိယနိုင်ငံမှာ တန်ချိန်သန်းပေါင်း (၉၈၄)သန်း၊ ရုရှားနိုင်ငံမှာ တန်ချိန်သန်းပေါင်း(၃၀၇)သန်း၊ ဩစတြေးလျနိုင်ငံမှ တန်ချိန်သန်းပေါင်း (၄၂၄)သန်း၊ အင်ဒိုနီးရှားနိုင်ငံမှ တန်ချိန်သန်းပေါင်း(၃၀၆)သန်း ထုတ်ယူခဲ့ပြီး ဖြစ်ကြောင်း သိရှိရပါတယ်။

တရုတ်နိုင်ငံမှ ကျောက်မီးသွေးကို ကုန်လုနီးပါးဖြစ်၍ ကျွန်တော်တို့ မြန်မာနိုင်ငံ ကချင်ပြည်နယ် လွယ်ဂျယ်မှ ကျောက်မီးသွေးကို ဝယ်ယူနေကြောင်းလည်း သိရှိရပါတယ်။ ကမ္ဘာပေါ်မှာ ကျောက်မီးသွေးကို (၁၀)ရာစုမှစတင်၍ သံရည်ကျိုချက်ရာမှာ အသုံးပြုခဲ့ရာ၊ (၁၉)ရာစုတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၌ အသုံးချခဲ့ပါတယ်။ ကျောက်မီးသွေး လက်ရှိ အမေရိကန်နိုင်ငံမှာ (၄၉)ရာခိုင်နှုန်း၊ တရုတ်နိုင်ငံမှာ (၆၈)ရာခိုင်နှုန်း အသုံးပြုနေကြောင်းလည်း လေ့လာသိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ အထက်ပါတင်ပြချက်များကို နိုင်ငံတော်က လုပ်ပိုင်ခွင့်ရရှိအောင် ခွင့်ပြုပေးနိုင်ရန် တင်ပြအပ်ပါတယ်။ ခရီးစဉ်အတွင်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အချို့ လေ့လာရေးမှတ်တမ်းများအရ တစ်နိုင်ငံလုံးရှိ သတ္တုနှင့် သယံဇာတများကို နည်းမှန်လမ်းမှန်နဲ့ ပူးပေါင်းဆောင်ရွက်ခွင့် ရရှိခဲ့ပါတယ်။ အဆိုရှင် တင်ပြခဲ့သလို ချင်းပြည်နယ်

သစ်တောကြိုးဝိုင်း၊ကြိုးပြင်ကာကွယ်တောများအတွင်း သတ္တုလုပ်ကွက်များစမ်းသပ်တိုင်းတာခွင့် လျှောက်ထားမှုအပေါ် ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံးဖြစ်သော ချင်းပြည်နယ်အား ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဦးတည်ချက်ထား၍ ခွင့်ပြုပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော် က ထောက်ခံပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၂း၂၇။**

**ဥက္ကဋ္ဌ။** ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၇။**

**ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အားလုံးကို မင်္ဂလာပါလို့ လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောတော်ပလဲ ဖြစ်ပါတယ်။ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ရဲ့ အဆိုပြုချက်ကို ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရှေ့မှ ကိုယ်စားလှယ်တော်ကြီး(၁၁)ယောက်က ရှုထောင့်မျိုးစုံကနေ တင်ပြသွားပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးဇုန်လှယ်ထန်း ရဲ့ အဆိုမှာ လျှောက်လွှာကို ခွင့်ပြုဖို့အတွက် သစ်တောဝန်ကြီးဌာနက သစ်တောနယ်မြေမှာ ပါဝင်တဲ့အတွက်ကြောင့် ထောက်ခံခြင်းမပြုတဲ့ အတွက်ကြောင့် သတ္တုဝန်ကြီးက ခွင့်မပြုနိုင်ဘူးလို့ အတိအလင်း ဖော်ပြထားပါတယ်။ အဲဒီတော့ ဒီနေရာမှာ သတ္တုဝန်ကြီးက ချင်းပြည်နယ်သည် အဆင်းရဲဆုံးပြည်နယ်ဖြစ်ကြောင်း၊ ဆင်းရဲမှု အနိမ့်ကျဆုံးဖြစ်ကြောင်း သူသိတယ်။ သူထောက်ခံချင်ပါတယ်။ ဒါပေမဲ့ သစ်တောဝန်ကြီးဌာနရဲ့ ကန့်ကွက်ခြင်းအတွက်ကြောင့် သူ ခွင့်ပြုခြင်း မပြုဘူးလို့ ကျွန်တော်ယူဆပါတယ်။ အဲဒီတော့ သတ္တုဝန်ကြီးသည် ဘာပြုလို့ သူ ခွင့်မပြုနိုင်သလဲ။ သူ့အပေါ်မှာ ကန့်သတ်ထားတာတွေ ရှိလို့ပါပဲ။ အဲဒီတော့ ကျွန်တော့်အနေနဲ့ တင်ပြချင်တာက (၁) သတ္တုဝန်ကြီးသည် သတ္တုထုတ်လုပ်ခွင့် လျှောက်ထားခြင်းတွေအပေါ်မှာ လွတ်လွတ်လပ်လပ်တိုက်ရိုက်ခွင့်ပြုပေးနိုင်ဖို့ အနေအထားရှိဖို့ အတွက် ကျွန်တော်တို့နိုင်ငံမှာ သတ္တုရတနာမြေဆိုပြီးတော့ သတ်မှတ်ဖို့ လိုအပ်ပြီဖြစ်ကြောင်း တင်ပြလိုပါတယ်။

သတ္တုတွေဟာ သတ္တုဖြစ်ထွန်းရာဒေသတွေမှာ တစ်ဆက်တည်း မဟုတ်သည့်တိုင် မြေအောက်ပေ(၁၀၀၀)ခန့်ကျော် ဖြစ်ထွန်းတည်တံ့သဖြင့် စနစ်တကျ ခေတ်မီနည်းပညာဖြင့် စမ်းသပ်ခြင်း၊ ရှာဖွေခြင်း၊ ထုတ်လုပ်ခြင်းများ ပြုလုပ်ပါက များစွာအကျိုးရှိမှာ ဖြစ်တယ်။ သတ္တုသိုက် ပဏ္ဏာမများပြီး ရာခိုင်နှုန်းအများအပြားရှိပါက သတ္တုရတနာနယ်မြေ ဆိုပြီးတော့ သတ်မှတ်ရင် အကျိုးကျေးဇူးအများကြီး ဖြစ်ထွန်းမယ်လို့ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်ဆိုလိုသည်မှာ ကျောက်မျက်ရတနာမြေ သတ်မှတ်သကဲ့သို့ သတ္တုမြေ ဆိုပြီးတော့ သတ်မှတ်ဖို့ လိုအပ်ပြီ။ အခု ကျွန်တော်တို့ သတ္တုလုပ်ကွက် လျှောက်ထားမယ်ဆိုလို့ရှိရင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံကိန်းများနှင့် လွတ်ကင်း ခြင်း ရှိ/မရှိ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ရေအားလျှပ်စစ်စီမံကိန်းများနှင့် ငြိစွန်းခြင်း ရှိ/မရှိ။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သစ်တောတွင်းကျရောက်ခြင်း ရှိ/မရှိ စသည် တို့ကို စိစစ်ရန်လိုအပ်ပြီးတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံချက်များ ရယူပေးရတယ်။

ဒီလုပ်ငန်းများကို ဆောင်ရွက်ကြရာမှာ ရုံးလုပ်ငန်းသဘာဝ အရ အထက်အောက်၊ အသွားအပြန် စာတင်စာချ အချိန်ယူရခြင်း၊ ထို့မျှမက ယခုအခါ မြေ အသုံးချခြင်းနှင့် စပ်လျဉ်းပြီးတော့ နောက်နောင်အရှုပ်အရှင်းမပေါ်စေဖို့ သတ္တုတူးဖော်ရန် လျှောက်ထားတဲ့ လုပ်ကွက်ဧရိယာကို သက်ဆိုင်ရာကျေးရွာမှရွာမြေ မဟုတ်ကြောင်း၊ စိုက်ပျိုးမြေ မဟုတ်ကြောင်း၊ သတ္တုတူးဖော်ခြင်းကို ရွာမှ သဘောတူညီကြောင်း၊ ကျေးရွာလူထု၊ ကျေးရွာ အုပ်ချုပ်ရေးမှူး၊ ကျေးရွာဘုန်းတော်ကြီး၊ ကျေးရွာကျောင်းဆရာ/ ဆရာမတွေကအစ ထောက်ခံချက်များ ယူပေး နေရတဲ့ လုပ်ငန်းလုပ်ကိုင်မှုတွေ ရှိပါတယ်။ အဲဒါကြောင့်မို့လို့ သတ္တုလုပ်ကွက် တစ်ခု လျှောက်တဲ့အချိန်မှာ များစွာအချိန်ကြာမြင့်ခြင်း၊ အဟန့်အတား၊ အခက်အခဲများစွာ ဖြစ်ရ ပါတယ်။ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းအသီးသီး ထောက်ခံချက်များဟာလည်း ထပ်မံ ဆောင်ရွက်ကြရလို့လည်း တချို့ပြည်သူတွေမှာ လုပ်ငန်းလုပ်ချင်ပေမယ့် ရုံးကိစ္စ၊ ရုံးလုပ်ငန်းများ မကျွမ်းကျင်၊ နားလည်မှု မရှိခြင်းတို့ကြောင့် လုပ်ငန်းဆောင်ရွက်ကြရာတွင် အဆင်မပြေတဲ့သူ အများကြီးရှိပြီးတော့ ပြန်နောက်ဆုတ်သွားတာတွေ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါကိစ္စတွေကို ယခုလို လွှတ်တော်မှာ တက်ရောက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များဟာ ပြည်သူများရဲ့ အခက်အခဲများကို ကူညီဖြေရှင်းပေးရေးအတွက် စဉ်းစားပေးစေလိုကြောင်း တင်ပြခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးတို့လည်း ပူးပေါင်းကူညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့်အတွက် ထိုက်သင့်သလောက် ယခင်ထက်ပိုပြီး လုပ်ထုံးလုပ်နည်းများ ချောမွေ့အဆင်ပြေနေတာကို ပိုမို၍ ပွင့်လင်းမြင်သာသော လမ်းကြောင်းဖြင့် ပြုလုပ်ဆောင်ရွက်ပေးနိုင်ဖို့ အထူးတင်ပြလိုပါတယ်။

ပြည်သူများ သတ္တုကဏ္ဍစီးပွားရေးကို အဆင်ပြေချောမွေ့စွာ လုပ်ကိုင်လာနိုင်ရေးအတွက် နိုင်ငံတော်၏ ခွင့်ပြုချက်အရ သတ္တုတွင်းဝန်ကြီးဌာနမှသော်လည်းကောင်း၊ ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိကဓာတ်ခွဲခန်းများကို သတ္တုထွက်ရှိရာ ဒေသများတွင် ဖွင့်လှစ်ပေးခြင်းဖြင့်သော်လည်းကောင်း၊ လုပ်သားပြည်သူ တိုင်းရင်းသားများ မိမိတို့ဒေသထွက် သတ္တုများကို မျက်မြင်ကိုယ်တွေ့ စမ်းသပ်စစ်ဆေး နိုင်ခွင့်ရစေပြီး၊ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းကို စိတ်ဝင်စားစွာ လုပ်ကိုင်လာစေနိုင်ပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီး အသီးသီးတွေမှာ သတ္တုတွင်းဝန်ကြီးဌာနမှ ဓာတ်သတ္တုစမ်းသပ်ရှာဖွေတိုင်းတာရေးရုံးများ ဖွင့်လှစ်ပေးခြင်းဖြင့် အစိုးရရုံးများနှင့် ပြည်သူများ ထိတွေ့ဆက်ဆံမှု ပိုမိုရရှိစေပြီး၊ ဒေသတွင်း ထွက်ရှိသည့် သတ္တုများကို စမ်းသပ်ရှာဖွေပေးနိုင်ကာ ပြည်သူများ အလုပ်အကိုင်ပိုမိုရရှိအောင်၊ စီးပွားရေးလုပ်ငန်းများ စတင်ထူထောင်နိုင်အောင် အားပေးရာလည်း ရောက်စေပါတယ်။

တိုင်းရင်းသားပြည်သူများဟာ သတ္တုတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းကို နည်းပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှုမရှိဘဲ မိရိုးဖလာအတိုင်း တူးဖော်ပြီး လာဝယ် သူကို ရောင်းချပေးတယ်။ ဝယ်သူပေးတဲ့ ဈေးနဲ့ပဲရောင်းချနေတာ များပါတယ်။ စနစ်တကျ စီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ကြသူများလောက်သာ စနစ်တကျ တူးဖော်ခြင်း၊ သန့်စင်ခြင်းကို သိရှိကြပါတယ်။ အဲဒီလို အခြေအနေမှာ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် ဂေဟစနစ်ကို မထိခိုက်စေရန် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်ရေး၊ နိုင်ငံတော်၏ အစီအစဉ်များကို ထိထိရောက်ရောက်ဖြစ်စေရေးအတွက် ထိန်းသိမ်းကွပ်ကဲသည့် စနစ်လိုအပ်ပါတယ်။ သစ်တောပြန်လည်ထူထောင်ရေးလုပ်ငန်း အပ်နှံ၍ဖြစ်စေ၊ သတ္တုထုတ်လုပ်ရင်း သဘာဝပတ်ဝန်းကျင်ကိုလည်း တစ်ပြိုင်တည်း ထိန်းသိမ်းစောင့်ရှောက်ရေးဖြင့် ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။

ယခုအခြေအနေမှာ သတ္တုထွက်သည့် ဒေသများမှာ တရားမဝင် ခိုးတူးကြပြီး သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးတာဝန်ကိုလည်း တစ်စုံတစ်ရာ မယူကြသည့်အပြင် ဖမ်းဆီးမည်၊ စစ်ဆေးမည်ဆိုလျှင် ထွက်ခွာ၊ ရွှေ့ပြောင်းရှောင်ရှားသွားကြခြင်းဖြင့် စီမံကိန်းမရှိ၊ မိုင်းဒီဇိုင်းမရှိ နိုင်ငံတော်မှလည်း အခွန်ဘဏ္ဍာမရရှိဘဲ အကျိုးမဲ့စေပါသဖြင့် စနစ်တကျ ခွင့်ပြုမိန့်များ ချမှတ်ပြီး တရားဝင်လုပ်ကိုင်စေမှုကို နိုင်ငံတော်က နည်းလမ်းကောင်းများ ရှာဖွေကြံဆပြီး ကူညီအားပေး သင့်ပြီလို့ တင်ပြလိုပါတယ်။

ကျွန်တော်တို့ ကရင်ပြည်နယ်မှာလည်း သတ္တု အများကြီးထွက်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ပြည်နယ်ကတော့ အားလုံးသိတဲ့အတိုင်းပဲ နယ်မြေတည်ငြိမ်မှု မရှိသေးတဲ့အတွက်ကြောင့် လျှောက်ထားခြင်းလည်း သိပ်မရှိသေးဘူး။ ကျွန်တော်တို့ ပဲခူးတိုင်းအရှေ့ပိုင်းမှာ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နဲ့ ရွှေကျင်မြို့နယ်တွေမှာ ရွှေ၊ ခနောက်စိမ်း၊ ဝုဖရမ် စတဲ့ သတ္တုတွေ ထွက်တယ်။ လျှောက်ထားတဲ့အချိန်မှာ ခုန ကျွန်တော်တင်ပြတဲ့ အဆင့်ဆင့် ထောက်ခံစာရယူ ရမှုတွေ အခက်အခဲကြောင့် မလျှောက်ဖြစ်ကြဘူးလို့လည်း ကြားသိရပါတယ်။ သတ္တုနဲ့ သယံဇာတ တူးဖော်ထုတ်လုပ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုနှင့် အစိမ်းရောင်စီးပွားရေး ကိစ္စများကို ယနေ့နိုင်ငံတော်မှာ ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုလျက်ရှိပါတယ်။ ဒါပေမဲ့ ဒီအစိမ်းရောင် စီးပွားရေး ဆိုတာကို ကျွန်တော်တို့ ပြည်သူတွေ နားလည်တာ မဟုတ်ဘူး။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျေးလက်ပြည်သူ (၇၀)ရာခိုင်နှုန်းသည် သဘာဝအပေါ် မှီခိုအားထားလွန်းမှုကြောင့် လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုကြောင့် လည်းကောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးရမှု ပိုမိုများပြားလာကြောင်း၊ သတ္တုလုပ်ငန်းကို စနစ်တကျ နည်းပညာအဆင့်အတန်း မြင့်မြင့်ဖြင့် လုပ်ကိုင်နိုင်ပါက သဘာဝပတ်ဝန်းကျင် ထိခိုက်မှု နည်းပါးကြောင်း၊ တူးဖော်ပြီး မြေများ ပြန်ဖို့ခြင်း၊ မြေညှိခြင်း၊ သစ်တော စိုက်ခင်းများ ထူထောင်ခြင်း၊ စွန့်ပစ်ပစ္စည်းများသည် ဘေးအန္တရာယ်ဖြစ်စေသည်များကို ဓာတုနည်းဖြင့် စနစ်တကျ ချေဖျက်သန့်စင်ခြင်းများ ပြုလုပ်ရကြောင်းကို ကျွန်တော်တို့ နားလည်ထားဖို့ လိုပါတယ်။ အများပြောနေတဲ့ Sulphate ဓာတ်တိုးမှု ဖြစ်စဥ်များဟာ သတ္တုရိုင်းတူးဖော်ခြင်း တစ်ခုမှသာမဟုတ်ဘဲ မြေသားနှင့် ကျောက်များကို ဖယ်ရှားလုပ်ကိုင်ရသည့် လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ ဆည်မြောင်း၊ တာတမံတည်ဆောက်ခြင်း၊ မြို့ပြတည်ဆောက်ခြင်းများမှာ

လည်း Sulphate ဖွဲ့စည်းပါဝင်သော ကျောက်သားများ ပိုထွက်လာပါကလည်း ပတ်ဝန်းကျင် ထိခိုက်မှု အများကြီးရှိတယ်ဆိုတာလည်း ကျွန်တော်တို့ သတိထားဖို့ လိုပါတယ်။

သတ္တုလုပ်ငန်းများတွင် ကမ္ဘာပတ်ဝန်းကျင်ထိခိုက်မှု ထိန်းသိမ်းရန်နှင့် အစားထိုးရန် လုပ်ငန်းရှင်များမှ သီးသန့်ရန်ပုံငွေထားရှိ သင့်ပြီ၊ အဲဒီလို ထားရှိမှသာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်မယ်ဆိုတာကို ကျွန်တော်တင်ပြလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ကျွန်တော်တို့နိုင်ငံတော်မှာ ဒီသတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထက်က ကျွန်တော်တို့ကိုယ်စားလှယ်တော်တွေရဲ့ တင်ပြချက်အရ ချင်းပြည်နယ် တစ်ပြည်နယ် တည်းမဟုတ်ဘဲနဲ့ ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ လိုအပ်တဲ့ နည်း၊ လိုအပ်တဲ့ ဥပဒေတွေကို ပြန်လည်ပြင်ဆင်ဖို့ သင့်ပြီဖြစ်ကြောင်း တင်ပြရင်း ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)ရဲ့ ချင်းပြည်နယ် သစ်တော ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအတွင်း သတ္တု လုပ်ကွက်များ စမ်းသပ်တိုင်းတာခွင့် လျှောက်ထားမှုအပေါ် ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံးသော ချင်းပြည်နယ်အား ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဦးတည်ချက်ထား၍ ခွင့်ပြုပေးနိုင်ရန် ပြည်ထောင်စုအစိုးအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၆။**

**ဥက္ကဋ္ဌ**။ ။ သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ပြန်လည် ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၃၆။**

**ဒေါက်တာမြင့်အောင် (ပြည်ထောင်စုဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များအားလုံးကို လေးစားစွာဖြင့် ကျွန်တော် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သတ္တုတွင်း ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ရဲ့ ချင်းပြည်နယ် သစ်တောကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအတွင်း သတ္တုလုပ်ကွက်များ စမ်းသပ်တိုင်းတာခွင့် လျှောက်ထားမှုအပေါ် ဆင်းရဲနွမ်းပါးမှု အနိမ့်ကျဆုံးသော ချင်းပြည်နယ်

အား ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဦးတည်ချက်ထား၍ ခွင့်ပြုပေးနိုင်ရန် ပြည်ထောင်စုအစိုးအား တိုက်တွန်းကြောင်းအဆိုကို သတ္တုတွင်းဝန်ကြီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာနတို့ ပေါင်းစပ်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သစ်တောကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများ အတွင်း သတ္တုလုပ်ကွက်များ စမ်းသပ်တိုင်တာခွင့် လျှောက်ထားမှုနှင့် ပတ်သက်၍ အောက်ပါ အတိုင်း ဖြေကြားအပ်ပါတယ်။ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ ပုဒ်မ ၁၂(က)နှင့် ၁၉၉၅ ခုနှစ်၊ သစ်တောနည်းဥပဒေများ ပုဒ်မ ၂၀(က)တို့အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအတွင်း နိုင်ငံတော် ၏ လူမှုစီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုပေးလျက် ရှိရာ သတ္တုအမျိုးမျိုး တူးဖော်ခြင်းလုပ်ငန်းကိုလည်း သတ္တုတွင်းဝန်ကြီးဌာနရဲ့ ညှိနှိုင်းမေတ္တာ ရပ်ခံချက်ဖြင့် ဆောင်ရွက်ခွင့်ပြုပေးလျက်ရှိပါတယ်။

ထိုသို့ ဆောင်ရွက်ခွင့်ပြုရာတွင် ဆက်စပ်သည့် သတ္တုတွင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ စည်းကမ်းချက်များ သတ်မှတ်ပြဋ္ဌာန်းပေးပါတယ်။ ထို့အပြင် ရေဝေရေလဲဒေသများ ထိန်းသိမ်း ကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု မရှိစေရေးကို အထူးဂရုပြု ကြပ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအတွင်း ရွှေနှင့် သတ္တုအမျိုးမျိုး တူးဖော်ထုတ်လုပ်ခြင်း ကိစ္စရပ်များနှင့် ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနမှ ညှိနှိုင်းမေတ္တာရပ်ခံ သဘောထားတောင်းခံ လာသောအခါ စနစ်တကျ ကွင်းဆင်းစစ်ဆေးခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံး ဖြစ်စေသည့် နည်းလမ်းများကိုသာ စိစစ်ခွင့်ပြုခြင်း၊ မြေငှားရမ်းခနှင့် အာမခံငွေများ ကောက်ခံခြင်း၊ စစ်ဆေးကြပ်မတ်ခြင်းများကို အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပြု မည့် လုပ်ကွက်ဧရိယာအတွင်း ကျွန်း၊ အုပ်စု(၁)နှင့် အဖိုးတန်သစ်မျိုးများ ပါဝင်မှုနှင့် သစ်တော ဖုံးလွှမ်းမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးစိစစ်ပါတယ်။ သစ်တောဖုံးလွှမ်းမှု ကောင်းမွန်ပြီး

ပါဝင်ပင်များမှာ တစ်ဧကလျှင် လုံးပတ်(၁)ပေနှင့်အထက် (၅၀)ပင်နှင့်အထက် ကျော်လွန်ပါက သစ်တောသယံဇာတ အရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိမည်ဖြစ်သည့် အတွက် ခွင့်မပြုပါ။ သစ်တောစိုက်ခင်းဧရိယာအတွင်း ကျရောက်မှု ရှိ/မရှိ အခြေအနေနှင့် သစ်ထုတ်လုပ်သည့် အကွက်များအတွင်း ကျရောက်မှု ရှိ/မရှိ အခြေအနေများကိုလည်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးပါတယ်။

အဆိုပြုလုပ်ကွက်ဧရိယာသည် အရေးကြီးသည့် ရေဝေရေလဲဧရိယာများ အဓိက မြစ်ကြီးများနှင့် မြစ်ကမ်းပါးများ၊ ရေအားလျှပ်စစ်စီမံကိန်းများ၏ ရေဆင်းဧရိယာများအတွင်း ကျရောက်မှု ရှိ/မရှိ နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအခြေအနေများကိုလည်း ကွင်းဆင်း စစ်ဆေးဆောင်ရွက်ရာတွင် ထည့်သွင်းစစ်ဆေးပြီး သတ္တုတူးဖော်ရန် ခွင့်ပြုသင့်/မပြုသင့် စိစစ် သုံးသပ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်အရ အကြီးစားသတ္တုတူးဖော်ထုတ်လုပ်ခြင်း၊ သန့်စင်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ္တုတူးဖော်ထုတ်လုပ်မှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေမည့် အစီအစဉ်များ စနစ်တကျရေးဆွဲ ထည့်သွင်း ဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာကုမ္ပဏီ သို့မဟုတ် လုပ်ငန်းရှင်များမှ ဆောင်ရွက်မည်ဖြစ် ကြောင်း ကတိဝန်ခံ ရယူ၍ စိစစ်ခွင့်ပြုပေးနိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

စာချုပ်ချုပ်ဆိုခွင့်ပြုထားသော လုပ်ကွက်များအား ကာလအလိုက် မြေငှားရမ်းခ ကောက်ခံမှုနှင့် ငွေပေးသွင်းရန် ကျန်ရှိမှု၊ သက်တမ်းတိုးမြှင့်ရန် ကျန်ရှိမှုနှင့် သက်တမ်းကျော် လွန်မှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်ပါတယ်။ သတ္တုတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် စာချုပ်ပါ စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်မှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု၊ သစ်တော ဥပဒေ၊ နည်းဥပဒေများ ချိုးဖောက်မှု ရှိ/မရှိကို ကွင်းဆင်းစစ်ဆေး ကြပ်မတ် ဆောင်ရွက်လျက် ရှိပါတယ်။

သတ္တုအမျိုးအမျိုး တူးဖော်ခြင်းသည် သစ်တောသယံဇာတ အရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုများ အနည်းနှင့်အများ ရှိစေပါတယ်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဟာ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို ညှိနှိုင်းပြီး စိစစ်ဆောင်ရွက် ခွင့်ပြုပေးခြင်း ဖြစ်ပါ တယ်။ ယခုအခါတွင် ပုဂ္ဂလိကလုပ်ငန်းရှင် သို့မဟုတ် ကုမ္ပဏီများနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့

အကျိုးတူပူးပေါင်း၍ ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအတွင်း ရွှေနှင့် သတ္တုအမျိုးမျိုး တူးဖော်ထုတ်လုပ်သည့် ဧရိယာ(၃၁၃၈၄.၃၇)ဧကကို နှစ်စဥ်မြေငှားရမ်းခ စနစ်ဖြင့် စာချုပ်ချုပ်ဆို၍ ခွင့်ပြုပေးပြီး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့ ချင်းပြည်နယ်အတွင်း သတ္တုရှာဖွေစမ်းသပ်တူးဖော်ခွင့် အဆိုပြုလျှောက်ထားခြင်းများနှင့် ပတ်သက်၍ လက်ရှိကာလတွင် ပတ္တမြားနဂါးကုမ္ပဏီ အပါအဝင် ရတနာကမ္ဘာကုမ္ပဏီနှင့် ကမ္ဘောဇ Mining Co, Ltd တို့မှလည်း အဆိုပြုလျှောက်ထားခဲ့ကြပါတယ်။ ထိုသို့ လျှောက်ထားမှုကို ကွင်းဆင်းစစ်ဆေးစိစစ်ရာတွင် ရတနာကမ္ဘာကုမ္ပဏီနှင့် ကမ္ဘောဇ Mining Co, Ltd တို့ သတ္တုရိုင်း ရှာဖွေစမ်းသပ်တူးဖော်ခွင့်လျှောက်ထားသည့် မြေသည် အဖိုးတန်အပင်များ ပေါက်ရောက်မှု မရှိခြင်း၊ ဖုန်းဆိုးတော ဖြစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်နိုင်မှု နည်းပါးခြင်းတို့ကြောင့် အထက်ဖော်ပြပါ သတ်မှတ်ချက်များ နှင့်အညီ စိစစ်ခွင့်ပြုရန် သဘောထားပြန်ကြားခဲ့ပြီး၊ ပတ္တမြားနဂါးကုမ္ပဏီမှ လျှောက်ထားသည့် မြေသည် အဖိုးတန် ကျွန်းနှင့်သစ်မာ တစ်ဧကပါဝင်မှု (၂၅၈)ပင်မှ (၃၆၅)ပင် အထိ ပါဝင်နေခြင်း၊ မျိုးဆက်ပြန့်ပွားမှု ကောင်းမွန်သည့်တောဖြစ်ခြင်း၊ ကျွန်းသစ် ထုတ်လုပ်ဆောင်ရွက်လျက်ရှိသည့် ဧရိယာများအတွင်း ကျရောက်နေခြင်းတို့ကြောင့် သဘာဝတောနှင့် ရေ၊ မြေပတ်ဝန်းကျင်တို့ကို ထိခိုက်ပျက်စီးစေနိုင်သည့်အတွက် ခွင့်မပြုနိုင်ပါကြောင်း သဘောထားပြန်ကြားခဲ့ပြီး ဖြစ်ပါတယ်။ သတ္တုအမျိုးမျိုးတူးဖော်ရန် လျှောက်ထားမှုများကို စိစစ်ရာတွင် မြေပြင်အခြေအနေ သိရှိ နိုင်ရန်အတွက် ကွင်းဆင်းစစ်ဆေး စာရင်းကောက်ယူဆောင်ရွက်ခြင်း သာမက ပိုမိုတိကျခိုင်မာ စေရန်အတွက် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးမှ လည်းကောင်း၊ ကောင်းကင်ဂြိုလ်တု ဓာတ်ပုံ၊ သတင်းအချက်အလက် များ၊ သစ်တောသယံဇာတ စာရင်းကောက်ယူမှု မှတ်တမ်းများအပေါ် လေ့လာစိစစ်ပြီး သဘောထားပြန်ကြားခြင်းသာ ဖြစ်ပါတယ်။

ထို့အပြင် ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ မြွေတောင်ဒေသတွင် နီကယ်နှင့် သတ္တုအမျိုးမျိုးတူးဖော်ရရှိနိုင်ကြောင်း လေ့လာဆန်းစစ် လျှောက်ထားမှုများအပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ သဘောထားမေးမြန်းချက်အရ သစ်တောဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားကို အောက်ပါအတိုင်း ပြန်ကြားခဲ့ခြင်း ဖြစ်ပါတယ်။ (က) ရေဝေရေလဲဒေသများနှင့် ပတ်ဝန်းကျင်

ထိခိုက်မှု မရှိစေရေးအတွက် စွန့်ပစ်ပစ္စည်းများ စီမံအုပ်ချုပ်မှု (Waste Management) အစီအစဉ်ရေးဆွဲ၍ စနစ်တကျဆောင်ရွက်ရန်၊ (ခ) သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရေးအတွက် အကျိုးသက်ရောက်မှုများ လေ့လာဆန်းစစ်ရန် (Environmental Impact Assessment - EIA)၊ (ဂ) ဒေသခံပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေး၊ ထိခိုက်မှု လျော့နည်းစေရေးအတွက် အကျိုးသက်ရောက်မှုများကို လေ့လာဆန်းစစ်ရန် (Social and Health Impact Assessment - SIA, HIA)၊ (ဃ) ဆန်းစစ်ခြင်းများအား အခြေခံ၍ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု အနည်းဆုံးဖြစ်စေမည့် နည်းလမ်းများ ရွေးချယ်ပြီး အကောင်အထည်ဖော်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်မှု စီမံကိန်း(Environmental Management Plan - EMP) ကို သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများအတွက် ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းများအပေါ် ပေးလျော်ငွေ (Payment for Environmental Services - PES) အစီအစဉ်များ ထည့်သွင်းရေးဆွဲ ဆောင်ရွက်ရန်ဟု အကြံပြုထားပါတယ်။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၄(ခ)နှင့် ပုဒ်မ ၅ တို့အရ ဓာတ်သတ္တု စမ်းသပ်တိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်လိုပါက သတ္တုတွင်းဝန်ကြီးဌာနသို့ လျှောက်ထားနိုင်ပြီး မြန်မာ့သတ္တုတွင်း နည်းဥပဒေများ အပိုဒ် ၁၂ နှင့်အညီ လျှောက်ထားရပါမည်ဖြစ်ပါတယ်။ ထို့သို့ လျှောက်ထားရာတွင် အောက်ပါအထောက်အထားများကို ပူးတွဲတင်ပြရန် သတ်မှတ်ထားပါတယ်။ သက်ဆိုင်ရာ မြို့နယ်မြေစာရင်းဦးစီးဌာန၏ မြေစာရင်းပုံစံ (၁၀၅)မြေပုံ။ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်ထောက်ခံချက်။ သက်ဆိုင်ရာ မြို့နယ် သစ်တောဦးစီးဌာန၏ သဘောထားမှတ်ချက်။ သက်ဆိုင်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်တို့ ဖြစ်ပါတယ်။ မြန်မာ့သတ္တုတွင်းနည်းဥပဒေ များ အပိုဒ် ၁၃ နှင့် နည်းဥပဒေများ အပိုဒ် ၁၄၊ အပိုဒ်ခွဲ(က)အရ စမ်းသပ်တိုင်းတာခွင့်ကို ခွင့်ပြုမိန့်ထုတ်ပေးပါတယ်။ မြန်မာ့သတ္တုတွင်း နည်းဥပဒေများ အပိုဒ် ၁၄၊ အပိုဒ်ခွဲ(က)ပါ ဓာတ်သတ္တုစမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့်၏ စည်းကမ်းချက်များ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(ဇ)တွင် ဓာတ်သတ္တု စမ်းသပ် တိုင်းတာရန် ခွင့်ပြုမိန့်ရရှိသူသည် သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်း လျက်ရှိသော အစိုးရက စီမံခန့်ခွဲခွင့်ရှိသည့် မြေတွင် သစ်ခုတ်လှဲခြင်းနှင့် မြေတူးဆွခြင်း တစ်စုံတစ်ရာ ပြုလုပ်ပါက သက်ဆိုင်ရာ သစ်တောဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူ ရမည်ဟု ပါရှိပါတယ်။

မြန်မာ့သတ္တုတွင်းနည်းဥပဒေ အပိုဒ် ၇၀၊ အပိုဒ်ခွဲ(ဃ)တွင် သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေဖြစ်ပါက သစ်တောဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောတူညီချက်ကို ကြိုတင်ရယူရမည် ဟု ဖော်ပြပါရှိပါတယ်။ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ အခန်း(၂၁)၊ အပိုဒ် ၁၀၅၊ အပိုဒ်ခွဲ(ခ)တွင် သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေအတွင်း ဓာတ်သတ္တု စမ်းသပ်တိုင်းတာခြင်း (သို့မဟုတ်) ထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်ခြင်းကိုခွင့်ပြုပြီး ယင်းသို့ လုပ်ကိုင်ခြင်းကြောင့် သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းခြင်းပြုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောတူညီချက်ကို တောင်းခံရယူစဉ်က ညှိနှိုင်းသဘောထားချက်နှင့်အညီ သစ်တောစိုက်ခင်းများ ပြန်လည်တည်ထောင်ပေးခြင်း သို့မဟုတ် လျော်ကြေးပေးခြင်း ပြုလုပ်ရမည်ဟု ပါရှိပါတယ်။

အထက်ဖော်ပြချက်တို့အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဓာတ်သတ္တု စမ်းသပ်တိုင်းတာခွင့်ကို မြန်မာ့သတ္တုတွင်း ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၅ တို့အရ စမ်းသပ်တိုင်းတာခွင့် လျှောက်ထားနိုင်ပြီး၊ အဆိုပြုလျှောက်ထားသော လုပ်ကွက်သည် သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသည့် ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲခွင့်ရှိသည့် မြေတွင် ကျရောက်ပါက မြန်မာ့သတ္တုတွင်း နည်းဥပဒေများ အပိုဒ် ၁၀၅၊ အပိုဒ်ခွဲ(ခ)နှင့် ခွင့်ပြုမိန့်တွင် ပါရှိသော စည်းကမ်းချက်များနှင့်အညီ သက်ဆိုင်ရာ သစ်တောဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ကို ကြိုတင်ရယူရန် သို့မဟုတ် သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြလာပါက မြန်မာ့သတ္တုတွင်း နည်းဥပဒေများ အပိုဒ် ၆၉၊ အပိုဒ်ခွဲ(ခ)နှင့်အညီ သတ္တုတွင်းဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည် ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး၏ ဖော်ပြချက်တွင် ပါရှိသည့်အတိုင်း ချင်းပြည်နယ်သည် ဖွံ့ဖြိုးမှုနည်းပါးပြီး ဒေသခံပြည်သူများ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို အလေးထားဆောင်ရွက်ရန်လည်း အမှန်ပင်လိုအပ်ပါတယ်။ အဆိုပါ လိုအပ်ချက်များ ဖြည့်ဆည်း

နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးဝိုင်၊ ကြိုးပြင် ကာကွယ်တောများအတွင်း သတ္တုစမ်းသပ်တိုင်းတာ ဆောင်ရွက်မည့် လုပ်ငန်းများ အပေါ် သတ်မှတ်စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု လျော့နည်းသက်သာစေမည့် နည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။

သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ တင်ပြရလျှင် သတ္တုတွင်းဝန်ကြီးဌာန၊ ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအနေဖြင့် ချင်းပြည်နယ်အတွင်း ဘူမိဗေဒမြေပုံ ရေးဆွဲခြင်း၊ ဓာတ်သတ္တု ရှာဖွေတိုင်းတာခြင်းလုပ်ငန်းများမှာ ကိုယ်စားလှယ်တော်ကြီးများ၏ ဆွေးနွေးတင်ပြချက်အတိုင်း ကဲ့ကူဆံ၊ ကြေးနီ၊ ခရိုမိုက်၊ ထုံးကျောက်၊ နီကယ်၊ သံ၊ ကျောက်မီးသွေး စသည့် ဓာတ်သတ္တုဖြစ်ထွန်းမှုများအား မှတ်တမ်းတင်ထားရှိပြီး ဆက်လက်လည်း မှတ်တမ်းတင် လျက်ရှိပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ဓာတ်သတ္တုရှာဖွေစမ်းသပ်တိုင်းတာခွင့်၊ ထုတ်လုပ်ခွင့်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထား မှတ်ချက် အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၏ သဘောထားမှတ်ချက်၊ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြေစာရင်းပုံစံ(၁၀၅) စသည့် ထောက်ခံချက်များ ပြည့်စုံစွာပါရှိပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်ချပေးထားသော လုပ်ကွက်ဧရိယာများနှင့် လွတ်ကင်းမှု ရှိပါက သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများနဲ့အညီ ရှာဖွေစမ်းသပ်တိုင်းတာခွင့် လျှောက်ထားမှုအား စပ်ဆက်လျက်ရှိသော ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း ဥပဒေရေးဆွဲရေး၊ ရေးဆွဲရန် စီမံကိန်းရည်မှန်းချက်များတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရေးရာ ကော်မတီဝင် များ၏ အကြံပြုချက်အတိုင်း ဒေသခံပြည်သူများ၏ ထိခိုက်နစ်နာမှု မရှိစေရေး အလေးထား ဆောင်ရွက်ရန်နှင့် ဓာတ်သတ္တု ထုတ်လုပ်သူ တိုင်းရင်းသားများကိုလည်း မျှတစွာ ထောက်ပံ့အားပေးဆောင်ရွက်ရန်၊ သတ္တုနယ်မြေသတ်မှတ်ရန် ဆိုသည့် အချက်များကိုလည်း

ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အကြံပြုချက်များကိုလည်း နည်းဥပဒေများရေးဆွဲရာတွင် ပေါင်းစပ်ညှိနှိုင်း၍ ထည့်သွင်းရေးဆွဲသွားမည် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ၏ အဆိုသည် စီစဉ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ ပါရှိပြီးဖြစ်ပါ၍ အဆိုအား မှတ်တမ်းတင်ထားရှိနိုင်ပါရန် အမျိုးသားလွှတ်တော်သို့ တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၂း၅၂။**

**ဥက္ကဋ္ဌ။** ။ မူလအဆိုရှင် ဦးဇုန်လှယ်ထန်း ရဲ့ သဘောထားပြောပြပါ။

**အချိန်၊ ၁၂း၅၂။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ဟုတ်ကဲ့။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဝန်ကြီးအနေဖြင့် သစ်တောနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့်သော်လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့်သော်လည်းကောင်း ကူညီမယ်၊ လုပ်ငန်းစဉ်တစ်ခုအဖြစ်နဲ့ ဆောင်ရွက်နေပါတယ်လို့ ကြားရတဲ့အတွက် များစွာဝမ်းမြောက်ကြောင်း ပထမဆုံးပြောလိုပါတယ်။ အခု ကျွန်တော်တို့ တင်ပြတဲ့ဟာ တွေကတော့ ကျွန်တော်တို့ သတ္တုလုပ်ကွက် သွားလျှောက်တဲ့အချိန်မှာ မြန်မာ့သတ္တုတွင်း နည်းဥပဒေ ပုဒ်မ ၇၀(ဃ)အရ ဒီသစ်တောနယ်မြေမှာ ကျရောက်လို့ရှိရင် သစ်တောရဲ့ ဒီ သဘောထားမှတ်ချက်ကို ယူရပါတယ်။ ဒီအဆင့်ကို ကျွန်တော်တို့က ဒုက္ခရောက်နေတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ သွားတင်တယ်။ ဒီ ချင်းပြည်နယ်အစိုးရကိုလည်း သွားတွေ့တယ်။ ဒီ ခင်ဗျားတို့ သစ်တောက ကန့်ကွက်တယ်ဆိုတော့က ခင်ဗျားတို့၊ ဒါ သူတို့ရဲ့ သဘောထားမှတ်ချက်မှာ ကန့်ကွက်မှု မရှိကြောင်းဆိုတာ ပါမှရမယ်ဆိုတာ ချင်းပြည်နယ်အစိုးရကလည်း ကျွန်တော်တို့ကို ပြောပါတယ်။ ဒီဝန်ကြီးက အခုက ကူညီပေးမယ်ဆိုတာ ကြားရတော့ များစွာ ဝမ်းသာပါတယ်။

ပြီးတော့ စောစောတုန်းက ဆွေးနွေးထားခဲ့တဲ့အပေါ်မှာလည်း အများကြီး ကျေးဇူးတင်ပါတယ်။ ဒီ ကျွန်တော် တင်ခဲ့တဲ့အချိန်တုန်းကလည်း ပါပါတယ်။ ဒီ ကျွန်တော်တို့ နိုင်ငံမှာ နယ်မြေတွေအကျယ်အဝန်းရှိပါတယ်။ ပြီးတော့ ဒီ သတ္တုတွေလည်းထွက်တယ်။ သစ်တောတွေလည်း စိုက်လို့ရပါတယ်။ ဒါ ကျွန်တော်တို့ နယ်မြေကို ကောင်းကောင်းလည်း Land use Policy ပေါ့နော်။ ကောင်းကောင်းလည်း အသုံးချတတ်လို့ရှိရင်၊ အသုံးချနိုင်လို့ရှိရင် ကျွန်တော်တို့

နိုင်ငံက ကြီးပွားချမ်းသာလာမှာ ဖြစ်ပါတယ်။ အဲဒါကတော့ တော်တော်လိုပါတယ်။ ဒီ ဦးလှဆွေ ဆွေးနွေးသလိုပေါ့၊ ဒီ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ဖြစ်လို့ ကန့်ကွက်နေတာမျိုး မဟုတ်ဘဲနဲ့ Community Forest လို့ ပြောတဲ့ပုံစံမျိုးပေါ့နော်။ သစ်တောလည်း စိုက်၊ သတ္တုလည်း တူးပေါ့၊ သူတို့မှာလည်း စည်းမျဉ်းစည်းကမ်းတွေ၊ နည်းဥပဒေတွေက ရှိပြီးသားပါ။ အဲဒီ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေအတိုင်း ကျွန်တော်တို့ လိုက်ဖို့အခွင့်အရေး မရတာ၊ အဲဒါကိုက ကျွန်တော်တို့ တင်ပြရတဲ့ အကြောင်းအရင်း ဖြစ်ပါတယ်။ သူတို့က ကန့်ကွက်လိုက်လို့ ကျွန်တော်တို့က လမ်းစပျောက်သွားတာ ဖြစ်ပါတယ်။

အခု ကျွန်တော် အဆိုတင်သွင်းတဲ့ အချိန်မှာလည်း ပါပါတယ်။ စမ်းသပ်တိုင်းတာခွင့် တောင်းတဲ့အချိန်၊ စမ်းသပ်ခွင့်ရတဲ့အချိန်မှာလည်း မြေကျင်းတွေ တူးမယ်၊ ပြီးတော့ မြေစိုက် အစမ်းကျင်းတူးမယ်၊ သစ်ပင်များရှိရင်တောင်မှ သစ်ပင်များကြားမှာ လုပ်ကိုင်ဆောင်ရွက် သွားလို့ရပါတယ်။ ပြီးတော့ ဒီစမ်းသပ်ရှာဖွေခြင်း၊ တူးဖော်ခြင်းလုပ်ငန်း မဟုတ်လို့ သစ်တောများ ရှိခဲ့လျှင်ပင် သိပ်ကိုပြင်ရန်မလိုသောအဆင့် ဖြစ်ပါတယ်။ သတ္တုများစီးပွားဖြစ် ထုတ်လုပ်နိုင်မှု ရှိကြောင်း စမ်းသပ်တွေ့ရှိချက် အဖြေရမှသာ နောက်တစ်ဆင့်အနေနဲ့ တူးဖော်ခွင့်လိုင်စင်များ လျှောက်ထားပြီး သတ္တုတွင်းဝန်ကြီးဌာန၊ အခြားသက်ဆိုင်ရာ ပတ်သက်သော ဌာနဆိုင်ရာများ အချင်းချင်း ညှိနှိုင်းသဘောတူ ခွင့်ပြုချက်ဖြင့် ဒါ တူးဖော်ထုတ်လုပ်ရမှာ ဖြစ်ပါတယ်။ ပြီးတော့ သတ္တုတူးဖော်ထုတ်လုပ်သည့် နည်းစနစ်များတွင်လည်း မြေအောက်တွင် Tunnel စနစ်ဖြင့် တူးဖော်ထုတ်လုပ်ခြင်း၊ မြေပေါ်ရှိ သစ်ပင်များကို ထိခိုက်ပျက်စီးစေနိုင်မှု မဖြစ်စေနိုင်ပါ။ တောင်များကို ဖောက်ဝင်၍ အတွင်း၌ သတ္တုကြောများကို လိုက်၍ Tunnel စနစ် တူးဖော်ခြင်း သည် တောင်ပေါ်တွင် ပေါက်ရောက်နေသော သစ်တော၊ ဝါးတောများကို ပျက်စီးမှု မဖြစ်စေပါ။ သတ္တုလည်း ထုတ်လုပ်နိုင်ပြီး၊ သစ်တောလည်း မဆုံးရှုံးသော နည်းစနစ်များ ရှိပါတယ်လို့ ကျွန်တော် အဆို တင်သွင်းခဲ့စဉ်တုန်းကလည်း ပြောခဲ့ပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ Community Forest ပုံစံမျိုးပေါ့၊ သတ္တုလည်း ကျွန်တော်တို့ တူးလို့ရတယ်။ သစ်တောကလည်း တကယ်ပေါက်ခဲ့တယ်ဆိုရင်တောင်မှ ဒါကို မပျက်စေအောင်လည်း လုပ်လို့ရတယ်။ ပြီးတော့ သူတို့ အရင်ယူပြီးမှလည်း တူးလို့ရတယ် ပုံစံမျိုးကို ကျွန်တော်တို့ အဆို တင်သွင်းတာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် အဆို

တင်သွင်းဟာနဲ့ ဝန်ကြီးရဲ့ အဖြေကလည်း အတူတူပဲ ဖြစ်နေတဲ့အတွက်ကြောင့် ဒီလွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုပဲ ခံယူပါမယ်လို့ တင်ပြပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၅၆။**

**ဥက္ကဋ္ဌ။** ။ ဟို သစ်တောဝန်ကြီးဌာန၊ သစ်တောနဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးရာဝန်ကြီးဌာနရဲ့ ဖြေကြားချက်အရ၊ ဥပဒေအရ ပေးလို့မရဘူးဆိုတော့ ဥပဒေအရ ပေးလို့မရတဲ့ ကိစ္စကို မဲခွဲလို့ နိုင်ရင်လည်း ပေးလို့မရဘူး။ လွှတ်တော်က မဲခွဲခြင်းက ဥပဒေရဲ့ အထက်ကို ရောက်သွားတယ်ဆိုတဲ့ သဘောမျိုး ဖြစ်သွားမှာပေါ့။ ဟုတ်တယ်မဟုတ်လား။ ဥပဒေပြင်ရမယ့် ပြဿနာဖြစ်လာတယ်။ အဲဒီတော့ မဲခွဲလို့ ရှုံးသွားရင်လည်း ဒီအခွင့်အလမ်းက ပိုပိတ်သွားမယ်။ ဒီ သဘောရှိတယ်။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ဒီ ကျွန်တော် သဘောပေါက်တာ လွဲသွားလား မသိဘူး။ ဒီ ကျွန်တော် ဒီနည်းဥပဒေမှာကိုတော့ ရှိတာပေါ့နော်။ သစ်တောက ခွင့်ပြုရင်ရတယ်။ ဒီ သစ်တော ရှိနေရင်တောင်မှ ခွင့်ပြုရင်ရတယ်။ ပြီးတော့ အခု ကျွန်တော်တို့ သွားလျှောက်တဲ့နေရာတွေကတော့ အမှန်ဆိုရင် သစ်တောက၊ ဓာတ်ပုံတွေလည်း ပြထားပြီးပြီ။ မရှိပါဘူး။ အဲဒီတော့ ဥပဒေမှာလည်း ဖော်ပြထားတာကတော့ ခွင့်ပြုလို့ရတယ်လို့ ကျွန်တော် သဘောပေါက်ထားပါတယ်။ သဘောပေါက်တာများ လွဲသလားမသိဘူး။

**ဥက္ကဋ္ဌ။** ။ ခုန ဟိုနေ့က သစ်တောကိုယ်စားလှယ် သတ္တုတွင်းက ရှင်းတဲ့ ဥစ္စာက သူက ဥပဒေအရ ခွင့်ပြုလို့မရဘူး။ ဟုတ်တယ်မဟုတ်လား။

**ဒေါက်တာမြင့်အောင် (ပြည်ထောင်စုဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)။** ။ ဟုတ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဥပဒေအရ ခွင့်ပြုလို့ မရတာ။ ဟုတ်လား ဒီကုမ္ပဏီ၊ ဒီကုမ္ပဏီကတော့ ဥပဒေအရ ခွင့်ပြုလို့ရတယ်။ ဒီကုမ္ပဏီ၊ ဒီကုမ္ပဏီကတော့ ဥပဒေအရ ခွင့်ပြုလို့ မရတာ။ အဲဒီတော့ ဥပဒေပြင်ရမယ့် ပြဿနာဖြစ်လာတယ်။ အဲဒီတော့ မဲခွဲချင်တယ်လား။ မဲခွဲချင်ရင် ရှုံးရင်လည်း လုံးဝပိတ်သွားမယ်။ ဥပဒေပြင်တဲ့ အဆင့်လည်း ရောက်မှာ မဟုတ်ဘူး။ တကယ်လို့ မဲခွဲချင်တယ်ဆိုရင်လည်း အခု မခွဲသေးပဲနဲ့ သစ်တောဝန်ကြီးဌာန ခေါ်ပြီးတော့မှ တစ်ခါပြန်ရှင်းခိုင်းရင် ရှင်းခိုင်းပြီးမှ ခွဲမှာလား။ အဲဒီလိုကျရင်တော့ မခွဲတော့ပါဘူးဆိုလို့တော့

မရဘူး။ ခွဲလို့ ရှုံးသွားရင်တော့ လုံးဝပိတ်သွားပြီ။ ဥပဒေ ပြင်တဲ့အဆင့်ထိလည်း ရောက်မှာ မဟုတ်ဘူး။ တိုင်ပင်ချင်သေးလား။ မိုက်တောင်း လိုက်လေ။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ သစ်တောလည်း ဝန်ကြီးဌာနဆီကနေလည်း ကျွန်တော်တို့ တစ်ခါလောက် ဟို ကြားနာရင် ပိုကောင်းမလားလို့။

**ဥက္ကဋ္ဌ။** ။ ကြားနာလို့ ရပါတယ်။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ။** ။ ကြားနာတာတော့ ဒါ ဆိုင်းငံ့လိုက်မယ်။ သစ်တောရေးရာ ဝန်ကြီးဌာန ဖိတ်ကြားလိုက်မယ်။ ဟုတ်ပြီနော်။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ။** ။ ဟိုကလည်း ဥပဒေအရ ပေးလို့မရလို့ မပေးတာဆိုရင်။ မဲခွဲရမယ်။ မဲခွဲတဲ့အခါကျရင်တော့ လုံးဝပိတ်သွားမှာ။ ဥပဒေပြင်တဲ့ အဆင့်ကို ရောက်တော့မှာ မဟုတ်တော့ဘူး။ ဒီသဘောပြောတာ။ အခုပြောတာ ရှင်းရှင်းလေးပဲ ဥပဒေအရ ပေးလို့မရတာ။ ဥပဒေအရ ပေးလို့ရတဲ့ ကုမ္ပဏီကို ပေးပါတယ်။ ဟုတ်တယ်မဟုတ်လား။

**ဒေါက်တာမြင့်အောင်(ပြည်ထောင်စုဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒါနဲ့ ပတ်သက်ပြီးတဲ့နောက် ဒါလေးကတော့ ကျွန်တော်တို့ တော်တော်တော့ ကြာသွားပါပြီ။ နှစ်ပတ်သုံးပတ်လောက်တော့ ရှိသွားပြီထင်တယ်။ ဒီကျွန်တော်တို့ ဖြေကြားချက်ဟာ သစ်တောရေးရာဝန်ကြီးဌာနရဲ့ ဖြေကြားချက်ဖြစ်ပါတယ်။ အဲဒီထဲမှာ ကျွန်တော်တို့ ထပ်ပြင်ချင်သေးလားဆိုတော့ ကျွန်တော် ဝန်ကြီးကို မေးတဲ့အခါကျတော့ ဝန်ကြီးက ဥပဒေအရပဲ ကျွန်တော်တို့ ဖြေထားတာပါတဲ့ ဆိုတဲ့အခါကျတော့ ကျွန်တော် ထင်တယ်လေ။ နောက်ထပ်လည်း ထပ်ခေါ်လိုက်ရင် ဥက္ကဋ္ဌကြီးတို့ ထပ်ခေါ်လိုက်မယ်ဆိုလို့ ရှိရင်လည်း ဒီဥပဒေပဲ၊ ဒီအတိုင်းပဲသွားမယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါကြောင့်မို့လို့ မှတ်တမ်းတင်ခွင့်လေးပဲ ဟို လွှတ်တော်ကိုယ်စားလှယ်ကြီးကိုပဲ တောင်းဆိုချင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၀၀။**

**ဥက္ကဋ္ဌ။** ။ ကောင်းပါတယ်။ ဟုတ်ပြီလား။ ကိုယ့်လမ်းကို ပိတ်လိုက်သလို ဖြစ်သွားမယ်။ မူလအဆိုရှင်ရဲ့ ဆန္ဒအရ ဦးဇုန်လှယ်ထန်း ရဲ့ အဆိုကို အဆိုလည်း ပြင်စရာ မလိုတော့ပါဘူး။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နော်။ မှတ်တမ်းတင်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပါမယ်။

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၃း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၄း၀၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး သည် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) (အတွင်းရေးမှူး၊ သတ္တုနှင့် သယံဇာတ ရေးရာကော်မတီ)၏ အမေရိကန်ပြည်ထောင်စုမှ စီးပွားရေးပိတ်ဆို့မှု (Sanction)များအား ဖြေလျှော့ပေးခဲ့ရာတွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ထွက်ကုန်များ မပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ် လုံးဝပြေလျှော့ပေးရေး အမေရိကန်အစိုးရသို့ တောင်းဆိုပေးသွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၄း၀၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များခင်ဗျား။ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)(အတွင်းရေးမှူး၊ သတ္တုနှင့် သယံဇာတ ရေးရာကော်မတီ)မှ ဦးလှဆွေ တင်သွင်းထားတဲ့ အမေရိကန်ပြည်ထောင်စုမှ စီးပွားရေးပိတ်ဆို့မှုများအား ဖြေလျှော့ပေးခဲ့ရာတွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ထွက်ကုန်များ မပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ် လုံးဝပြေလျှော့ပေးရေး အမေရိကန်အစိုးရသို့ တောင်းဆိုပေးသွား ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၆)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၀၀။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစံပြည့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် သတ္တုနှင့် သယံဇာတရေးရာ ကော်မတီ အတွင်းရေးမှူးဖြစ်သူ ဦးလှဆွေ၏ အမေရိကန်ပြည်ထောင်စု စီးပွားရေးပိတ်ဆို့မှု (Sanction) များအား ဖြေလျှော့ပေးခဲ့ရာတွင် ကျောက်စိမ်းနဲ့ ကျောက်မျက်ရတနာ ထွက်ကုန် မပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ် လုံးဝပြေလျှော့ ပေးရေး အမေရိကန်အစိုးရသို့ တောင်းဆိုပေးသွားပါရန်

ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့ အဆိုကို အလေးအနက် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးပိတ်ဆို့မှု (Sanction) ဆိုတဲ့ ဝေါဟာရကို စီးပွားရေးဝေါဟာရအဘိဓာန်မှာ ရှာကြည့်တဲ့အခါမှာ အပြည်ပြည်ဆိုင်ရာဥပဒေ ဆုံးဖြတ်ချက်ကို လိုက်နာစေရန် တိုင်းပြည်တစ်ပြည်အပေါ် အရေးယူမှုလို့ အဓိပ္ပာယ်ဖွင့်ဆိုထား ပါတယ်။ စစ်အေးကာလမှာ အမေရိကန်နိုင်ငံနဲ့ ၎င်းတို့ရဲ့ မဟာမိတ်နိုင်ငံများဟာ စီးပွားရေး ပိတ်ဆို့မှုကို နိုင်ငံရေးဖိအားပေးမှု လက်နက်တစ်ခုအဖြစ် တွင်ကျယ်စွာ အသုံးပြုကြတာ တွေ့ရ ပါတယ်။ စီးပွားရေးပိတ်ဆို့မှု နည်းလမ်းများစွာ ရှိတဲ့အထဲက တစ်နည်းမဟုတ် တစ်နည်းနဲ့ စီးပွားရေးပိတ်ဆို့မှုကို ပြုလုပ်ခဲ့ကြပါတယ်။ အမေရိကန်က စီးပွားရေးပိတ်ဆို့မှုခံရခဲ့တဲ့ နိုင်ငံတွေ ထဲမှာ အီရတ်၊ အီရန်၊ လစ်ဗျား၊ ကျူးဘား၊ မြောက်ကိုးရီးယား၊ ယူဂိုစလားဗီးယား၊ အိန္ဒိယနဲ့ ပါကစ္စတန် စတဲ့ နိုင်ငံများ ပါဝင်တာကို တွေ့ရပါတယ်။ အမေရိကန်နိုင်ငံဟာ မိမိနိုင်ငံနဲ့ မူဝါဒ၊ စနစ်မတူတဲ့ နိုင်ငံများ၊ မိမိဩဇာခံမဟုတ်တဲ့ နိုင်ငံများအပေါ်မှာ စီးပွားရေးပိတ်ဆို့မှုများ ဆောင်ရွက်ခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။

အမေရိကန်အစိုးရနဲ့ ဥရောပကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများဟာ မြန်မာနိုင်ငံအပေါ် လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးကို အကြောင်းပြပြီး ၁၉၉၇ ခုနှစ်မှ စတင်ပြီးတော့ စီးပွားရေး ပိတ်ဆို့ခြင်းနဲ့ ကုန်သွယ်ရေး အထွေထွေ အထူးအခွင့်အရေးပေးစနစ် (GSP) ကို ရပ်ဆိုင်းခဲ့ခြင်း ကို ဆောင်ရွက်ခဲ့ကြပါတယ်။ ဒါ့အပြင် အခြားအကူအညီများ ရပ်ဆိုင်းခြင်းနဲ့ မြန်မာနိုင်ငံငွေကြေး အဖွဲ့အစည်းများမှ အကူအညီများ ပိတ်ဆို့ခြင်းများကိုလည်း ဆက်လက်ပြုလုပ်ခဲ့ကြတာကို တွေ့ရပါတယ်။ အမေရိကန်တို့ရဲ့ ကျွန်တော်တို့နိုင်ငံအပေါ်မှာ စီးပွားရေးပိတ်ဆို့မှု ပြုလုပ်ရခြင်း ရဲ့ အဓိကရည်ရွယ်ချက်ကို လေ့လာတဲ့အခါမှာ ကျွန်တော်တို့ တိုင်းပြည်ရဲ့စီးပွားရေး ပျက်စီးပြီး အစိုးရအနေနဲ့ အုပ်ချုပ်မှုရေးရာများ ဆောင်ရွက်တဲ့အခါမှာ အကြပ်အတည်းများနဲ့ ရင်ဆိုင်ရ အောင် နောက်ဆုံးအစိုးရ ပြုတ်ကျအောင်ထိ ရည်ရွယ်ရင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရ ပါတယ်။

သို့သော်လည်း ပစ်မှတ်အစိုးရကတော့ မပြုတ်ကျဘဲ တိုင်းပြည်စီးပွားရေး ချွတ်ခြုံကျ မှုကြောင့် တိုင်းသူပြည်သားများကသာ လူမှုဘဝဆင်းရဲဒုက္ခ မျိုးစုံကို ခံစားခဲ့ကြရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အခြေအနေကောင်းတွေနဲ့ ပြည့်စုံပါလျက်နဲ့

ဖွံ့ဖြိုးတိုးတက်သင့်သလောက် မတိုးတက်ဘဲ အာဆီယံ(၁၀)နိုင်ငံမှာမတိုးတက်ဆုံးဖြစ်တဲ့ နောက်ဆုံး (၃)နိုင်ငံစာရင်းထဲမှာ ပါဝင်ခဲ့တဲ့ အဖြစ်ကို ရောက်ရှိခဲ့ရတယ်ဆိုတာ လူတိုင်း အသိပဲဖြစ်ပါတယ်။ ယခု အစိုးရသစ်လက်ထက်မှာ တိုင်းပြည်ရဲ့ နိုင်ငံရေး၊ စီးပွားရေးစတဲ့ ပြုပြင်ပြောင်းလဲရေး တွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နေမှုအပေါ် အားပေးတဲ့အနေနဲ့ဟု ပြောဆို၍ အမေရိကန် သမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ၂၀၁၂ ခုနှစ်၊ ဧပြီလမှာ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများကို လက်နက်ရောင်းဝယ် ပိတ်ပင်မှုမှလွဲ၍ ဆိုင်းငံ့ထားတဲ့အဆင့်ကို ဖြေလျှော့ပေးခဲ့ပါတယ်။

အမေရိကန်အစိုးရက ဘဏ္ဍာရေးဆိုင်ရာနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အရေးယူပိတ်ဆို့မှု များကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လမှာ လျှော့ပေါ့ပေးခဲ့ပြီး၊ သွင်းကုန်ပစ္စည်းများ ပိတ်ဆို့မှုကို ကန့်သတ်ထားတဲ့ ကုန်ပစ္စည်းအချို့မှ လွဲပြီးတော့ ကုန်ပစ္စည်းအများစုကို တင်သွင်းခွင့် ပြန်လည် ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ သို့သော်လည်း ကျောက်စိမ်းနဲ့ ကျောက်မျက်ရတနာများ တင်သွင်းမှုကို ဆက်လက်ပိတ်ပင်ထားဆဲ ဖြစ်ပါတယ်။ အချို့သောနိုင်ငံများက တိုင်းပြည်ရဲ့ နှစ်စဉ်တိုးတက် လာတဲ့ ကုန်သွယ်မှု ပမာဏကိုကြည့်ပြီး စီးပွားရေးပိတ်ဆို့မှုဟာ ကျွန်တော်တို့နိုင်ငံအတွက် ထိရောက်မှု မရှိဘူးလို့ ဝေဖန်သုံးသပ်ကြတာကိုလည်း ကြားသိရပါတယ်။ ကျွန်တော်တို့ မြန်မာ နိုင်ငံရဲ့ နိုင်ငံတကာ ကုန်သွယ်မှုဟာ နှစ်စဉ် တိုးတက်လာတာ အမှန်ပဲဖြစ်ပါတယ်။

သို့သော်လည်းပဲ ကုန်သွယ်မှုပမာဏ နှစ်စဉ်တိုးတက်လာအောင် နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ လုပ်ငန်းရှင်ကုန်သည်များဟာ စီးပွားရေးပိတ်ဆို့မှုကြားထဲက အခက်အခဲ များစွာကို ကျော်ဖြတ်နိုင်အောင် နည်းလမ်းပေါင်းစုံနဲ့ ကြိုးစားပမ်းစား ဆောင်ရွက်ခဲ့ကြရတာ ဖြစ်ပါတယ်။ အမေရိကန်အစိုးရက ကျွန်တော်တို့နိုင်ငံအပေါ် ဘဏ္ဍာရေးဆိုင်ရာ ပိတ်ဆို့မှုကြောင့် ကျွန်တော်တို့နိုင်ငံက နိုင်ငံခြားနဲ့ ကုန်သွယ်မှုပြုတဲ့အခါမှာ ဘဏ်အချင်းချင်း ငွေပေးချေလို့ မရတော့တဲ့အတွက် ကျွန်တော်တို့နိုင်ငံက ထွက်ကုန်ပစ္စည်းများကို နိုင်ငံခြားသို့ တင်ပို့လို့ မရနိုင် တော့သလို မိမိတို့နိုင်ငံမှာ အသုံးပြုလိုတဲ့ နိုင်ငံခြားက ပစ္စည်းများကိုလည်း မိမိနိုင်ငံတွင်းသို့ တင်သွင်းလို့ မရတော့တဲ့ အခြေအနေ ဖြစ်သွားခဲ့ပါတယ်။ ဒီလို ရင်ဆိုင်တွေ့ကြုံရတဲ့ အခက်အခဲ တွေကို ကျော်လွှားနိုင်အောင် ကျွန်တော်တို့နိုင်ငံမှ ရောင်းဝယ်ရေးကုမ္ပဏီများဟာ ကုန်သွယ်ဖက် နိုင်ငံများက ကုမ္ပဏီများကို ငွေပေးချေနိုင်ဖို့ စင်ကာပူလိုနိုင်ငံမျိုးမှာ နိုင်ငံခြားအမှီနဲ့ မိမိပိုင် ကုမ္ပဏီများကို ဖွင့်လို့ဖြစ်စေ၊ ပွဲစားကုမ္ပဏီမှတစ်ဆင့်ဖြစ်စေ ငွေပေးချေမှုကို ပြုလုပ်ခဲ့ကြရ ပါတယ်။

မိမိတို့နိုင်ငံအနေနဲ့ စင်ကာပူနိုင်ငံ ငွေပေးပို့မှုကို ဟွန်ဒီစနစ်နဲ့ အသုံးပြုခဲ့ကြရပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့ ညီညွတ်တဲ့ ပုံမှန်ကုန်သွယ်မှု မလုပ်နိုင်တဲ့အတွက်ကြောင့် နိုင်ငံတကာ ကုန်သွယ်မှုဟာ တိုးတက်သင့်သလောက် တိုးတက်မှုမရှိတာကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် မိမိတို့ကုမ္ပဏီများက ပွဲစားခနဲ့ Transaction Cost များကို ပိုမိုကုန်ကျတဲ့အတွက် ကုန်သွယ်မှု အကျိုးအမြတ်ရရှိမှုဟာ နည်းပါးသွားတာကို တွေ့ရပါတယ်။ ရောင်းဝယ်ရေး ကုမ္ပဏီများဟာ မိမိတို့တင်သွင်းလာတဲ့ ကုန်ပစ္စည်းများကို ပြည်သူများသို့ ပြန်လည်ရောင်းချရာမှာ ၎င်းတို့ ပိုမိုကုန်ကျခံထားရတဲ့ စရိတ်များ ကာမိစေဖို့အတွက် ကုန်ပစ္စည်းများ ဈေးနှုန်းအပေါ် ပိုမိုမြှင့်တင် ကြရပါတယ်။ ဒါကြောင့်မို့လို့ စီးပွားရေးပိတ်ဆို့မှုဒဏ်ကို အမှန်တကယ်ခံရတာက သွင်းကုန်ပစ္စည်းတွေကို ဝယ်ယူအသုံးပြုနေကြတဲ့ တိုင်းသူပြည်သားများသာ ဖြစ်တယ် ဆိုတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ အဆိုးဆုံးကတော့ (၁၀)နှစ်ကျော်၊ နှစ်(၂၀)နီးပါး စီးပွားရေး ပိတ်ဆို့ခံထားရမှုကြောင့် နိုင်ငံတကာကုန်သွယ်မှုလုပ်ငန်း Function ပျက်စီးသွားခြင်းပဲ ဖြစ်ပါတယ်။

ကုန်သွယ်မှုလုပ်ငန်း လုပ်တဲ့အခါမှာ မလွဲမသွေ ရှိနေရမယ့် အောက်ပါအချက်များဟာ ကမောက်ကမ ဖြစ်သွားတာကို တွေ့ရပါတယ်။ ဒါတွေကတော့ စိတ်ချရတဲ့ ကုန်သွယ်ဖက် အစစ်အမှန် မရှိတဲ့အဖြစ်ကို ရောက်ရှိခဲ့ပါတယ်။ နိုင်ငံမှာ ကျွမ်းကျင်မှု စီးပွားရေး ကုန်သွယ်မှု၊ ကျွမ်းကျင်မှု ကျွမ်းကျင်သူများ နည်းပါးသွားတာကို တွေ့ရှိရပါတယ်။ ဘဏ်စနစ် နည်းပညာနဲ့ Bank System အဆင့်မမီမှု ဖြစ်သွားရတာတွေ ရှိပါတယ်။ ကုန်ထုတ်လုပ်မှုကို အရည်အသွေး အဆင့်မီ ဈေးကွက်ဝင်အောင် ထုတ်လုပ်နိုင်စွမ်း မရှိတဲ့အဖြစ်ကို ရောက်ရှိသွားပါတယ်။ ရုံးလုပ်ငန်းများကလည်း ခေတ်နဲ့ အံမဝင်ခွင်မကျတဲ့ အဖြစ်ကို ရောက်ရှိခဲ့ပါတယ်။ အခြေခံအဆောက်အအုံများ ပြည့်စုံအဆင့်မီမှု မရှိတာကိုလည်း တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ အမေရိကန်နိုင်ငံနဲ့ EU အဖွဲ့ဝင်နိုင်ငံများက ၂၀၁၂ ခုနှစ်၊ ဇူလိုင်လကတည်းက ကုန်ပစ္စည်းအများစုကို စီးပွားရေး ပိတ်ဆို့မှုမှ ဖြေလျှော့ပေးခဲ့ပေမယ့် ယခုအချိန်ထိ ဘဏ်အချင်းချင်း ငွေပေးချေလို့ မရနိုင်သေးတာကို တွေ့ရပါတယ်။ လွန်ခဲ့တဲ့ရက်ပိုင်းကမှ အနောက်နိုင်ငံများနဲ့ ကုန်သွယ်မှုပြုတဲ့အခါမှာ ငွေပေးချေဖို့အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံ ဘဏ် (၄)ဘဏ်နဲ့ ဆောင်ရွက်ဖို့ သတ်မှတ်ခဲ့တာ ကိုလည်း ဒါတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ Export, Import နဲ့ အခြားစီးပွားရေး လုပ်ငန်းများဟာ ပုံမှန်ပြန်ဖြစ်လာဖို့အတွက် အချိန်ယူ စောင့်ရဦးမယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဖားကန့် - မိုးကောင်း၊ မိုင်းရှူး ရတနာမြေများမှာ ယခု လက်ရှိလုပ်ကိုင်နေတဲ့ ကျောက်မျက်ကုမ္ပဏီ (၁၀၈၇)ခုနဲ့ ဝန်ထမ်းဦးရေ (၄၀၀၀၀) ကျော် ရှိကြောင်းသိရှိရပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ကျောက်စိမ်း (၅၂၁၃၆၀၀၀) ကာရက်နဲ့ ကျောက်မျက် (၁၃၇၈၉၀၀၀)ကာရက်ပါတဲ့ တူးဖော်ထုတ်လုပ်ရရှိခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ ကျောက်မျက်အချောထည်လုပ်ငန်းကို လုပ်ကိုင်နေသူ မန္တလေးမှာ (၁)သိန်းကျော်ရှိကြောင်းနဲ့ စစ်ကိုင်းမှာလည်း (၅)သောင်းကျော်ရှိကြောင်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံမှ ထွက်ရှိတဲ့ ကျောက်စိမ်းအရိုင်းများနဲ့ ပတ္တမြား၊ နီလာ အပါအဝင် ကျောက်မျက်ရတနာ အရိုင်းများကို ရတနာပြပွဲများ ကျင်းပပြုလုပ်ပြီးတော့ နိုင်ငံတကာမှ ကျောက်မျက်ရတနာ ကုန်သည်ကြီးများကို ဖိတ်ခေါ်ရောင်းချလျက်ရှိပါတယ်။ မြန်မာ့ကျောက်စိမ်းနဲ့ ကျောက်မျက်ရတနာ ပစ္စည်းများကို အနောက်နိုင်ငံများက နှစ်သက်မြတ်နိုး ဝယ်ယူလိုကြသော်လည်း စီးပွားရေးပိတ်ဆို့ အရေးယူမှုများကြောင့် ရတနာပြပွဲများသို့ တက်ရောက်မှု အလွန်နည်းပါးပြီး ကျောက်မျက်ရတနာ ရောင်းချမှုအပေါ် နစ်နာစေခဲ့ပါတယ်။

မြန်မာနိုင်ငံသို့ လာရောက်တဲ့ အနောက်နိုင်ငံမှ ရတနာကုန်သည် ခရီးသွားဧည့်သည်များက ကျောက်မျက်ရတနာ အချောထည်နဲ့ လက်ဝတ်ရတနာများ ဝယ်ယူရာမှာ Visa Card, Master Card စတဲ့ ငွေပေးချေကတ်များ အသုံးပြုရာမှာ စီးပွားရေးပိတ်ဆို့ အရေးယူခံရမှုကြောင့် အခက်အခဲများစွာ ကြုံတွေ့ကြရပြီး ကျောက်မျက်ရတနာများ ရောင်းချမှုများအပေါ် နစ်နာစေခဲ့ပါတယ်။ ဒို့အပြင် ကျောက်မျက်ရတနာအချောထည်များ ထုတ်လုပ်နိုင်တဲ့ ခေတ်မီစက်ကိရိယာများ မှာယူတင်သွင်းခွင့် မရှိတဲ့အတွက် ကျောက်မျက်ရတနာ အချောထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေခြင်းနဲ့ နည်းပညာဆိုင်ရာ အကူအညီများ ဆုံးရှုံးနစ်နာလျက်ရှိနေတာကို တွေ့ရပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်စိမ်းကို တရုတ်၊ အမေရိကန်၊ ဂျပန်၊ ရုရှား၊ ဆွစ်ဇာလန်နဲ့ ဂွာတီမာလာနိုင်ငံများမှာလည်း ထွက်ရှိတာကို တွေ့ရပါတယ်။ သို့သော်လည်းပဲ မြန်မာနိုင်ငံမှာထွက်တဲ့ ကျောက်စိမ်းကသာ ကမ္ဘာမှာ အရည်အသွေး အကောင်းဆုံး

ကျောက်စိမ်းဖြစ်ကြောင်း ကမ္ဘာ့ကျောက်စိမ်း ကုန်သည်ကြီးများက အသိအမှတ် ပြုထားကြပါတယ်။ ကမ္ဘာမှာ အရည်အသွေး အကောင်းဆုံးဖြစ်တဲ့ ကျောက်စိမ်းများဟာ မြန်မာနိုင်ငံတွင်သာ ထွက်ရှိသော်လည်း စီးပွားရေးပိတ်ဆို့ခံထားရမှုကြောင့် ကျောက်စိမ်း ဈေးကွက်ဟာ မြန်မာနိုင်ငံမှာမဖြစ်ထွန်းဘဲ ဟောင်ကောင်၊ ဗန်ကောက်နဲ့ တရုတ်နိုင်ငံ၊ ကွမ်ကျိုးမြို့တို့မှာ ဈေးကွက်ကြီး ဖြစ်ပေါ်လျက်ရှိတာကို လေ့လာတွေ့ရှိရပါတယ်။ တရုတ်နိုင်ငံမှာရှိတဲ့ ကွမ်ကျိုး ကျောက်စိမ်းဈေးကွက်မှာ ဒေသခံလူဦးရေ(၂)သန်းကျော် အလုပ်အကိုင်များ ရရှိနေကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။

ဒါ့အပြင် တရုတ်နိုင်ငံ၊ ရွှေလီမြို့မှာလည်း ယူနန်ပြည်နယ်အစိုးရရဲ့ အစီအစဉ်နဲ့ ကမ္ဘာ့ကျောက်စိမ်း ထွက်ရှိရာ ဈေးကွက်မြို့တော်ကြီးအဖြစ် ကမ္ဘာမှာ ကျော်ကြားလာရန် ဖန်တီးဆောင်ရွက်လျက်ရှိနေကြပြီ ဖြစ်ပါတယ်။ ယခု စီးပွားရေးပိတ်ဆို့ခံထားရတာကြောင့် ကျောက်မျက်လုပ်ငန်းကို လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်တဲ့ အခြေအနေမရှိတဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာထွက်တဲ့ ကျောက်စိမ်းဟာ မြန်မာနိုင်ငံမှ ကျောက်စိမ်းဆိုတဲ့ ဇစ်မြစ်ပါ ပျောက်ကွယ်ဆုံးရှုံးရတော့မယ့် အခြေအနေမျိုး ဖြစ်နေတာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံ ကျောက်စိမ်းနဲ့ ကျောက်မျက်အပေါ် စီးပွားရေးပိတ်ဆို့မှုကို လျှော့ပေးမယ်ဆိုပါက မိမိနိုင်ငံမှထွက်ရှိတဲ့ ကျောက်စိမ်းကျောက်မျက်များကို လွတ်လပ်စွာထုတ်လုပ်ရောင်းဝယ်နိုင်မှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အရင်းအနှီးနဲ့ နည်းပညာများဟာလည်း ရရှိလာနိုင်မှာ ဖြစ်ပါတယ်။ ကျောက်စိမ်းကျောက်မျက်ထုတ်လုပ်ခြင်းမှ အချောထည်လုပ်ငန်းများ ဖြစ်ထွန်းတိုးတက် လာပြီးတော့ တိုင်းသူပြည်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမှာ ဖြစ်ပါတယ်။

တရုတ်ပြည် ကွမ်ကျိုးမြို့မှာရှိတဲ့ မြန်မာ့ကျောက်စိမ်းဈေးကွက်ကိုလည်း မြန်မာနိုင်ငံသို့ ပြောင်းရွှေ့ ရောက်ရှိလာနိုင်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ မတ်လ၊ ဇူလိုင်လနဲ့ ဒီဇင်ဘာလမှာ ပြုလုပ်တဲ့ ကျောက်မျက်ပြပွဲ ရောင်းချငွေဟာ စုစုပေါင်း ယူရို(၃.၈) ဘီလီယံ ရှိခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ မတ်လမှာ ပြုလုပ်တဲ့ ကျောက်မျက်ပြပွဲမှာ ယူရို(၀.၅၃) ဘီလီယံ ရရှိခဲ့ကြောင်း သိရှိရပါတယ်။ ကျောက်စိမ်း၊ ကျောက်မျက်များ ထုတ်လုပ်ရောင်းချမှုဟာ ဝယ်လိုအားအပေါ် မူတည်ပြီးတော့ မည်၍မည်မျှ ထုတ်လုပ်ရောင်းချမယ်ဆိုတာကို ချင့်ချိန်ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ကျောက်စိမ်း၊ ကျောက်မျက်အပေါ် စီးပွားရေး ပိတ်ဆို့ထား

မှုကြောင့် ပိုမိုထုတ်လုပ်ရောင်းချနိုင်ဖို့အတွက် အခွင့်အလမ်းများ မရှိသလို ဝယ်သူနည်းတဲ့ အတွက်ကြောင့်မို့လို့ ကျောက်စိမ်း၊ ကျောက်မျက်အပေါ် ယုံကြည်မှု အားနည်းစေခြင်းနဲ့ ဈေးနှိမ် ခံရခြင်းတို့ ခံစားတွေ့ကြုံနေရကြောင်း လေ့လာသိရှိရပါတယ်။ ကျောက်စိမ်း၊ ကျောက်မျက် စီးပွားရေးပိတ်ဆို့မှု ဖြေလျှော့ပေးခဲ့ပါက ကျောက်မျက်ပြပွဲ ရောင်းရငွေဟာ ဒီထက်မက များစွာ ပိုမိုရရှိလာမှာ ဖြစ်ပါတယ်။ ကျောက်မျက်ရောင်းဝယ်မှုနဲ့ ဆက်နွယ်တဲ့ ခရီးသွားလုပ်ငန်း၊ ဟိုတယ် လုပ်ငန်းနဲ့ အခြားဝန်ဆောင်မှုလုပ်ငန်းများလည်း တစ်ရှိန်ထိုး တိုးတက်လာပြီး တိုင်းပြည်ရဲ့ စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာနိုင်မှာ ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ကတော့ အမေရိကန်နိုင်ငံအနေနဲ့ စီးပွားရေးပိတ်ဆို့မှုကို နိုင်ငံရေးဖိအားပေးတဲ့ နည်းလမ်းတစ်ရပ် အနေဖြင့် အသုံးပြုနေခြင်းဟာ ပိတ်ဆို့ခံရတဲ့နိုင်ငံမှာ နစ်နာဆုံးရှုံးမှု ရှိသလို ပိတ်ဆို့တဲ့ နိုင်ငံမှာ လည်း တစ်နည်းတစ်လမ်းအားဖြင့် တန်ပြန်နစ်နာဆုံးရှုံးမှုများ မလွဲမသွေ ခံစားကြရတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ စီးပွားရေးပိတ်ဆို့မှု လုပ်မယ့်အစား အပြုသဘော ဆက်သွယ်ညှိနှိုင်း ကူညီပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးများ အပြည့်အဝ ခံစားရရှိအောင် ဖော်ဆောင်ပေးနိုင်မှာဖြစ်ပါကြောင်း တင်ပြဆွေးနွေးရင်း မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားကိုယ်စားလှယ် ဦးလှဆွေ ရဲ့ အမေရိကန်ပြည်ထောင်စုမှ စီးပွားရေးပိတ်ဆို့မှု (Sanction) များအား ဖြေလျှော့ပေးခဲ့ရာတွင် ကျောက်စိမ်းနှင့် ကျောက်မျက် ရတနာထွက်ကုန်များ မပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ် လုံးဝပြေလျှော့ပေးရေး အမေရိကန်အစိုးရသို့ တောင်းဆိုပေးသွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အလေးအနက် ထောက်ခံပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၄း၂၁။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၄း၂၁။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေရဲ့ အဆိုဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုမှ စီးပွားရေးပိတ်ဆို့မှု (Sanction) များအား ဖြေလျှော့ပေးခဲ့ရာတွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ထွက်ကုန်များ မပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ် လုံးဝပြေလျှော့ပေးရေး အမေရိကန်အစိုးရသို့ တောင်းဆိုပေးသွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကျောက်စိမ်းနဲ့ ကျောက်မျက်ရတနာဟာဆိုရင် ကျွန်တော်တို့နိုင်ငံမှာ ပေါကြွယ်ဝပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့ အဓိကထွက်ကုန်တွေ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက ကျောက်စိမ်း၊ ကျောက်မျက်ရတနာနဲ့ တွင်းထွက်ဟာ ပေါကြွယ်ဝတဲ့နိုင်ငံဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီကျောက်စိမ်း၊ ကျောက်မျက်ရတနာဟာ ကျွန်တော်တို့ နိုင်ငံရဲ့သွေးကြောလို ဖြစ်နေပါတယ်။ ဒီကျွန်တော်တို့ရဲ့ သွေးကြောလိုဖြစ်တဲ့ ဒီကုန်ပစ္စည်းတွေကို စီးပွားရေးပိတ်ဆို့မှု အလုပ်ခံရတဲ့ အချိန်ကျတော့ ကျွန်တော်တို့ရဲ့ သွေးကြောကို ပိတ်သလိုမျိုးဖြစ်သွားပါတယ်။ စောစောတုန်းက ဦးစံပြည့် ဆွေးနွေးသွားသလို ဒီဟာကို ကျွန်တော်တို့မပိတ်ဆို့ဘဲနဲ့ ဒီ Lift လုပ်ပေးမယ်ဆိုရင် ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံမှာ ခုဏပြောသလိုဖြစ်ထွန်းနေတဲ့ မြို့တစ်မြို့မှာတောင်မှ ဒီထွက်ကုန်ကနေတစ်ဆင့် လူ(၂)သန်းလောက်က အလုပ်အကိုင် ရရှိပါတယ်လို့ ပြောသွားပါတယ်။ ဒီအခွင့်အရေးတွေက ကျွန်တော်တို့နိုင်ငံထဲမှာ ဖြစ်ပေါ်လာမယ့်ဟာတွေ ဖြစ်ပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့နိုင်ငံပဲ ဒီကျောက်စိမ်း၊ ကျောက်မျက်လုပ်ငန်းအားဖြင့် တိုးတက်ဖွံ့ဖြိုးမှု ဒီ အရင်းအမြစ်တစ်ခု ရရှိလာမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီအဆိုအား လေးလေးနက်နက် ထောက်ခံကြောင်းဆွေးနွေးရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။ (ညြဘာသံများ)

**အချိန်၊ ၁၄း၂၃။**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၂၃။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ သတ္တုနှင့် သယံဇာတရေးရာကော်မတီ အတွင်းရေးမှူး ဦးလှဆွေ ရဲ့ အမေရိကန်ပြည်ထောင်စုမှ စီးပွားရေးပိတ်ဆို့မှု (Sanction) များအား ဖြေလျှော့ ပေးခဲ့ရာတွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ထွက်ကုန်များ မပါရှိဘဲ ချန်လှပ်ခဲ့ခြင်း အပေါ် လုံးဝပြေလျှော့ပေးရေး အမေရိကန်အစိုးရအား တောင်းဆိုပေးသွားပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို အလေးအနက် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကျောက်မျက်နဲ့ ကျောက်စိမ်းကလွဲပြီး ကျန်တာတွေကတော့ ကျွန်တော်တို့ ဒါဖြေလျှော့ပေးပြီးပြီလို့ ဆိုပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ သိရသလောက်ကတော့ တချို့ဟာတွေကတော့ ဆိုင်းငံ့ထားတဲ့အဆင့်ပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒါတွေကို ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးအတွက် အားလုံးကို ပြတ်ပြတ်သားသား ဖြေလျှော့ ပေးစေချင်ပါတယ်။ ဒီက ကျွန်တော်တို့ Sanction တွေကို၊ ကျွန်တော်တို့ဟာ Sanction တွေ့ရှိတဲ့အတွက် ကျွန်တော်တို့မှာ အလုပ်အကိုင် အခွင့်အလမ်းတွေ ဆုံးရှုံးတယ်။ နောက်တစ်ခါ ကျွန်တော်တို့ရဲ့ ကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းတွေဟာ ဒါထိုက်တန်သလောက် မရဘူး။ နောက်တစ်ခါ လုပ်ငန်းကျွမ်းကျင်မှုနဲ့ နည်းပညာတွေ မရရှိဘူး။ နောက်တစ်ခါ အဆိုးဆုံးကတော့ ကျွန်တော်တို့ ဟာ Customers တွေနဲ့ တိုက်ရိုက်ထိတွေ့ခွင့်မရတာ အဆိုးဆုံးဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒါတွေကို ဖြေလျှော့ပေးမယ်ဆိုရင် ကျွန်တော်တို့က အလုပ်အကိုင်အခွင့်လမ်းတွေ ရရှိလာမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က Sanction လုပ်တဲ့အတွက် အဓိကဘယ်သူကို ထိခိုက်သလဲဆိုရင် သူတို့ အကြောင်းပြတဲ့အတွက် ဘယ်သူတွေ ဘယ်ဝါတွေကြောင့်မို့လို့ ဒီဟာဟာ Sanction လုပ်တယ်။ ဒီကျွန်တော်တို့ မိုင်းတွင်းတွေမှာ ဥပမာအားဖြင့် ဖားကန့်က ကျောက်စိမ်းတွင်းတွေကို ပိုင်ဆိုင်တာ ဘယ်သူတွေ၊ ဒီလူတွေကြောင့် မို့လို့၊ နောက်တစ်ခါ မိုးကုတ်မှာလည်း ဘယ်ပုဂ္ဂိုလ်တွေရဲ့ သားသမီးတွေကြောင့်မို့လို့ ဒီ

Sanction တွေ လုပ်ထားတာ ဘာညာဆိုတဲ့ ကိစ္စတွေဟာ တကယ်တမ်းကျရင် အဲဒီလို Sanction လုပ်တဲ့အတွက် လုပ်ငန်းရှင်တွေက လုံးဝမထိခိုက်ဘူး။ လုပ်ငန်းရှင်တွေက သူတို့က ဒီလိုလုပ်ငန်း မရှိရင် တစ်ခြားလုပ်ငန်းတွေ ပြောင်းလဲလုပ်ကိုင်လို့ ရပါတယ်။

အဲဒီတော့ တကယ်ထိခိုက်တာက ဒီလုပ်ငန်းတွေအပေါ် အမှီပြုနေတဲ့ အလုပ်သမား တွေကိုပဲ ထိခိုက်သွားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ နောက်တစ်ခါ ကျွန်တော်တို့ ဈေးနှုန်းတွေ အနေနဲ့လည်း ဒီဟာ Sanction လုပ်ထားတဲ့အတွက် ကျွန်တော်တို့ဟာ တိုက်ရိုက် ရောင်းချခွင့် မရတဲ့အတွက်ကြောင့် ကြားပွဲစားအဆင့် ဆိုတာထက်တောင်မှ မြင့်တဲ့ကြားခံ ကုန်သည်တွေနဲ့ လုပ်ရတဲ့အခါမှာ ကျွန်တော်တို့ရဲ့ ရရှိတဲ့အကျိုးအမြတ်တွေဟာ ဝေမျှခံစားရတဲ့ သဘောဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံဟာ ကျွန်တော်တို့ ရသင့်ရထိုက်တဲ့ ဈေးနှုန်းတွေ မရဘူး။ နောက်တစ်ခါ ကျွန်တော်တို့နိုင်ငံမှာလည်း အခွန်အခတွေ နစ်နာပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ လုပ်ငန်းနည်းပညာ ကျွမ်းကျင်မှုတွေလည်း ကျွန်တော်တို့ဟာ မတတ်တော့ပါဘူး။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ရဲ့ ကျောက်မျက်နဲ့ သယံဇာတကော်မတီ ဥက္ကဋ္ဌရဲ့ ကျေးဇူးကြောင့်မို့လို့ သူ့ရဲ့ ကျောက်မျက်အချောကိုင် စက်ရုံသို့ သွားပြီး လေ့လာဖူးပါတယ်။ လေ့လာတဲ့အခါမှာ ကျောက်မျက်အချောကိုင်စက်ရုံမှာ ကျွမ်းကျင်တဲ့ လစာကောင်းကောင်းပေးပြီး ငှားရမ်းထားတဲ့ လူတွေက ထိုင်းလူမျိုးတွေ ဖြစ်ပါတယ်။ ထိုင်းမှာ တကယ်တမ်းကျတော့ ကျောက်မျက် မထွက်ပါဘူး။ ကျွန်တော်တို့ မြန်မာနိုင်ငံက မိုင်းရှူးတို့၊ ဘာတို့က ထွက်တဲ့ ကျောက်တွေယူပြီးတော့ သူတို့ဆီမှာ အချောကိုင်ပြီး ပြန်ရောင်းတဲ့ အဆင့် ဖြစ်ပါတယ်။

အဲဒီလိုလုပ်တဲ့အခါမှာ ကျွန်တော်တို့ဆီက အရိုင်းပဲ ထွက်ပါတယ်။ ပြောရင်တော့ ကွန်တော်တို့နိုင်ငံရဲ့ တစ်ချိန်က ဥပဒေအရ ကျောက်မျက်ကိုကြည့်တဲ့ မှန်ဘီလူးတွေ့ရင်တောင် ဖမ်းတယ်ဆိုတော့ ကျွန်တော်တို့ဆီက အရိုင်းပဲ ထွက်လို့ရပါတယ်။ အရိုင်းကို ခိုးထုတ် ထွက်ရ ပါတယ်။ အဲဒီတော့ အဲဒီမှာ ကျွန်တော်တို့က ဒါ မိုင်းရှူးကျောက်ဆိုရင် ဟိုတုန်းက ကျွန်တော်တို့ ကြားဖူးတာဆိုရင် မိုင်းရှူးကျောက်ကို ကျွန်တော်တို့ နို့ဆီခွက်နဲ့တောင် ချင်ရောင်းရတယ်လို့ ပြောပါတယ်။ နို့ဆီခွက်တစ်ခွက်မှ ငါးထောင်၊ တစ်သောင်းနဲ့တောင် ရောင်းရတယ်လို့ ကျွန်တော် ကြားဖူးတယ်။ အဲဒီကကျောက်တွေကို ကျွန်တော်တို့ ထိုင်းကနေပြီး ရောက်သွားပြီဆိုရင် ထိုင်းက

အဲဒါတွေကို မီးဖုတ်တန် ဖုတ်၊ သွေးတန်သွေး ရောင်းတဲ့အခါမှာ တန်ဖိုးမြင့်မြင့် ရရှိသွားတာ တွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ဒီလို Sanction လုပ်တဲ့အတွက်ရော၊ နိုင်ငံက ကျွန်တော်တို့ ကန့်သတ်ထားတဲ့အတွက်ရော ကျွန်တော်တို့မှာ ဒါဆင်းရဲတွင်းက မလွတ်နိုင်ပါဘူး။ ကျွန်တော်တို့နဲ့ ကျွန်တော့်ဆီကနေပြီး ကျွန်တော်တို့ရဲ့ ကျောက်တွေနဲ့ စီးပွားလုပ်စားတဲ့ ထိုင်းတို့၊ ဘာတို့မှာ အများကြီး အကျိုးကျေးဇူး ရှိခဲ့တာကို တွေ့ရပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့က Customers တွေနဲ့ တိုက်ရိုက်ထိတွေ့မှု မခံရတဲ့အတွက် သူတို့ရဲ့ တကယ်သုံးတဲ့ ပစ္စည်းပစ္စယ တွေကို ကျွန်တော်တို့က သူတို့ရဲ့ အကြိုက်ကို သိရပါတယ်။ သိရတဲ့အခါမှာ ကျွန်တော်တို့က အရိုင်းပဲ ရောင်းရတဲ့အတွက် ကျွန်တော်တို့မှာ အများကြီး နစ်နာပါတယ်။ ကုန်ကြမ်းပဲ ရောင်းရတယ်။ ကုန်ချောရောင်းခွင့် မရခဲ့တဲ့အခါမှာ ကျွန်တော်တို့နိုင်ငံရဲ့ ဝင်ငွေတွေဟာ အများကြီး လျော့ပါတယ်။ ဝင်ငွေလျော့တဲ့အတွက် ကျွန်တော်တို့ရဲ့ နိုင်ငံမှာလည်း အခွန်အကောက်တွေ အများကြီးနစ်နာပါတယ်။ စောစောက ကျွန်တော်တို့ ကျွန်တော်တို့ရဲ့ အစ်ကိုကြီး ဦးစံပြည့် ကတော့ အကုန်လုံး ကျွန်တော်တို့ ဒီဟာတွေနဲ့ ပတ်သက်ပြီး အသေးစိတ် ဆွေးနွေးသွားပြီးဖြစ်တဲ့ အတွက် ကျွန်တော်တို့အနေနဲ့ ဒါတွေကို အသေးစိတ် မဆွေးနွေးတော့ဘဲနဲ့ ဒါ ကျွန်တော်တို့ အတိုချုံးဆွေးနွေးသွားတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး ဦးလှဆွေ ရဲ့ အမေရိကန် ပြည်ထောင်စုမှ စီးပွားရေးပိတ်ဆို့မှု (Sanction) များအား ဖြေလျော့ပေးခဲ့ရာတွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ထွက်ကုန်များ မပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ် လုံးဝပြေလျော့ပေးရေး အမေရိကန်အစိုးရသို့ တောင်းဆိုပေးသွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အလေးအနက်ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၂၈။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) ဦးနေဝင်းထွန်း ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၄း၂၈။**

**ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ကိုယ်တိုင်လည်း ကျောက်မျက်ရတနာလုပ်ငန်းရှင်တစ်ဦး ဖြစ်ပြီး အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာ ကော်မတီဥက္ကဋ္ဌလည်း ဖြစ်တဲ့အတွက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ အမေရိကန် ပြည်ထောင်စုမှ စီးပွားရေးပိတ်ဆို့မှု (Sanction) များအား ဖြေလျှော့ပေးခဲ့ရာတွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ထွက်ကုန်များမပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ် လုံးဝပြေလျှော့ပေးရေး အမေရိကန်အစိုးရသို့ တောင်းဆိုပေးသွားပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာနှင့် နိုင်ငံတော်နဲ့ နိုင်ငံသားများ ဖွံ့ဖြိုးတိုးတက်ရေး ရှုထောင့်တို့မှ ရှုမြင်သုံးသပ်၍ အလေးအနက်ထားပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟာ အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ အချုပ်အခြာအာဏာဆိုတဲ့ ကိုယ့်နိုင်ငံရဲ့ကံကြမ္မာကို ကိုယ်ဖန်တီးနိုင်ခွင့် ရှိရမှာဖြစ်ပါတယ်။ စီးပွားရေးပိတ်ဆို့မှု (Sanction) တစ်စုံတစ်ရာ ပြုလုပ်ထားခြင်းသည် အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်လျက် ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်မရတဲ့သဘော သက်ရောက်နေတာဖြစ်လို့ ပိတ်ဆို့မှု (Sanction) ကနေ လွတ်မြောက်အောင် ဆောင်ရွက်ပေးသွားရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာ ပဒေသရာဇ်ခေတ် ရှင်ဘုရင်များ အုပ်ချုပ်ခဲ့တဲ့ စနစ်ကနေ ၁၈၈၅ ခုနှစ်မှာ ဗြိတိသျှကိုလိုနီလက်အောက် ကျရောက်ပြီး အင်္ဂလိပ်ရဲ့ အုပ်ချုပ်မှုအောက်မှာ နေခဲ့ရပါတယ်။ ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ နိုင်ငံ့ခေါင်းဆောင်ကြီးများက နိုင်ငံရေးပါတီခေတ်၊ ပါတီစုံစနစ်ကို ကျင့်သုံးခဲ့သော်လည်း ပါတီအတွင်း မညီညွတ်မှု၊ ပါတီအချင်းချင်း ညှိနှိုင်းမရမှုကြောင့် တောခိုသူများ တောခိုကြပြီး နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုး

တိုးတက်အောင် စီးပွားရေးစီမံကိန်းများ ချမှတ်ဖို့၊ အကောင်အထည်ဖော်ဖို့ အခြေအနေ မပေးခဲ့ပါဘူး။

အဲဒီနောက် ဝန်ကြီးချုပ် ဦးနု အိမ်စောင့်အစိုးရ ခေတ်မှာလည်း တိုင်းပြည်နဲ့ လူမျိုး၊ ချမ်းသာဖို့၊ ပြည်တော်သာ စီမံကိန်းလုပ်ခဲ့ပေမယ့် လူတစ်ယောက် ကားတစ်စီး၊ လစာ(၈၀၀) စီမံကိန်းဆိုတာ ကြားဖူးခဲ့ပေမယ့် အကောင်အထည် မဖော်နိုင်ခဲ့ပါဘူး။ အဲဒီအချိန်က ဆန်၊ စပါး၊ ပဲ၊ နှမ်း တို့ Export လုပ်တဲ့ Import စီးပွားရေးလုပ်ငန်းရှင်ကြီးတွေ ပေါ်ပေါက်ခဲ့ပေမယ့် သိပ်ပြီး မကြာလိုက်တဲ့အချိန်မှာပဲ ၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီအစိုးရ တက်လာပြန်တော့ စီးပွားရေးလုပ်ငန်းတွေကို ပြည်သူပိုင် သိမ်းလိုက်ပြန်ပါတယ်။

ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ရဲ့ လျှောက်လှမ်းလာတဲ့ သမိုင်းကြောင်းမှာ စီးပွားရေးလုပ်ငန်းတွေ ပွင့်လင်းလာဖို့ တိုးတက်ဖို့ အခြေအနေ အချိန်အခါတွေ မပေးခဲ့ဘူးလို့ ဆိုချင်တာ ဖြစ်ပါတယ်။ ဒီနောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ရောက်ပြန်တော့လည်း တစ်ပါတီစနစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ်အရ အားလုံး ပြည်သူတို့က ပိုင်ဆိုင်ကြတယ် ဆိုပေမယ့် ပြည်သူပိုင်လုပ်ငန်းအဖြစ် အစိုးရက ဦးစီးပြီး လုပ်ကိုင်ခဲ့တာဖြစ်ပြီး စီးပွားရေးလုပ်ငန်း အကျိုးဖြစ်ထွန်းအောင် အောင်မြင်တာဆိုလို့ ဖြစ်ဖြစ်မြောက်မြောက် ပြသစရာမရှိခဲ့ပါဘူး။ အားလုံးသိကြတဲ့အတိုင်း ခွဲတမ်းစနစ်နဲ့ ကျွန်တော်တို့ နေထိုင်ကြီးပြင်းလာကြတာ ဖြစ်ပါတယ်။ ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းကြီးများ ထွန်းကားမှုလည်း မရှိခဲ့ပါဘူး။ ပြည်သူတို့ရဲ့ နေ့စဉ်စားဝတ်နေမှု လိုအပ်ချက်ကို နယ်စပ်ကနေ မှောင်ခိုတင်သွင်း ရောင်းဝယ်ဖောက်ကားခြင်း၊ မှောင်ခိုစနစ် ပေါ်ထွန်းခဲ့ပါတယ်။ ဒါတွေကိုလည်း ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄(၁)၊ ၁၅(၁)တို့နဲ့ အရေးယူလို့ ကုန်သွယ်စီးဆင်းမှု ပို့ကုန်၊ သွင်းကုန် စီးပွားရေးတွေ စီးပွားရေးပြစ်မှုများသာ ဖြစ်ခဲ့ရပါတယ်။ လုပ်ငန်းရှင်တချို့ နာမည်ကြီးလာတယ်ဆိုရင် စူစကာ စစ်ဆေးတို့၊ ဘာတို့နဲ့ ဖမ်းဆီးအရေးယူတာတို့ဖြစ်လို့ အဲဒီတစ်ခေတ်မှ ပြည်သူများ စီးပွားဖွံ့ဖြိုးတိုးတက်ဖို့ မကြံဆောင်နိုင်ကြသလို အစိုးရကလည်း စီးပွားရေးတံခါးပိတ်ဝါဒ ကျင့်သုံးခဲ့လို့ ပြည်ပနဲ့လည်း အဆက်အသွယ် ပြတ်ခဲ့ရပါတယ်။

ဒီလိုအခြေအနေအရ ၁၉၈၉ ခုနှစ်၊ တပ်မတော်အစိုးရလက်ထက်မှာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဖို့ ကုမ္ပဏီဥပဒေတွေ ပြန်လည်အသက်ရှင်လာခဲ့ပါတယ်။ လုပ်ငန်းတွေ ထူထောင်ခွင့်

ပေးခဲ့ပါတယ်။ လမ်းစဥ်ပါတီခေတ်မှာ နိုင်ငံတော်ကသာ လုပ်ကိုင်ခွင့်ရတဲ့ စီးပွားရေးလုပ်ငန်း အမျိုးအစားအချို့ကို တပ်မတော်အစိုးရလက်ထက်မှာ ပုဂ္ဂလိကပိုင် လုပ်ကိုင်နိုင်အောင် ဖွင့်ပေးခဲ့ပါတယ်။ ဥပမာ - လေယာဥ်၊ မီးရထား၊ ပို့ဆောင်ရေးလုပ်ငန်းတွေ ရွှေ၊ သတ္တု၊ ကျောက်မျက်လုပ်ငန်း၊ လျှပ်စစ်လုပ်ငန်းတွေ၊ လေကြောင်းလိုင်းတွေ၊ ပုဂ္ဂလိက လုပ်ပိုင်ခွင့်ပေးခဲ့တဲ့ ရွှေ၊ သတ္တု၊ ကျောက်မျက်လုပ်ငန်းတွေ ပုဂ္ဂလိက၊ တစ်ပိုင်တစ်နိုင်ကစပြီး နိုင်ငံတော်နှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားစနစ် အကျိုးတူလုပ်ကိုင်ခွင့် ပေးခဲ့တာတွေ ရှိလာခဲ့ပါတယ်။

ကျွန်တော်တို့ ပြည်သူလူထုက စီးပွားရေးဆိုတာ ဒီအချိန်မှာ စတင်နိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းတွေ၊ ပွဲရုံလုပ်ငန်းတွေ၊ စက်မှုလက်မှုလုပ်ငန်းတွေ၊ စတဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်လာကြပြီဆိုတဲ့အချိန်မှာ EU ရဲ့ Sanction၊ အမေရိကန်နိုင်ငံရဲ့ Sanction တွေကြောင့် နိုင်ငံတကာနဲ့ စီးပွားရေးကုန်သွယ်မှုများ များစွာခက်ခဲခဲ့ပါတယ်။ ကိုယ့်တိုင်းပြည်ထဲမှာ ကိုယ်လုပ်ကိုင်ခွင့်ရတဲ့ လုပ်ငန်းတွေအတွက် စက်ယန္တရား၊ စက်ပစ္စည်းတွေ တင်သွင်းဖို့ကိုတောင်မှ စီးပွားရေးပိတ်ဆို့မှုကြောင့် တရုတ်ပစ္စည်းတွေနဲ့ပဲ စခန်းသွားခဲ့ရပါတယ်။ အရည်အသွေးကောင်းတဲ့ ဂျာမဏီပစ္စည်း၊ အင်္ဂလန်ပစ္စည်း၊ အမေရိကန်ပစ္စည်းဆိုတာ ကျွန်တော်တို့ကို မရောင်းလို့၊ မတင်ပို့လို့၊ ပစ္စည်းလည်း မသုံးရ၊ နည်းပညာလည်းမရ ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ခေတ်နောက်ကျခဲ့ရပါတယ်။ အိမ်နီးချင်းနိုင်ငံငယ်လေးများဖြစ်တဲ့ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီယား၊ ထိုင်း တို့ထက်တောင် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရပါတယ်။

နိုင်ငံတော်အစိုးရက ကျွန်တော်တို့ တိုင်းရင်းသားပြည်သူလူထုကို မြေပေါ်မြေအောက် သယံဇာတများ ထုတ်လုပ်ဖို့ ကျောက်စိမ်း၊ ကျောက်မျက်၊ ရေနံ၊ သဘာဝဓာတ်ငွေ့တွေ ပေါ်များပြီး စီးပွားရေးအခွင့်အလမ်းတွေ ဖန်တီးပေးပြန်တော့လည်း စီးပွားရေးပိတ်ဆို့မှုကြောင့် ကျွန်တော်တို့ရဲ့ ကျောက်စိမ်းဆိုရင် တရုတ်ကလွဲလို့ ဘယ်သူမှ မဝယ်ဘူး။ တရုတ်က မဝယ်ရင်တောင် ရောင်းလို့လည်း မရတော့ဘူး။ ပတ္တမြား၊ နီလာကျောက်မျက်ရတနာများနဲ့ အလားတူစွာပဲ ထိုင်းနိုင်ငံကဝယ်ပြီး ကမ္ဘာ့အလယ်မှာ သူတို့ ထိုင်းနိုင်ငံကထွက်တဲ့ ရတနာများအဖြစ် ထောက်ခံချက်လက်မှတ် (Certificate) ထုတ်ပြီး အရှေ့အလယ်ပိုင်းဒေသနှင့် ဥရောပအပါအဝင် တစ်ကမ္ဘာလုံးကို ရောင်းပါတော့တယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံက ပစ္စည်းတွေဆိုရင် တင်ပို့မရ၊ ရောင်းချမရတဲ့အတွက် ထိုင်းနိုင်ငံကဝင်ပြီး အကျိုးအမြတ် ထုတ်ယူသွားတာ တွေ့ကြုံခံစားရင်း လက်ပိုက်ကြည့်နေခဲ့တဲ့ ဘဝများ ဖြစ်ပါတယ်။ စီးပွားရေးပိတ်ဆို့မှု (Sanction) လုပ်ရတဲ့ အကြောင်းတရားများကို လေ့လာတဲ့အခါမှာ အမေရိကန်နိုင်ငံသည် တပ်မတော်အစိုးရအပေါ် ပြည်သူတွေက ရွေးချယ်တင်မြှောက်သည့် အရပ်သားအစိုးရအဖွဲ့သို့ အာဏာလွှဲပြောင်းပေးရန်၊ လူ့အခွင့်အရေးချိုးဖောက်နေမှုများကို ရပ်တန့်ရန်၊ တပ်မတော်အစိုးရသည် တရားစီရင်ရေးကဏ္ဍတွင် စွက်ဖက်နေခြင်း၊ စီးပွားရေးလုပ်ငန်းများဖြစ်သော ရေနံထွက်ကုန်များ၊ ကျောက်စိမ်း၊ ကျောက်မျက်များနဲ့ သစ်မာကူးသန်းရောင်းဝယ်မှုများတွင် ပတ်သက်အကျိုးခံစားနေခြင်း၊ ဒီမိုကရေစီကျင့်စဉ်နှင့် ဆန့်ကျင်စွာပြုမူဆောင်ရွက်နေခြင်းတို့ကြောင့် ဖြစ်ပါတယ် ဆိုတဲ့ အကြောင်း သိရပါတယ်။

အမေရိကန်အစိုးရသည် ပြည်သူလူထုကို ဒီမိုကရေစီပေးရန် ဖိအားတွန်းအားများ ပေးခဲ့တယ်။ သို့ပေမယ့်လည်း သူဖိအားပေးတိုင်း ကျွန်တော်တို့ ဆောင်ရွက်တာ မဟုတ်ဘဲနဲ့ မိမိနိုင်ငံအကျိုးအတွက် တပ်မတော်အစိုးရမှ ၂၀၀၈ ခုနှစ်တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြီး နိုင်ငံတော်၏အာဏာကို အရပ်သားအစိုးရသို့ လွှဲအပ်ပေးခဲ့ပါတယ်။ တပ်မတော်မှ လွှဲအပ်ပေးသည့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို လက်ခံရယူသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရန် တို့အရေး(၃)ပါး ဦးထိပ်ထားလျက် နိုင်ငံရေးဦးတည်ချက်၊ စီးပွားရေးဦးတည်ချက်၊ လူမှုရေးဦးတည်ချက်များဖြင့် ဒီမိုကရေစီစနစ် ပီပြင်စွာ တိုးတက်လာနိုင်ရေးအတွက် ပြည်သူနဲ့လက်တွဲပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအဖြစ် တိုင်းရင်းသားလက်နက်ကိုင်(၁၁)ဖွဲ့ကို ငြိမ်းချမ်းရေး ဆွေးနွေးနိုင်ခဲ့ပါတယ်။ (၁၀)ဖွဲ့ကို အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိခဲ့ပါတယ်။ ကျန်ရှိသော နိုင်ငံတော်အစိုးရနှင့် သဘောထားချင်း ညီညွတ်မှုမရရှိသေးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို ညှိနှိုင်းမှုများပြုလုပ်ရန် ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုစင်တာ (Myanmar Peace Centre) ကို တည်ထောင်ခြင်း၊ နိုင်ငံရေးအရဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်သွားနိုင်ရန် နိုင်ငံရေးဆွေးနွေးပွဲပုံစံ ပြင်ဆင်ထားခြင်း၊ ငြိမ်းချမ်းရေးရယူပြီးသော ပဋိပက္ခအဖွဲ့အစည်းများကို၊ ငြိမ်းချမ်းရေးရယူပြီးသော လက်နက်ကိုင်

အဖွဲ့အစည်းများကို ပြည်သူ့စစ်၊ နယ်ခြားစောင့်တပ်များအဖြစ် အသွင်ပြောင်း၍ နိုင်ငံတော်၏ နယ်နိမိတ်လုံခြုံရေးကို တပ်မတော်နှင့် လက်တွဲဆောင်ရွက်စေလျက်ရှိခြင်းများ ဆောင်ရွက်ထား ပြီး ဖြစ်ပါတယ်။

၎င်းအပြင် နိုင်ငံရေးအကျဉ်းသားများကို အကြိမ်ကြိမ်လွှတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေးအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်း ကိုလည်း ဈေးကွက်နှင့်လျော်ညီသော နှုန်းစဉ်အဖြစ် ပြုပြင်ပြောင်းလဲပြုလုပ်ပေးခဲ့ခြင်း တံခါးဖွင့် စီးပွားရေးမူဝါဒနှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်ကို ပြုပြင်ရေးဆွဲပြဋ္ဌာန်းပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအတွက် အာမခံများပေးခဲ့ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အားပေးသည့် စီးပွားရေးပတ်ဝန်းကျင်တစ်ရပ် ဖန်တီးရန် ကြိုးစားဖော်ဆောင်ရွက်လျက်ရှိခြင်း၊ နိုင်ငံသူ၊ နိုင်ငံသားများ စီးပွားရေး လွတ်လပ်ခွင့်များပေး၍ စီးပွားရေးဖွံ့ဖြိုးမှုကို အားပေးလျက်ရှိခြင်း၊ အခွန်ဆိုင်ရာများကိုပင် ပြင်ဆင်လျှော့ချပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ ရှင်သန်ရန် အားပေး လျက်ရှိခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

အလုပ်သမားရေးရာနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လယ်သမား အဖွဲ့အစည်းများ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုခြင်း၊ ခေတ်နဲ့မလျော်ညီသော အလုပ်သမားဥပဒေများ ဖျက်သိမ်း၍ ဥပဒေသစ်များ ပြဋ္ဌာန်းပေးခြင်း၊ အလုပ်သမားများ၏ ဆန္ဒဖော်ထုတ်ခွင့်၊ ငြိမ်းချမ်းစွာ ဆန္ဒပြခွင့် များကို ခွင့်ပြုပေးခြင်း၊ နိုင်ငံတော်ဝန်ထမ်းများ၏ အငြိမ်းစားလစာ နှုန်းသစ်တိုးမြင့်ပေးခြင်း၊ အကျင့်ပျက် ခြစားမှုများ၊ လာဘ်ပေးလာဘ်ယူမှုများကို အရေးယူရန် ဥပဒေများ ပြဋ္ဌာန်းခြင်း၊ ကော်မတီဖွဲ့စည်း၍ စိစစ်ရေး၊ ဖော်ထုတ်ရေးများ လုပ်ဆောင်ခြင်း၊ အသက်မပြည့်သူများ စစ်မှုထမ်းခြင်းကို နိုင်ငံတကာမှ မြင်သာသည်အထိ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးခြင်း များသည် မြန်မာနိုင်ငံ၏ ကမ္ဘာက အသိအမှတ်ပြုသည့် ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပါသည်။

၂၀၀၉ ခုနှစ်၊ သမ္မတ Obama အာဏာရရှိလာသည့် နောက်ပိုင်းတွင် မြန်မာနိုင်ငံ အား စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ကာ အထီးကျန်ပစ်ပယ်ထားသည့် မူဝါဒမှ မြန်မာနိုင်ငံအား နီးကပ်စွာ စေ့စပ်ညှိနှိုင်းအဖြေရှာသည့် မူဝါဒသို့ အမြော်အမြင်ကြီးစွာ ပြောင်းလဲကျင့်သုံးလာ တာကို တွေ့ရပါတယ်။ ၁-၁၂-၂၀၁၂ ခုနှစ်တွင် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး Ms. Hillary Clinton မြန်မာနိုင်ငံ၊ နေပြည်တော်သို့ လာရောက်သည့် ခရီးစဉ်မှ အစပြု၍ နှစ်နိုင်ငံ

ခေါင်းဆောင်များ အပြန်အလှန် ကူးလူးဆက်ဆံ သမိုင်းဝင်ခရီးစဉ် ဖြစ်ပေါ်လာခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်အတွင်းမှာ Mr. Derek Mitchell ကို မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး အဖြစ် ခန့်အပ်နိုင်သည့်အထိ သံတမန်ဆက်ဆံရေးကို တိုးတက်ကောင်းမွန်လာခဲ့ပါတယ်။ ၁၉-၁၁-၂၀၁၂ သမ⊡မတ Obama မြန်မာနိုင်ငံခရီးစဉ်တွင် သမ္မတ Obama ၏ ရန်ကုန်တက္ကသိုလ် တွင် ပြောကြားသော မိန့်ခွန်းသည် အမေရိကန် - မြန်မာ ဆက်ဆံရေးကို မြန်မာတို့ကလည်း အလေးအနက်ထားကြောင်း သက်သေပြခဲ့ပြီးဖြစ်ပါတယ်။

ယခုအခါ မြန်မာနိုင်ငံမှာ အရပ်သားအစိုးရနဲ့ လွှတ်တော်အသီးသီးတို့က ကဏ္ဍပေါင်းစုံ ပြုပြင်ပြောင်းလဲမှုများကို ပကတိရိုးသားမှု၊ ပွင့်လင်းမြင်သာမှုများဖြင့် အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့ကြကြောင်း၊ ဆောင်ရွက်နေကြောင်းကို နိုင်ငံတကာမှ ရင်သက်ရှုမော အလေးအနက် ထား အသိအမှတ်ပြုနေကြပြီဖြစ်ပါတယ်။ မြန်မာ့ကျောက်စိမ်း၊ ကျောက်မျက် တင်သွင်းခွင့်ကို ဆက်လက်ပိတ်ပင်နေရခြင်းနဲ့ စပ်လျဉ်း၍ အိမ်ဖြူတော်ပြောခွင့်ရပုဂ္ဂိုလ်၏ ဆိုစကားအရ မြန်မာ - မြောက်ကိုရီးယားဆက်ဆံရေး၊ မြန်မာအစိုးရအတွင်း ကျန်ရှိနေ သေးသော အကျင့်ပျက်ချစားမှု၊ အကျဉ်းထောင်များတွင် ကျန်ရှိနေသေးသော နိုင်ငံရေးအကျဉ်းသားများ ဆက်လက်လွှတ်ပေးမှု ရှိ/မရှိ စောင့်ကြည့်ပြီး တွန်းအားပေးသွားရန်အတွက် ယင်းပိတ်ဆို့မှု (Sanction) ကို ချန်လှပ် ထားခဲ့ကြောင်း သိရပါတယ်။ မြန်မာ - မြောက်ကိုရီးယားဆက်ဆံရေးနဲ့ ပတ်သက်၍ အခြေအမြစ် မရှိတဲ့ စွပ်စွဲချက်များအပေါ် အခြေခံကာ အမေရိကန်တို့ သံသယဝင်နေခြင်းသာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံသည် Nuclear လုံခြုံမှုကာကွယ်စောင့်ကြပ်ရေး သဘောတူညီချက်နှင့် ပဏာမနည်း သည့် Nuclear သတ္တိကြွပစ္စည်းများဆိုင်ရာ သဘောတူညီချက်တို့တွင် Nuclear လက်နက် မပြန့်ပွားရေး၊ လက်နက်ဖျက်သိမ်းရေးနဲ့ ဧင်းစွမ်းအင်ကို ငြိမ်းချောက်သော ရည်ရွယ်ချက်များ အတွက်သာ အသုံးပြုရေး စသည့် (၃)ချက်ကို ၁၉၉၂ ခုနှစ်မှစ၍ စာချုပ်ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့ပါတယ်။

ဒါ့အပြင် ၂၀၀၅ ခုနှစ်တွင် Nuclear လက်နက်ထုတ်လုပ်သည်ဟု သံသယရှိသော နေရာများကို (၂၄)နာရီအတွင်း ဝင်ရောက်စစ်ဆေးနိုင်သည့် ပဏာမနည်းသည့် Nuclear သတ္တိကြွ ပစ္စည်းများဆိုင်ရာ စာချုပ်ကိုလည်း လက်မှတ်ရေးထိုးသွားနိုင်ရန်လည်း အစိုးရနဲ့ လွှတ်တော် အသီးသီးမှာ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့် မြန်မာ-မြောက်ကိုရီးယားဆက်ဆံရေးကို

သံသယဝင်ရန် မလိုတော့ပဲ၊ မလိုတော့တဲ့ အခြေအနေဖြစ်ပါတယ်။ လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေးနဲ့ ပတ်သက်လို့ ဥပဒေသစ်များပြုစု ပြဋ္ဌာန်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ကောင်းမွန်သောအုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်ရေးအတွက် နိုင်ငံတော် အစိုးရမှ ၈-၁-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၃) ကို ထုတ်ပြန်ပြီး လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေး ကော်မတီကို ဖွဲ့စည်းထားခဲ့ပြီးဖြစ်ပါတယ်။

ကျောက်စိမ်း၊ ကျောက်မျက် တင်သွင်းခွင့် ပိတ်ထားခြင်းသည် ကျောက်စိမ်း၊ ကျောက်မျက် တူးဖော်ထုတ်လုပ်နေကြတဲ့ တိုင်းရင်းသားပြည်သူများရဲ့ အကျိုးစီးပွားကို ထိခိုက်စေရုံသာမက မြန်မာနိုင်ငံထွက် ကျောက်စိမ်း၊ ကျောက်မျက်များကို မမှန်မကန်သော ထောက်ခံချက်လက်မှတ် (Certificate) ထုတ်၍ အတုအပဖြင့် လိမ်ညာရောင်းခြင်းများ အားပေးသကဲ့သို့ ဖြစ်နေပါတယ်။ အဘယ်ကြောင့်ဆိုသော် ကုန်သည်များသည် မြန်မာနိုင်ငံမှ ကျောက်စိမ်း၊ ကျောက်မျက်များ ဝယ်ယူပြီး ၎င်းတို့နိုင်ငံမှ ထွက်သကဲ့သို့ ရောင်းချနေခြင်း ကြောင့်ပင် ဖြစ်ပါတယ်။ ၉-၁-၂၀၁၃ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် ကိုယ်စားလှယ်အဖွဲ့ နိုင်ငံတော် သမ္မတရုံးသို့ ရောက်ရှိရာတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်မှုသဘောတူ စာချုပ်များနဲ့ တခြားကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီများ ဖွဲ့စည်းပြီး ဆောင်ရွက်သွားရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာပြည်သူများ၏ လူမှုဘဝ မြှင့်တင်နိုင်ရေး၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရန် အခွင့်ကောင်းများ ရှာဖွေဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြားပူးပေါင်း ဆောင်ရွက်ရေး၊ မြန်မာ့တပ်မတော်မှ အရာရှိငယ်များ သင်တန်းပို့ချ လေ့ကျင့်ပေးရေး၊ ရေရှည် တည်တံ့သော ချစ်ကြည်ရင်းနှီးမှု တည်ဆောက်နိုင်ရေး စသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ချစ်ကြည်ရင်းနှီး၊ ရင်းနှီးချစ်ခင်စွာဖြင့် ဆွေးနွေးခဲ့သည်ဟု သိရှိရပါသည်။ ယုံယုံကြည်ကြည် ပူးပေါင်းမည်၊ ယုံယုံကြည်ကြည် ကူညီမှုအစီအစဉ်ရှိပါက ပိတ်ဆို့မှုကို မချွင်းမကျန် ပယ်ဖျက်ပေး သင့်ပါသည်။

အမေရိကန် ပြည်ထောင်စုအနေနဲ့ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဖြင့် မြန်မာ ပြည်သူများ၏ လူမှုဘဝမြှင့်တင်နိုင်ရေးကို အမှန်တကယ်လိုလားပါက ရှေ့နောက် စကားညီအောင် မြန်မာ့ကျောက်စိမ်း၊ ကျောက်မျက်များအပေါ် စီးပွားရေးပိတ်ဆို့ထားခြင်းကို လက်တွေ့ကျကျ

ပယ်ဖျက်ပေးသင့်ပါတယ်။ မြန်မာ့ကျောက်စိမ်း၊ ကျောက်မျက်များအပေါ် စီးပွားရေးပိတ်ဆို့မှုကို ဖယ်ရှားပေးပါက မြန်မာ့ကျောက်စိမ်း၊ ကျောက်မျက်တူးဖော် လုပ်ကိုင်နေသူများမှ ပြည်တွင်းပြည်ပသို့ တိုက်ရိုက်ရောင်းချနိုင်ခြင်း၊ စီးပွားရေးပိတ်ဆို့မှု (Sanction) ကို အကြောင်းပြု၍ တတိယနိုင်ငံများမှ ဈေးနှိမ်ဝယ်ယူ အမြတ်ထုတ်ခြင်းမှ ကင်းလွတ်နိုင်ခြင်း၊ မြန်မာ့ကျောက်စိမ်း၊ ကျောက်မျက်များ ကမ္ဘာ့အလယ်တွင် ထောက်ခံချက်လက်မှတ် အတုအပများနှင့် လိမ်လည်ရောင်းချခြင်း မခံရတော့ပဲ မြန်မာနိုင်ငံတွင် တိုက်ရိုက်ဝယ်ယူနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရှိလာမှာ ဖြစ်ပါတယ်။

စီးပွားရေးပိတ်ဆို့ရတဲ့ အကြောင်းအရင်းထဲမှာ မူးယစ်ဆေးဝါးစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါး သမားအချို့၏ အစိုးရနဲ့ ပူးပေါင်းပြီး ကျောက်မျက်ရတနာလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်နေမှုတို့လည်း ပါဝင်ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံ ပထဝီအနေအထားအရ ရွှေတြိဂံနယ်မြေမှာ ပါဝင်နေပြီး နိုင်ငံမဖွံ့ဖြိုးမှု၊ ပြည်သူများ ဆင်းရဲမှု၊ တောတောင်ထူထပ်ပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုတို့အပေါ် စီးပွားရေးသမားများက အခွင့်အရေးယူပြီး ကျွန်တော်တို့ ရေမြေနဲ့ ကျွန်တော်တို့ တိုင်းရင်းသားများကို အသုံးချခဲ့ကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံထဲကို တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်ရုံမက ကျွန်တော်တို့ တိုင်းရင်းသားတွေကို သူတို့ရဲ့ အကျိုးစီးပွားအတွက် ဘိန်းစိုက်ပျိုးဖို့ကိုလည်း အသုံးချခဲ့တာ ဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးတဲ့ တောနေလူတန်းစားများ၊ တောင်ပေါ်တိုင်းရင်းသားတွေမှာ ဘဝရှင်သန်ဖို့အတွက် ရွေးချယ်စရာမရှိပဲ ခိုင်းတာလုပ်ခဲ့ကြတာ ဖြစ်ပါတယ်။

ပထဝီအနေအထားအရ မြန်မာနိုင်ငံအစိုးရက နယ်မြေစိုးမိုးထားမှုကို မလွယ်ကူတဲ့အတွက် ဘိန်းပပျောက်ရေးကို အမြစ်ပြတ်အောင် မတိုက်ထုတ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့လူမျိုး နာမည်ပျက်ပြီး၊ နိုင်ငံတော်လည်း ဂုဏ်သိက္ခာ ကျဆင်းခဲ့ရပါတယ်။ နိုင်ငံ့သားကောင်းများ ကမ္ဘာကြီးကို အကျိုးပြုမယ့် လူတော်လူကောင်းများ ဖြစ်လာရမယ့် ကျွန်တော်တို့ရဲ့လူငယ်များလည်း သားကောင်ဖြစ်ခဲ့ရပါတယ်။ ဒီလိုအခြေအနေမှာ ကျွန်တော်တို့နိုင်ငံကို စီးပွားရေးပိတ်ဆို့မှုနဲ့ ပစ်ပယ်ထားမယ်ဆိုရင် ကျွန်တော်တို့ ပြည်သူများဟာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး နိမ့်ကျစေလျက် လူ့အခွင့်အရေးများလည်း ဆုံးရှုံးနစ်နာကြရမှာ ဖြစ်ပါတယ်။ အခွင့်ထူးခံ Crony ပဲဖြစ်ဖြစ်၊ မူးယစ်ဆေးဝါးသမားပဲဖြစ်ဖြစ်၊ ငွေမဲ ငွေဖြူ ခဝါချသူပဲဖြစ်ဖြစ် သူတို့က လူနည်းစုသာ ဖြစ်ပါတယ်။

အဲဒီလို လူနည်းစုအတွက် နိုင်ငံတော်ကို စီးပွားရေးပိတ်ဆို့မှုပြုထားမယ်ဆိုရင် ဒဏ်ခံရမှာက တိုင်းရင်းသားပြည်သူလူထု အများစုသာ ဖြစ်ပါတယ်။ နဂိုကတည်းကမှ ဆင်းရဲပြီး ဖွံ့ဖြိုးမှုနောက်ကျပြီး နိုင်ငံသားဦးရေ (၇၀)ရာခိုင်နှုန်းကျော်ဟာ ယခုတော့ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုနည်းပါးပြီး စားဝတ်နေရေးအတွက် ဘဝအမျိုးမျိုး ကျင်လည်ကာ ခက်ခဲစွာ ရပ်တည်နေကြရ၊ လူ့အခွင့်အရေးတွေကို ဆုံးရှုံးနေကြရတာဖြစ်ပါတယ်။ လူ့အခွင့်အရေးကို အလေးအနက်ထားတဲ့ အမေရိကန်လိုနိုင်ငံမျိုးက ယခင်တပ်မတော်အစိုးရကြောင့်ပဲဖြစ်ဖြစ်၊ အခွင့်ထူးခံ Crony တွေ၊ မူးယစ်ဆေးဝါးကြောင့်ပဲဖြစ်ဖြစ်၊ အနည်းစုကြောင့် မြန်မာနိုင်ငံကို စီးပွားရေးပိတ်ဆို့ထားတာ၊ အများစုဖြစ်တဲ့ မြန်မာနိုင်ငံသားတွေ လူ့အခွင့်အရေး ဆုံးရှုံးမှုနဲ့ ရင်ဆိုင်နေကြရတယ်ဆိုတာ ကမ္ဘာက သိမြင်နေမှာ ဖြစ်ပါတယ်။ တပ်မတော်အစိုးရကလည်း အရပ်သားအစိုးရ၊ ဒီမိုကရေစီအစိုးရ အာဏာလွှဲပြောင်းပေးပြီး၊ ယခုအစိုးရကလည်း ပြည်သူများအကျိုးကို တစ်စိုက်မတ်မတ်လုပ်ကိုင်လျက် ပြုပြင်သင့်တာတွေကို ပြုပြုပြောင်းလဲ ပေးနေပြီဖြစ်တဲ့အတွက် ဒီစီးပွားရေးပိတ်ဆို့မှုကို ရုပ်သိမ်းသင့်ပြီလို့ ကျွန်တော်ပြောချင်ပါတယ်။

ဒါကြောင့် သမိုင်းအစဉ်အလာ ရှိခဲ့ပြီးဖြစ်သော အမေရိကန်-မြန်မာ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုကောင်းမွန် တိုးတက်စေရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံ၏ကဏ္ဍပေါင်းစုံ ပြုပြင်ပြောင်းလဲရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်နေကြသော အစိုးရ၊ လွှတ်တော်အသီးသီးနဲ့ ပြည်သူများ၏ ကြိုးပမ်းမှုကို အသိအမှတ်ပြုသည့်အနေဖြင့် လည်းကောင်း၊ ချန်လှပ်ထားခဲ့သော ကျောက်စိမ်း၊ ကျောက်မျက်ကဏ္ဍ စီးပွားရေးပိတ်ဆို့မှု လုံးဝဖြေလျှော့ပေးရန် အချိန်တန်ပြီဖြစ်ကြောင်း၊ အမေရိကန်အစိုးရသို့ ညှိနှိုင်းဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ အဆိုကို ထောက်ခံပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၄၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၄၇။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာကြသော ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး နှစ်လုံးစိတ်ဝမ်း အေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် က ရိုသေဂါရဝပြု အပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ကျွန်တော် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးလှဆွေ တင်သွင်းခဲ့တဲ့ အမေရိကန်ပြည်ထောင်စု စီးပွားရေးပိတ်ဆို့မှု (Sanction) များအား ဖြေလျှော့ပေးခဲ့ရာတွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ထွက်ကုန်များ မပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ် လုံးဝပြေလျှော့ပေးရေး အမေရိကန်အစိုးရသို့ တောင်းဆိုပေးသွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

(၁) အဆိုရှင်၏ တောင်းဆိုချက်(၂)ရပ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ဦးလှဆွေ တင်သွင်းထားတဲ့ အဆိုပါ (က) အမေရိကန် ပြည်ထောင်စုမှ စီးပွားရေးပိတ်ဆို့မှုများ ဖြေလျှော့ပေးခဲ့ရာတွင် ကျောက်စိမ်းနှင့် ကျောက်မျက် ရတနာထွက်ကုန်များ မပါရှိပဲ ချန်လှပ်ထားခဲ့ခြင်းအပေါ် လုံးဝဖြေလျှော့ပေးရေး၊ အမေရိကန် အစိုးရသို့ တောင်းဆိုပေးသွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့ (ခ) မြန်မာ့ကျောက်မျက်၊ ကျောက်စိမ်းအသင်းမှ ယခင်အစိုးရလက်ထက်က Crony အချို့ ဆက်လက်တာဝန်ယူနေသည့်အတွက်ကြောင့်လည်း ကျောက်စိမ်း၊ ကျောက်မျက် ထွက်ကုန်များ အပေါ် ပိတ်ဆို့မှု မရုပ်သိမ်းတာဖြစ်နိုင်တဲ့အတွက် အဆိုပါ Crony များ မိမိတို့ ယူထားတဲ့ ရာထူးကနေ လွှဲပြောင်းသွားဖို့လည်း တိုက်တွန်းတဲ့အဆိုလည်း ဖြစ်ပါတယ်။ ဒီအဆို (၂)ခုအနက် ပထမအဆိုအပေါ်မှာ ကျွန်တော် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

(၂) အမေရိကန်ပြည်ထောင်စု၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများကို လေ့လာခြင်း။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမေရိကန် ပြည်ထောင်စုဟာ ၁၉၈၈ ခုနှစ်နဲ့ ၁၉၉၀ ပြည့်နှစ်တွေမှာ အရေးယူပိတ်ဆို့မှုအချို့ ပြုလုပ်ခဲ့

ပါတယ်။ ဒီအရေးယူပိတ်ဆို့မှုတွေထဲမှာ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာငွေကြေး အထောက်အပံ့တွေ မပေးဖို့၊ စစ်လက်နက်ပစ္စည်းတွေ မရောင်းချဖို့၊ နှစ်နိုင်ငံသဘောတူ စီးပွားရေးအကူအညီနဲ့ ကုန်သွယ်မှုအကူအညီ အစီအစဉ်တွေ မပြုလုပ်ဖို့၊ စစ်အရာရှိများနဲ့ အဆင့်မြင့်အစိုးရအရာရှိများ ပြည်ဝင်ဗီဇာများ ထုတ်မပေးဖို့တို့ ပါဝင်ပါတယ်။ ၁၉၉၀ ပြည့်နှစ် ထဲမှာ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဆင့်ကနေပြီး ယာယီ၊ သံရုံးယာယီတာဝန်ခံအဆင့်ကို လျှော့ချခဲ့ပါတယ်။

၁၉၉၇ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှာ သမ္မတ Bill Clinton က သူ၏ အမိန့်အမှတ် (၁၃၀၄၇) နဲ့ အမေရိကန်နိုင်ငံသားများ သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုအသင်းများ မလုပ်ဆောင်ကြရန် စီးပွားရေးပိတ်ဆို့မှု အမိန့်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါတယ်။ အမေရိကန်အစိုးရက ဒီပိတ်ဆို့မှုကို (၆)လတစ်ကြိမ်စီ ပြန်လည်သုံးသပ်ခဲ့ပါတယ်။ ဒီအမိန့်ဟာ ၁၉၉၇ ခုနှစ်၊ မေလ ၂၀ ရက်နေ့မတိုင်မီက မြန်မာနိုင်ငံအတွင်းမှာ ရင်းနှီးမြှုပ်နှံနေကြတဲ့ အမေရိကန်နိုင်ငံသားတွေနဲ့ လုံးဝသက်ဆိုင်ခြင်း မရှိပါဘူး။ ၂၀၀၃ ခုနှစ်၊ အမေရိကန် သမ္မတ George W. Bush က မြန်မာ့လွတ်လပ်ရေးနဲ့ ဒီမိုကရေစီအက်ဥပဒေကို လက်မှတ်ရေးထိုးထုတ်ပြန်ပြီး မြန်မာနိုင်ငံမှ ထုတ်ကုန်အများစုကို အမေရိကန်နိုင်ငံအတွင်းသို့ တင်သွင်းခွင့် မပြုရန် တားမြစ်ခဲ့ပါတယ်။

ဒီ ၂၀၀၃ ခုနှစ်၊ ပိတ်ဆို့မှုဟာ မြန်မာနိုင်ငံကို ငွေကြေးအပေးအယူလုပ်ငန်း လုပ်ကိုင်နေသော အမေရိကန်နိုင်ငံသားများကို ပိတ်ပင်လိုက်ပြီး မြန်မာနိုင်ငံရဲ့ အချို့လုပ်ငန်း အဖွဲ့အစည်းများရဲ့ ပိုင်ဆိုင်မှုများကိုလည်း သိမ်းဆည်းလိုက်ပါတယ်။ ၁၉၉၇ ခုနှစ်နဲ့ ၂၀၀၃ ခုနှစ်၊ စီးပွားရေးပိတ်ဆို့မှုများဟာ ၁၉၈၈ နဲ့ ၁၉၉၀ ပြည့်နှစ်များမှာ ပြုလုပ်ခဲ့တဲ့ ပိတ်ဆို့မှု၊ အရေးယူမှုများနဲ့ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။ ဒါပေမဲ့ အမေရိကန်ကုမ္ပဏီတွေက မြန်မာနိုင်ငံကို တင်သွင်းတဲ့ ပို့ကုန်များကိုတော့ ချွင်းချက်အချို့နဲ့ ခွင့်ပြုခဲ့ပါတယ်။ သမ္မတ Bush က ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလမှာ အမိန့်အမှတ်(၁၃၃၁၀)ကို ထုတ်ပြန်ခဲ့ပြီး မြန်မာနိုင်ငံအစိုးရ အထက်တန်းအရာရှိ (၁၄)ဦးရဲ့ပိုင်ဆိုင်မှုတွေကို တားဆီးပိတ်ပင်ခဲ့ပါတယ်။

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလမှာတစ်ကြိမ် အမိန့်အမှတ်(၁၃၃၄၈)ကို ထုတ်ပြန်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အကျင့်ပျက်ချစားမှုများတွင် ပါဝင်ပတ်သက်သူ လူပုဂ္ဂိုလ်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီကို ပစ္စည်းများနဲ့ ငွေကြေးထောက်ပံ့နေသူ

များရဲ့ ပိုင်ဆိုင်မှုတို့ကိုပါ သိမ်းဆည်းရန် အခွင့်အာဏာတိုးမြှင့်ပေးခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်၊ Tom Lantos, မြန်မာ့ကျောက်စိမ်း ပိတ်ပင်မှုဥပဒေ (Tom Lantos Block Burmese Jade Act - 2008)၊ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကို အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော် (Senate)နဲ့ အောက်လွှတ်တော် (House of Representative) နှစ်ရပ်ပေါင်း ပူးပေါင်းကျင်းပတဲ့ (၁၁၀)ကြိမ်မြောက် ကွန်ဂရက် လွှတ်တော်မှာ ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှာ ဥပဒေအမှတ် (၁၁၀-၂၈၆) အဖြစ် ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ဒီဥပဒေရဲ့ အမည်ကို ၂၀၀၈ ခုနှစ်၊ Tom Lantos မြန်မာ့ ကျောက်စိမ်းပိတ်ပင်မှု ဥပဒေ (Tom Lantos Block Burmese Jade Act - 2008)လို့ ပေးထားပါတယ်။

ဒီဥပဒေဟာ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံအပေါ် ချမှတ်ထားခဲ့ပြီး ပိတ်ဆို့မှုများအပါအဝင် မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်စိမ်းနှင့် ပတ္တမြားအရိုင်း သို့မဟုတ် အကြမ်းထည်များ၊ အချောထည် သို့မဟုတ် အပြီးသတ် အရောင်တင်ထားပြီးသော ကျောက်စိမ်းနှင့် ပတ္တမြားများ၊ ကျောက်စိမ်းနှင့် ပတ္တမြားများပါဝင်သော လက်ဝတ်ရတနာများအနက် အခြား ပစ္စည်းများ တင်သွင်းခွင့်ပိတ်ပင်ထားခြင်းပဲ ဖြစ်ပါတယ်။ ဒီပစ္စည်းအမျိုးအစားတွေကို တခြားနိုင်ငံမှတစ်ဆင့် တင်သွင်းခြင်းမပြုနိုင်အောင် အကောက်ခွန်နှုန်းဇယား နံပါတ်များနဲ့တကွ တရားဝင်မူရင်းနိုင်ငံဝင်လက်မှတ်များ (Certificate for Country of Origin) ကို အသေအချာ သတ်မှတ်ပေးထားပါတယ်။ သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။

(၃) ပိတ်ဆို့မှုများ၏ အကြောင်းအရင်းများ (Reason of Opposite Change)။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံအပေါ် ၁၉၈၈ ခုနှစ်ကတည်းကစပြီး ယခုဆွေးနွေးနေကြတဲ့ ၂၀၀၈ ခုနှစ်၊ ကျောက်စိမ်း၊ ကျောက်မျက်များ ပိတ်ဆို့မှုအပါအဝင် ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ခဲ့ပါတယ်။ ပိတ်ဆို့အရေးယူမှုများဟာလည်း တစ်ခုစီ၊ သီးခြားစီမဟုတ်ဘဲ တစ်ခုနဲ့တစ်ခု ဆက်စပ်နိုင် သလောက် ဆက်စပ်ပြီး လုပ်ဆောင်ခဲ့တာ တွေ့ရပါတယ်။ ဒီလိုပိတ်ဆို့ဟန့်တားမှုများ ပြုလုပ်ခြင်းများဟာလည်း ယခင်အစိုးရများလက်ထက်က (၁) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ ရေးသားတင်ပြခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်၊ လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့် အစရှိတဲ့ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ

အခွင့်အရေးများ ကန့်သတ်ချုပ်ချယ်ထားခြင်း။ (၂) လူကုန်ကူးမှု များကို ကျူးလွန်ခြင်း။ (၃) အမျိုးသမီးများနှင့်တိုင်းရင်းသားလူမျိုးစုများအပေါ် တွင်ခွဲခြားဆက်ဆံခြင်း။ (၄) ကလေးစစ်သား နဲ့ ကလေးအလုပ်သမားများအား အတင်းအကြပ် စုဆောင်းစေခိုင်းခြင်း။ (၅) တရားရုံးများတွင် စစ်ဆေးခြင်းမပြုပဲ သတ်ဖြတ်ခြင်း၊ အကျဉ်းထောင်၊ အချုပ်ခန်းများတွင် သေဆုံးခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ အကျဉ်းသားများနဲ့ အချုပ်အနှောင် ခံနေရသူများအပေါ် မတော်မတရား ပြုလုပ်ခြင်း၊ နိုင်ငံရေး လှုပ်ရှားသူ နိုင်ငံသားများအား ရုံးတင်စစ်ဆေးခြင်းမပြုပဲ အကျဉ်းချခြင်း စသော လူ့အခွင့်အရေးများကို ချိုးဖောက်ကျူးလွန်ခြင်းများကြောင့်ဖြစ်တယ်လို့ အကြောင်း ပြထား ပါတယ်။

(၄) ပိတ်ဆို့မှုများကို ဖြေလျှော့လာခြင်း (Release of Opposite Change)။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ပါတီစုံပါဝင်သော အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပပြီး နောက် လွှတ်တော်အသီးသီးကို ခေါ်ယူဖွဲ့စည်းလျက် ဒီမိုကရေစီစနစ်ကို ဦးတည်ရွေ့ရှုသော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍ(၃)ရပ်ကို ပိုင်းခြားဖွဲ့စည်း တည်ထောင်နိုင် ခဲ့ခြင်း။ (၂) ဒီကဏ္ဍ(၃)ရပ်အနေဖြင့် မိမိတို့၏ ကျရာကဏ္ဍ၏ တာဝန်ကို တိကျမှန်ကန်စွာ သယ်ပိုးထမ်းရွက်နိုင်ရန် ကြိုးပမ်းနေကြခြင်း။ (၃) ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများနည်းတူ နိုင်ငံဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် အခွင့်အလမ်းသစ်များကို ပေးနိုင်ခြင်း။ နိုင်ငံသားအားလုံးတို့ ပူးပေါင်းပါဝင်သော အခွင့်အလမ်းများရရှိလာခြင်းစတဲ့ အကြောင်းအရင်းများကြောင့် (က) မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက စိတ်ဝင်တစား စောင့်ကြည့်ချဉ်းကပ်လာ ကြတာကို တွေ့မြင် နေကြပါတယ်။ (ခ) ဥရောပ၊ အာရှနဲ့ အာရှပစိဖိတ်ဒေသများရှိ ဖွံ့ဖြိုးပြီးနိုင်ငံများကလည်း မြန်မာနိုင်ငံနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံလာကြပြီး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ဖို့ ကမ်းလှမ်းလာကြတာကိုလည်း တွေ့မြင်နေကြပါတယ်။ (ဂ) ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှ ဖွံ့ဖြိုးတိုးတက်ရေးဘဏ် အပါအဝင် နိုင်ငံတကာ ချေးငွေအကူအညီအတွက် နိုင်ငံကြီးများနဲ့ ညှိနှိုင်းမှုများ အောင်မြင်စွာဆောင်ရွက်နိုင်ပြီ ဖြစ်တဲ့ အတွက် ခေတ်အဆက်ဆက်က တင်ကျန်ခဲ့တဲ့ နိုင်ငံတကာကြွေးမြီများထဲမှ ဒေါ်လာသန်းပေါင်း (၆၀၀၀)ကျော်ကို ဖြေလျှော့နိုင်အောင်၊ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း ၁-၂-၂၀၁၃ ခု နေ့တွင် ပြောကြားခဲ့တဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ မိန့်ခွန်းမှာ ဖော်ပြထားတာကို တွေ့မြင်ရ

ပါတယ်။ (ဃ) အမေရိကန်ပြည်ထောင်စုအနေဖြင့်လည်း မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီး အဆင့်သို့ ပြန်လည်တိုးမြှင့်ခံထားပြီးဖြစ်ခြင်း၊ သမ္မတ Barack Obama နဲ့ နိုင်ငံခြားရေးဝန်ကြီး Hillary Clinton တို့ကိုယ်တိုင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပြီး မြန်မာနိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းနိုင်ခြင်း၊ ပိတ်ဆို့မှုအချို့ကိုလည်း ဖြေလျှော့ ပေးခဲ့ခြင်းစသည်တို့ကို တွေ့မြင်နေကြပြီ ဖြစ်ပါတယ်။

(၅) နိုဂုံး။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုဂုံးချုပ် အနေနဲ့ ဆွေးနွေးတင်ပြရမယ်ဆိုရင် အထက်အပိုဒ်(၄)မှာ ကျွန်တော် တင်ပြဆွေးနွေးခဲ့တဲ့အတိုင်း အမေရိကန်ပြည်ထောင်စုအပါအဝင် ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ကမ္ဘာ့ငွေကြေးအဖွဲ့အစည်းများ ဟာ မြန်မာနိုင်ငံအပေါ်မှာ ချမှတ်ခဲ့တဲ့ ပိတ်ဆို့မှုများကို ဖြေလျှော့လာကြတာကို တွေ့မြင်နေကြ ရမှာ ဖြစ်ပါတယ်။ ဒါ ဘာကြောင့် ဒီလိုဖြေလျှော့ထားတာလည်း ပြည်ထောင်စုအစိုးရ ကတစ်ဆင့် ကျွန်တော်တို့က တိုက်တွန်းလွန်းလို့ ဖြေလျှော့ပေးတာမျိုး မဟုတ်ပါဘူး။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ် စတင်လျှောက်လှမ်းနေပြီး ဒီမိုကရေစီကျင့်စဉ်နဲ့အညီ လုပ်သင့် လုပ်ထိုက်တာကို လုပ်ဆောင်နေတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီကနေ့ ရောက်ရှိနေတဲ့ အခြေအနေကနေပြီးတော့မှ နောက်ကြောင်းပြန်မလှည့်စတမ်း ဒီမိုကရေစီ လမ်းစဉ်နဲ့ ရှေ့သို့လျှောက်လှမ်းနိုင်မယ်၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေ တိုးတက်လာအောင် လုပ်ပေးနိုင်မယ်ဆိုရင် ဒီပိတ်ဆို့ဟန့်တားမှုတွေဟာ ရပ်တန့်သွားမှာ ဖြစ်ပါတယ်။ ဒါနဲ့ကြောင့် ဒီပိတ်ဆို့မှုတွေရပ်တန့်ပြီး ပြီးဆုံးသွားအောင် မိမိတို့ကြေညာထားပြီးဖြစ်တဲ့ ကောင်းသော အုပ်ချုပ်မှု၊ သန့်ရှင်းသောအစိုးရ လမ်းစဉ်အတိုင်း ကြိုးစားလုပ်ဆောင်ကြပါရန် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းရင်း မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးလှဆွေ ရဲ့ အဆိုဖြစ်သော အမေရိကန်ပြည်ထောင်စုမှ စီးပွားရေးပိတ်ဆို့မှု (Sanction) များအား ဖြေလျှော့ပေးခဲ့ရာတွင် ကျောက်စိမ်းနှင့် ကျောက်မျက် ရတနာ ထွက်ကုန်များမပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ် လုံးဝဖြေလျှော့ပေးရေး အမေရိကန်အစိုးရ သို့ တောင်းဆိုပေးသွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေး တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၄း၅၉။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည် ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၅၉။**

**ဦးဇင်ယော် (ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်၊ အမျိုးသားလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဇင်ယော် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်၊ သတ္တုနှင့်သယံဇာတရေးရာကော်မတီ အတွင်းရေးမှူး ဦးလှဆွေ တင်သွင်းတဲ့ အမေရိကန် ပြည်ထောင်စုမှ စီးပွားရေး ပိတ်ဆို့မှုများအား ဖြေလျှော့ပေးခဲ့ရာတွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ထွက်ကုန်များ မပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ် လုံးဝပြေလျှော့ပေးရေး အမေရိကန်အစိုးရသို့ တောင်းဆို ပေးသွားပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်း၍ ပြန်လည် ဖြေကြားသွားပါမယ်။ ကျွန်တော်၏ ဖြေကြားရာတွင် သက်ဆိုင်ရာဌာနများမှ ဖြေကြားချက်များကိုလည်း ပေါင်းစပ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဦးစွာ အမေရိကန်ပြည်ထောင်စုမှ စီးပွားရေးပိတ်ဆို့မှုများအား ဖြေလျှော့ပေးခဲ့ရာ တွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ထွက်ကုန်များမပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ် လုံးဝဖြေလျှော့ပေးရေးကို နိုင်ငံတော်အစိုးရမှ အမေရိကန်အစိုးရသို့ တိုက်တွန်းပေးရေးနဲ့ ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရှင်းလင်းချက်ကို ဖြေကြားတင်ပြလိုပါတယ်။ အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံအပေါ် ပြည်ထောင်စုဥပဒေ(၆)ခု၊ သမ္မတ၏အုပ်ချုပ်မှု အမိန့်အာဏာ(၆)ခုနှင့် သမ္မတ၏ကြေညာချက် (Presidential Proclamation) (၂)ခုနှင့် ဘာသာရပ်ဆိုင်ရာ အစီရင်ခံစာများတွင် ထည့်သွင်းသတ်မှတ်ချက်အရ ပိတ်ဆို့အရေးယူမှုများကို ပြုလုပ်ခဲ့ပါတယ်။

ဖော်ပြပါ ပိတ်ဆို့မှုများတွင် အမေရိကန်ပြည်ထောင်စု၏ ပြည်ထောင်စုဥပဒေ (ကွန်ဂရက်မှ ချမှတ်ထားသည့် ဥပဒေများ)မှ ချမှတ်ထားသည်များရှိသည်အနက် မြန်မာနိုင်ငံ အပေါ် နိုင်ငံရေးပြောင်းလဲရန် ရည်ရွယ်ချက်သက်သက်ဖြင့် စီးပွားရေးအရ ဖိအားပေးနိုင်ရန် The Burmese Freedom and Democracy Act ကို ၂၀၀၃ခု နှစ်တွင် ပြဋ္ဌာန်းခဲ့ပြီးနောက် ကျောက်စိမ်းနှင့် ကျောက်မျက်များအား ထပ်မံပိတ်ဆို့ထားရန် ပြဋ္ဌာန်းထားတဲ့ The Tom Lantos Block Burmese Jade (Junta's Anti-Democratic Efforts) Act of 2008 တို့ ပါဝင် ပါတယ်။

ယခုအခါ မြန်မာအစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဥ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကို အသိအမှတ်ပြုသည့်အနေဖြင့် အမေရိကန်အစိုးရ သည် The Burmese Freedom and Democracy Act 2003 အရ မြန်မာနိုင်ငံမှ သွင်းကုန် များအပေါ် ပိတ်ပင်ထားရှိမှုများကို အထွေထွေလိုင်စင် ထုတ်ပေးခြင်း၊ ယာယီကင်းလွတ်ခွင့် ပေးခြင်းတို့ဖြင့် ဖြေလျှော့ပေးခဲ့ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံတွင် သွားရောက်ရင်းနှီးမြှုပ်နှံခွင့်၊ ငွေကြေးလွှဲပြောင်းခွင့်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက် ခွင့်များနှင့် ပတ်သက်၍ ဖြေလျှော့မှုများ ပြုလုပ်ထားပါတယ်။

တစ်ဖက်မှာ အမေရိကန်အစိုးရမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ကန့်သတ် ပိတ်ဆို့မှုများကို အပြီးအပိုင်ရုပ်သိမ်းသွားနိုင်လောက်သည့် အနေအထားသို့ ရောက်ရှိခြင်း မရှိသေးကြောင်း၊ မြန်မာအစိုးရအနေဖြင့် ဆက်လက်ဆောင်ရွက်သွားရမည့်ကိစ္စရပ်များ ကျန်ရှိ နေကြောင်း ပြသသည့်အနေဖြင့် ကျောက်စိမ်းနှင့် ကျောက်မျက်များ တင်ပို့ခြင်းကို ပိတ်ပင်ထား သည့် The Burmese Freedom and Democracy Act 2003 ၏ Section 3(A) ကို ချန်လှပ်ထားခြင်းဖြစ်ပြီး၊ အဆိုပါကိစ္စနှင့် ပတ်သက်၍ မြန်မာအစိုးရနှင့် ဆက်လက်ညှိနှိုင်း ဆွေးနွေးသွားရန်ရှိကြောင်း ထုတ်ဖော်ပြောကြားထားပါတယ်။ သို့ဖြစ်ရာ မိမိတို့အနေဖြင့် The Burmese Freedom and Democracy Act 2003 ကို အပြီးသတ်ရုပ်သိမ်းရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဥပဒေရေးရာ ရှုထောင့်အရကြည့်လျှင် မြန်မာနိုင်ငံမှ အမေရိကန်ပြည်ထောင်စုသို့ ကျောက်စိမ်း၊ ကျောက်မျက်များ တင်ပို့မှုနှင့်ပတ်သက်ပြီး ပိတ်ဆို့ထားသော ဥပဒေများဟာ

အမေရိကန်ပြည်ထောင်စု၏ ကွန်ဂရက်မှ ချမှတ်ထားသောဥပဒေများ ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စု၏စနစ်အရ ဥပဒေတစ်ရပ်ကို အပြီးအပိုင်ပယ်ဖျက်ရန် ကြိုးပမ်းရာမှာ နိုင်ငံရေးအရ၊ ဥပဒေရေးရာအရနှင့် နည်းပညာပိုင်းဆိုင်ရာ ရှုထောင့်များမှ အဆင့်ဆင့်ညှိနှိုင်းဆောင်ရွက်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာမှာ ပြုပြင်ပြောင်းလဲမှုများကို နောက်မပြန်တမ်း ဆောင်ရွက်သွားမှာဖြစ်ကြောင်း ခိုင်မာစွာ ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စု အပါအဝင် နိုင်ငံတကာ၏ အသိအမှတ်ပြုမှုများကိုလည်း တစ်စုံတစ်ခုသော အတိုင်းအတာအထိ ရရှိပြီးဖြစ်ပါတယ်။ မိမိတို့ အနေဖြင့် နိုင်ငံတကာ အသိုင်းအဝန်း၏ ယုံကြည်မှုနှင့် အသိအမှတ်ပြုမှုများကို စဉ်ဆက်မပြတ် တိုးတက်ရရှိရန် ဆက်လက်ကြိုးပမ်း သွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရသည်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့်သော်လည်းကောင်း စီးပွားရေးအရ ပိတ်ဆို့ကန့်သတ်မှုများ လုံးဝရုပ်သိမ်းရေးကို တစ်စိုက်မတ်မတ် တောင်းဆိုလျက်ရှိပါတယ်။ အာဆီယံထိပ်သီးအစည်းအဝေးများနှင့် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများကလည်း ယင်းပိတ်ဆို့မှုအားလုံး လုံးဝရုပ်သိမ်းပေးရေးကို တောင်းဆိုခဲ့ကြပါတယ်။ အမေရိကန်ပြည်ထောင်စုသမ္မတအနေဖြင့် စီမံခန့်ခွဲမှုအာဏာအတွင်းမှ ဖြေလျှော့နိုင်သည့် ကိစ္စများကိုလည်း ဖြေလျှော့ပေးခဲ့ပါတယ်။ သို့သော် ကျန်ရှိနေသေးသော ကွန်ဂရက်က ချမှတ်ဥပဒေပြုထားသည့် အရေးယူမှုများကိုလည်း ရုပ်သိမ်းရေးမှာ ၎င်းတို့၏စနစ်အရပင် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေကြောင်းများအရ အဆင့်ဆင့်လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ထို့အပြင် အမေရိကန်ပြည်ထောင်စုဘက်မှ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးအပိုင်းတွင် အချို့သောအကြောင်းကိစ္စရပ်များကို ကြိုတင်သတ်မှတ်ချက်များ (Pre-Condition) သဖွယ် တောင်းဆိုမှုများလည်း ရှိနေပါတယ်။

အပြည်ပြည်ဆိုင်ရာ အသိုင်းအဝန်း၏ အသိအမှတ်ပြုမှုနှင့် ကူညီပူးပေါင်းဆောင်ရွက်မှုများ အပြည့်အဝရရှိရေးအတွက် နိုင်ငံတော်အစိုးရသာမက ပြည်သူလူထု၏ အကျိုးစီးပွားကို လိုလားသည့် နိုင်ငံရေးအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ လူမှုအဖွဲ့အစည်းများမှလည်း မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အပြုသဘောဆောင်စွာဖြင့် ပါဝင်ကြိုးပမ်းဆောင်ရွက်မှုဟာ အရေးကြီးပါတယ်။ ဒါ့အပြင် ပိတ်ဆို့ထားသည့် ဥပဒေများ ရုပ်သိမ်းရေး

အတွက် ဥပဒေပိုင်း၊ နည်းပညာပိုင်းအရ လေ့လာအကြံပြုနိုင်မည့် ကျွမ်းကျင်သည့် ဥပဒေပညာရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များကလည်း လွှတ်တော်အချင်းချင်း ထိတွေ့ တောင်းဆိုသွားရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေဖြင့် ပိတ်ဆို့ကန့်သတ်မှုများ ချမှတ်ခဲ့သည့် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည့်အခါတိုင်း ယင်းစီးပွားရေးပိတ်ဆို့မှုများသည် ပြည်သူလူထု၏ လူမှုစီးပွားရေးဘဝ တိုးတက်မှုအပေါ် ထိခိုက်နစ်နာစေလျက်ရှိသဖြင့် အပြီးတိုင် လုံးဝရုပ်သိမ်းပေးရေးကို အစဉ်တစ်စိုက် တောင်းဆိုလျက်ရှိပါတယ်။

ဆက်လက်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ တင်သွင်းတဲ့ အဆိုမှာ ယခင် အစိုးရလက်ထက်မှ Crony အချို့ဟာ မြန်မာနိုင်ငံ ကျောက်စိမ်းကျောက်မျက်အသင်းတွင် တာဝန်ရှိသူများအဖြစ် ဆက်လက်တာဝန်ယူနေခြင်းဟာလည်း အမေရိကန်အစိုးရမှ တားမြစ်ထားသော လူစာရင်းတွင် ပါဝင်သည့်အတွက် ကျောက်စိမ်း၊ ကျောက်မျက်များ တင်ပို့မှုနှင့်ပတ်သက်ပြီး ပိတ်ဆို့ထားသော ဥပဒေများကို ဆက်လက်ထားရှိခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ကျောက်မျက်အသင်းတွင် တာဝန်ယူနေသည့် Crony အချို့ကို တာဝန်ယူထားသော ရာထူးများမှ လွှဲပြောင်းသွားရန်တိုက်တွန်းကြောင်း ဖော်ပြချက်နှင့်ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာန၏ ဖြေကြားချက်ကိုလည်း ဆက်လက်တင်ပြလိုပါတယ်။

မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ်သည် အစိုးရမဟုတ်သော NGO အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ၃-၈-၂၀၀၉ ခုနှစ်မှစတင်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းခွင့်ရရှိသောအသင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်တွင် ဗဟိုအလုပ်အမှုဆောင်များဖြင့် လက်ရှိတာဝန်ယူလုပ်ကိုင်နေသူများသည် ကျောက်မျက်ရတနာလုပ်ငန်းရှင် အသင်းသူ/အသင်းသားများက သင်းလုံးကျွတ် အစည်းအဝေးများတွင် ရွေးချယ်တင်မြှောက်၍ အသင်းအတွက် တာဝန်ပေးအပ်ခဲ့သူများ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်သည် ကျောက်မျက်ရတနာ အသင်းသူ/အသင်းသားများ၏ အကျိုးစီးပွား၊ အသင်း၏အကျိုးစီးပွားကို ဆောင်ရွက်ပြီး ကျောက်မျက်ရတနာကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးအတွက် သတ္တုတွင်းဝန်ကြီးဌာနနှင့် ပူးပေါင်း

ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အသင်းတွင် တာဝန်ယူနေကြသူများကို ရွေးချယ်ပေးခြင်း ကိစ္စမှာ အသင်းသူ/အသင်းသားများ (အများ၏) ဆုံးဖြတ်ချက်ဖြင့်သာ ဆောင်ရွက်နေခြင်း ဖြစ်ကြောင်းသိရှိရပါတယ်။ အမေရိကန်အစိုးရ၏ အမည်စာရင်းများတွင် တင်သွင်းထားသူများကို မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်တွင် ပါဝင်မှုမရှိစေရေးကို သတ္တုတွင်းဝန်ကြီးဌာနမှ ပြန်လည်စိစစ်ဆောင်ရွက်သွားမှာ ဖြစ်ကြောင်းလည်း တင်ပြထားပါတယ်။

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဟာ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျောက်မျက်ရတနာလုပ်ကွက်များ ချထားပေးနိုင်ရေးအတွက် သတင်းစာများတွင်ကြော်ငြာ၍ အဆိုပြုလွှာများခေါ်ယူပြီး မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များ ပါဝင်ဖွဲ့စည်းထားသော ကျောက်မျက်ရတနာ ကုမ္ပဏီများနှင့် သမဝါယမအသင်းများကို စိစစ်ပြီး ကျောက်မျက်ရတနာလုပ်ကွက်များ လုပ်ကိုင်ခွင့် ချထားပေးလျက်ရှိကြောင်း သိရှိရပါတယ်။ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီမှ ဦးစီးကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင် မြန်မာနိုင်ငံသားများပိုင် ကျောက်မျက်ရတနာ ကုမ္ပဏီများနှင့် သမဝါယမအသင်းများက တူးဖော်ထုတ်လုပ်ထားသော ကျောက်မျက်ရတနာများကို အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းသူ၊ ဝယ်သူ ရတနာကုန်သည်များရှေ့တွင် ရောင်းချပေးလျက်ရှိပါတယ်။ ရတနာပြပွဲများတွင် နိုင်ငံခြားငွေဖြင့် ရောင်းချရမှုများကို ပြည်ထဲရေးဝန်ကြီးဌာန၊ တရားမဝင်နည်းလမ်းများဖြင့် ရရှိသည့် ငွေကြေးနှင့် ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့မှ စိစစ်ဆောင်ရွက်နိုင်ရန် ရတနာပြပွဲအလိုက် ရောင်းချရမှု စာရင်းများကို ပြုစုပေးပို့ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတွင် လက်ဝတ်ရတနာများရောင်းချရန် လိုင်စင်ရယူထားသည့် ရတနာဆိုင်များကိုလည်း အမေရိကန် ဒေါ်လာတစ်သောင်းနှင့်အထက် ရတနာများ၊ ပစ္စည်းများ ရောင်းချရပါက တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများ ဗဟိုထိန်းချုပ်ရေးအဖွဲ့သို့ ရောင်းချရမှုစာရင်းများ ပြုစုပေးပို့ရေး ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။

မိုးကုတ်ရတနာနယ်မြေတွင် လက်ရှိကျောက်မျက်ရတနာ တူးဖော်လုပ်ကိုင်ခွင့်ပြုထားသည့် လုပ်ကွက်(၁၈၅၃)ကွက်ရှိကြောင်း၊ ယင်းလုပ်ကွက်များတွင် မိုးကုတ်ဒေသခံ ကုမ္ပဏီ၊

သမဝါယမအသင်းများက တူးဖော်လုပ်ကိုင်နေသည့် လုပ်ကွက်(၄၅၅)ကွက်ရှိပြီး ၂၀၁၂ ခုနှစ်အတွင်း မိုးကုတ်ဒေသခံများအား လုပ်ကိုင်ခွင့် ထပ်မံချပေးခဲ့ရာ ဖော်ထုတ်လုပ်ကွက်အသစ်(၄၅၃)ကွက်မှာ မိုးကုတ်ဒေသခံများ၏ တစ်ပိုင်တစ်နိုင်လုပ်ကွက် (၃၀၃)ကွက်ပါဝင်ရာ မိုးကုတ်ဒေသခံ ကျောက်မျက်ကုမ္ပဏီများ၊ သမဝါယမအသင်းများနှင့် ပုဂ္ဂလိကလုပ်ကွက်များမှာ စုစုပေါင်း(၇၅၆)ကွက် ရှိပါတယ်။ မိုးကုတ်ဒေသခံများအနေဖြင့် ကျောက်မျက်ရတနာ တူးဖော်လုပ်ကိုင်နေသည့် ကျောက်မျက်ကုမ္ပဏီများ၊ သမဝါယမအသင်းများမှာ အစုရှယ်ယာများပါဝင်လုပ်ကိုင်ခြင်းများအပြင် ကျောက်မျက်တူးဖော်လုပ်ကိုင်နေသည့် လုပ်ကွက်များတွင် ဝန်ထမ်းများအဖြစ် ဝင်ရောက်လုပ်ကိုင်နေကြောင်း၊ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များ မည်သူမဆို ကျောက်မျက်ရတနာတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လျှောက်ထားခွင့်ရှိပြီး မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်များကို စိစစ်ချထားပေးလျက်ရှိကြောင်း၊ တူးဖော်ထုတ်လုပ်ရရှိတဲ့ ကျောက်မျက်ရတနာများကို ရတနာပြပွဲများတွင် တင်ပြရောင်းချလျက်ရှိပြီး ရောင်းချရမှုအပေါ် သတ္တုတွင်းဝန်ကြီးဌာနမှ နိုင်ငံတော်အတွက် အခွန်နှုန်းထားတစ်ရပ် ကောက်ခံရယူလျက်ရှိပါကြောင်း သတ္တုတွင်းဝန်ကြီး ဌာန၏ ဖြေကြားချက်ကိုလည်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဖြေကြားချက်ကိုလည်း တင်ပြလိုပါတယ်။ အမေရိကန်နိုင်ငံသည်လည်းကောင်း၊ မြန်မာနိုင်ငံသည်လည်းကောင်း WTO အဖွဲ့ဝင်နိုင်ငံများဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုဆောင်ရွက်ရာတွင် မြန်မာနိုင်ငံနှင့် တစ်စုံတစ်ရာ ညှိနှိုင်းမှုမပြုဘဲ တစ်ဖက်သတ်ပိတ်ပင်ခဲ့ခြင်းသာဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် WTO နိုင်ငံများဖြစ်သည့်အားလျော်စွာ GATT 1994 Article 1 Most Favoured Nation အရ အဖွဲ့ဝင်နိုင်ငံများသည် တစ်နိုင်ငံသို့အခွင့်အရေးပေးပါက အခြားအဖွဲ့ ဝင်နိုင်ငံများအား တန်းတူအခွင့်အရေးပေးရမည်ဆိုသည့် စည်းမျဉ်းစည်းကမ်းများရှိသဖြင့် အမေရိကန်နိုင်ငံအနေဖြင့် အခြားနိုင်ငံများသို့ ကုန်သွယ်မှုဆောင်ရွက်ခွင့်ပြုထားသော အခွင့်အရေးများတွင် မြန်မာနိုင်ငံအား အခြားနိုင်ငံများနည်းတူ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာထွက်ကုန်များမပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ် အခွင့်အရေး ရရှိစေရန်အတွက် တောင်းဆိုဆောင်ရွက်သင့်

ပါကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဖြေကြားချက်ကိုလည်း တင်ပြအပ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လက်ရှိမှာ မြန်မာနိုင်ငံ၏ ပြောင်းလဲလာသောနိုင်ငံရေး အခြေအနေပေါ်မူတည်၍ နိုင်ငံတကာမှ အသိအမှတ်ပြုအားပေးခြင်း၊ အကူအညီပေးခြင်းများနှင့်အတူ ယခင်ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများကိုလည်း နိုင်ငံအသီးသီးမှ ရုပ်သိမ်းဖြေလျှော့မှုများ ပြုလုပ်ပေးလျက်ရှိပါတယ်။ ပိတ်ဆို့အရေးယူမှုများ ရုပ်သိမ်းဖြေလျှော့ရာမှာ သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေအရ အချို့နိုင်ငံများအနေဖြင့် ချက်ချင်းပယ်ဖျက်နိုင်ခြင်း၊ ယာယီ၊ အလုံးစုံဆိုင်းငံ့နိုင်ခြင်းများရှိသော်လည်း အမေရိကန်ပြည်ထောင်စု ကွန်ဂရက်မှ ချမှတ်ထားသော ဥပဒေများအပြီးတိုင် ဖြေလျှော့ရုပ်သိမ်းရေးမှာ ၎င်း၏လွှတ်တော်က ပြန်လည်ဖြေလျှော့ရုပ်သိမ်းပေးရမည် ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော ပိတ်ဆို့မှုများ အပြီးသတ်ဖယ်ရှားရေးအတွက် ကြိုးပမ်းရာမှာ သက်ဆိုင်ရာ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသာမက ဥပဒေပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ ပညာရှင်များ၊ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ လူမှုအသိုက်အဝန်းများမှ တက်ညီလက်ညီစနစ်တကျဖြင့် ပူးပေါင်းဆောင်ရွက် တောင်းဆိုသွားရန် လိုအပ်ပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ တင်သွင်းတဲ့ အမေရိကန် ပြည်ထောင်စုမှ စီးပွားရေးပိတ်ဆို့မှု (Sanction) များအား ဖြေလျှော့ပေးခဲ့ရာတွင် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာ ထွက်ကုန်များမပါရှိဘဲ ချန်လှပ်ခဲ့ခြင်းအပေါ် လုံးဝပြေလျှော့ပေးရေး အမေရိကန်အစိုးရသို့ တောင်းဆိုပေးသွားပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။ ထောက်ခံ(၁၅၉)၊ ကန့်ကွက်(၃)၊ ကြားနေ(၈)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးလှဆွေရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ၏ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက သတ်မှတ်ထားသော ကြိုးဝိုင်းကြိုးပြင် ကာကွယ်တော အတွင်း ပါဝင်သွားသော လယ်ယာ၊ ခြံမြေ၊ ဥယျာဉ်နှင့် ကျေးရွာများအား ပြန်လည် လုပ်ကိုင်စားသောက် နေထိုင်ခွင့်ပြုပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၅း၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ က ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနက သတ်မှတ်ထားသော ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောအတွင်း ပါဝင်သွားသော လယ်ယာခြံမြေ ဥယျာဉ်နှင့် ကျေးရွာများအား ပြန်လည်လုပ်ကိုင်စားသောက် နေထိုင်ခွင့်ပြုပါ ရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးစောတော်ပလဲ အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၁၄။**

**ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ အားလုံးကို လေးစားစွာ ဂါရဝပြုလျက် မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်

ဦးစောတော်ပလဲ ဖြစ်ပါတယ်။ ကျွန်တော့်ကို အဆို တင်သွင်းခွင့်ပြုတဲ့ ဥက္ကဋ္ဌကြီးကို အထူး ကျေးဇူးတင်ကြောင်း အရင်ဆုံးပြောကြားလိုပါတယ်။

ကျွန်တော် တင်သွင်းလိုသော အဆိုမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာနက သတ်မှတ်ထားသော ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောအတွင်း ပါဝင် သွားသော လယ်ယာခြံမြေ ဥယျာဉ်နှင့် ကျေးရွာများအား ပြန်လည်လုပ်ကိုင်စားသောက် နေထိုင် ခွင့်ပြုပါရန်ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံ အတွင်းဒေသအရပ်ရပ်မှ ယခင်အင်္ဂလိပ်နယ်ချဲ့အစိုးရလက်ထက်မှ ကြိုးဝိုင်းဧရိယာများ သတ်မှတ်ခဲ့ပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက်တွင် တိုးချဲ့သတ်မှတ်ခဲ့ ပါတယ်။ တစ်ဖန် တပ်မတော်အစိုးရလက်ထက်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ နိုင်ငံပြည်သူ့ အကျိုးစီးပွားအတွက် ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများကို ထပ်မံတိုးချဲ့ သတ်မှတ်ခဲ့ပါတယ်။ ဤသို့သတ်မှတ်ခြင်းသည် သင့်လျော်ကောင်းမြတ်လှပါတယ်။ ဒါပေမဲ့ သတ်မှတ်ခဲ့တဲ့ အချိန်မှာ အမှန်တကယ် ကွင်းဆင်းလေ့လာပြီး စနစ်တကျ သတ်မှတ်ခဲ့ခြင်း မဟုတ်ဘဲ မြေပုံပေါ်မှာသာကြည့်ပြီးသတ်မှတ်ခဲ့ခြင်းကြောင့် ကျေးလက်ပြည်သူများ၏ လယ်ယာ၊ ခြံမြေ၊ ဥယျာဉ်များစွာသာမက လူနေကျေးရွာအချို့လည်း ပါဝင်သွားပါတယ်။ ကျွန်တော် နေထိုင်တဲ့ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်ကို အခြေခံပြီးတင်ပြလိုပါတယ်။

ကျေးလက်ပြည်သူများဟာ ယခင်က ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် အသက်မွေး ဝမ်းကျောင်းပြုခဲ့သော်လည်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက်ကတည်းက လူဦးရေ တဖြည်းဖြည်း တိုးပွားလာခြင်း၊ အသိအမြင် ကြွယ်ဝလာပြီး တောင်ယာစနစ်အစား ဖာလာ၊ တညင်း၊ လက်ဖက်၊ ကော်ဖီ၊ ကွမ်းသီး၊ ဒူးရင်း၊ မင်းကွတ်၊ လိုင်ချီး၊ သံပုရာ စသည့် နှစ်ရှည်ပင် ခြံဥယျာဉ်များကို ရွာတိုင်း စိုက်ပျိုးလာကြပါတယ်။ အချို့ပြည်သူများဟာ မြို့နဲ့နီးတဲ့ အတွက်ကြောင့် မြေစာရင်းဦးစီးဌာနမှာ မှတ်ပုံတင်ပြီး အခွန်ဆောင်ကြပေမယ်၊ အချို့ပြည်သူ များဟာ မသိနားမလည်ကြတဲ့အတွက် မြေစာရင်းဦးစီးဌာနမှာ မှတ်ပုံတင်မလုပ်ခဲ့ကြဘူး။ ကရင် ပြည်နယ်၊ သံတောင်ကြီးမြို့နယ်အတွင်း ကြိုးဝိုင်း ကြိုးပြင်ကာကွယ်တော သတ်မှတ်ချက်တွေကို အောက်ပါအတိုင်း တင်ပြလိုပါတယ်။ ကြိုးဝိုင်း(၂)ခုကို ပထမဆုံး ကြိုးဝိုင်းက သံတောင်ကြိုးဝိုင်း အင်္ဂလိပ်လက်ထက်ကတည်းက ၁၈၈၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှာ ဧကပေါင်း(၅၄၅၁.၈၇)၊

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရလက်ထက်မှာ ချောင်းမငယ်ကြိုးဝိုင်း အမိန့်အမှတ်(၁၀၇)၊ ၁၉၈၇ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့မှာ သတ်မှတ်တာဖြစ်ပါတယ်။ အကျယ်အဝန်းက ဧက (၁၄၆၅၇)ဧက ဖြစ်ပါတယ်။

တစ်ဖန် တပ်မတော်အစိုးရလက်ထက်မှာ အမိန့်အမှတ် (၄၉၁)ဖြင့် ၁၉၉၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့မှာ မဲတင်းတိန်ကြိုးဝိုင်းကို ဧက(၃၄၉၉၆)ဧက ထပ်မံသတ်မှတ်ပါတယ်။ စုစုပေါင်း ကြိုးဝိုင်းဧက က (၅၅၁၀၄.၈၇) ဖြစ်ပါတယ်။ သံတောင်မြို့နယ်မှာ ယခင်တုန်းက ကြိုးပြင်ကာကွယ်တောဆိုတာ မရှိပါဘူး။ ကျွန်တော်တို့ ဒီတပ်မတော်အစိုးရလက်ထက်မှပဲ ကြိုးပြင်ကာကွယ်တော (၄)ခု ထက်မံသတ်မှတ်ပါတယ်။ စုစုပေါင်းဧက က (၂၅၉၀၈၀)ဧက စတုရန်းမိုင်အားဖြင့် (၄၀၄.၇၁) ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တစ်မြို့နယ်လုံးမှာ ကြိုးဝိုင်းနဲ့ ကြိုးပြင်ကာကွယ်တော အကျယ်အဝန်းဟာ(၃၁၄၁၈၆.၈၇)ဧက၊ စတုရန်းမိုင်အားဖြင့် (၄၉၀.၉၁) ရှိပါတယ်။ သံတောင်ကြီးမြို့နယ် တစ်မြို့နယ်လုံးရဲ့ ဧရိယာက (၉၀၄၂၅၀)ဧကသာရှိပြီး အချို့နေရာများမှာ တောတောင်များ မြင့်မားပြီး မတ်စောက်လျက်ရှိခြင်း၊ ကျောက်တောင်များ ဖြစ်သည့်အတွက်ကြောင့် စိုက်ပျိုး၍မရပါဘူး။ တစ်ခါ ဟိုမြေ၊ ဒီမြေ ကုမ္ပဏီမြေဆိုပြီး သိမ်းပိုက်ခြင်း၊ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းတို့ကြောင့် ခြံမြေဥယျာဉ်များစွာ ပါဝင်သွားပါတယ်။ မြေစာရင်းဦးစီးဌာနကလည်း ယခင် ဆောင်ထားသော ပြေစာများကို ပယ်ဖျက်လိုက်တဲ့အတွက် ပြည်သူများဟာ ခြံမြေအိမ်ယာမဲ့၊ ဥယျာဉ်မဲ့ ဖြစ်သွားပြီး အထူးစိုးရိမ်ကြောင့်ကျ ဖြစ်နေကြရပါတယ်။

ယခု ပဉ္စမငါးနှစ်စီမံကိန်းမှာလည်း သစ်တောကြိုးဝိုင်းဧရိယာများ ထပ်မံတိုးချဲ့ရန်သတ်မှတ်ထားတဲ့အတွက် ဒီ သတ်မှတ်ထားပြီးတဲ့ ကြိုးပြင်ကာကွယ်တောကနေ ကြိုးဝိုင်းကိုအဆင့်တိုးသတ်မှတ်မယ်ဖြစ်တဲ့အတွက် ကျေးလက်နေပြည်သူများ ပိုပြီးတော့ စိုးရိမ်လျက်ရှိနေကြပါတယ်။ ယခင်တုန်းက စိုက်ပျိုးထားတဲ့ ဖာလာ နဲ့ အခြားသီးနှံဥယျာဉ်ခြံမြေ ဧကပေါင်းများစွာလည်း ပျက်စီးခဲ့ရပြီးဖြစ်ပါတယ်။ ဒေသထွက်သီးနှံများမှာ ဖာလာ၊ ကွမ်းသီးနှင့် နှစ်ရှည်ဥယျာဉ်သီးနှံ မျိုးစုံဖြစ်ပြီး ဖာလာသီးနှံ စိုက်ပျိုးခြင်းကြောင့်လည်း နှစ်စဉ်သစ်တောခွန်ကိုလည်းဆောင်ပေးရပါတယ်။ လူဦးရေတိုးပွားလာခြင်းကြောင့် ကျေးရွာမြေလည်း ကျဉ်းမြောင်းလာနေလို့ သစ်တောဧရိယာ ထပ်မံသတ်မှတ်တဲ့အတွက် လာမယ့်နှစ်(၅၀)လောက်မှာ အသက်မွေးဝမ်းကျောင်း

ပြုမယ့် ခြံမြေနေရာ မရှိတော့မှာနဲ့ နေစရာနေရာတွေ အခက်အခဲ ဖြစ်လာမှာကို အထူးစိုးရိမ်နေကြရပါတယ်။ ကျွန်တော်တို့ မြို့နယ်ဒေသခံများထဲမှာ သူများတွေလို ဟိုမြေနေရာ လျှောက်ပြီးတော့ ပြန်ရောင်းစားတဲ့လူလည်း တစ်ဦးတစ်ယောက်မှ မရှိခဲ့ပါဘူး။ နေပြည်တော်နယ်မြေ အဝေးပြေးလမ်းမကြီးတစ်လျှောက်မှာ အချို့သောသူများအဖို့ ဟိုတစ်ကွက် ဒီတစ်ကွက် နှမ်းနည်းနည်းနဲ့ ပက်ကျဲပြီး သစ်တောဧရိယာကို အပိုင်စီးပြီး တစ်ဧက လေးသိန်း၊ ငါးသိန်းနဲ့ ပြန်ရောင်းစားနေကြတာ ကြားသိရပါတယ်။ အချို့ဆိုရင် သစ်တောဧက (၁၅၀)ကို အပိုင်စီးပြီး (၅)ဧကလောက် နံ့သာဖြူပင်စိုက်၊ သစ်တောကို ဒဏ်ကြေးတစ်ဧက ဘယ်လောက်ဆိုပြီး ပြောကြတာ ကြားသိရပါတယ်။ ကျွန်တော့်မြို့နယ်လို ကြိုးဝိုင်းကြိုးပြင် ကာကွယ်တော သတ်မှတ်ရာမှာ လယ်ယာခြံမြေဥယျာဉ်၊ လူနေအိမ် ကျေးရွာများစွာ ပါဝင်သွားတာမျိုး ကျွန်တော်တို့နိုင်ငံအတွင်း တခြားမြို့နယ်ပေါင်းများစွာမှာလည်း ဖြစ်နေကြောင်း ကြားသိရပါတယ်။

ထို့ကြောင့် နောင်အနှစ်(၅၀)၊ နှစ်(၁၀၀)ထိ တိုးပွားလာမယ့် လူဦးရေကို မျှော်မှန်း၍ သော်လည်းကောင်း၊ ကျေးလက်ပြည်သူများ နစ်နာဆုံးရှုံးမှုကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရန်အတွက်သော်လည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက မြို့နယ်တိုင်းမှာ သတ်မှတ်ထားတဲ့ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောအတွင်း ပါဝင်သွားသော လယ်ယာခြံမြေဥယျာဉ်နဲ့ ကျေးရွာများအား ကွင်းဆင်းလေ့လာစိစစ်ပြီး နစ်နာခဲ့သော ကျေးလက်ပြည်သူများအား ပြန်လည်လုပ်ကိုင်စားသောက်နေထိုင်ခွင့်ပြုပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၂၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆောင်ရွက်ဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၅း၂၀။**

**ဦးတင်မြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ တင်သွင်းသွားသော အဆိုကို အမျိုးသားလွှတ်တော်တွင် လက်ခံဆွေးနွေးရန် သင့်ပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅း၂၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစောတော်ပလဲ တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက သတ်မှတ်ထားသော ကြိုးဝိုင်း ကြိုးပြင် ကာကွယ်တောအတွင်း ပါဝင်သွားသော လယ်ယာမြေ ဥယျာဉ်နှင့် ကျေးရွာများအား ပြန်လည် လုပ်ကိုင်စားသောက်နေထိုင်ခွင့်ပြုပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးစောတော်ပလဲ ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဦးစောတော်ပလဲ တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၂)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၃)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၅း၂၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၂၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၂၃)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ မတ်လ ၇ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၂၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစည်းအဝေးကို ၁၅း၂၄ နာရီအချိန်တွင် ရပ်နားပါသည်။]